# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၉၃)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

၂၀၁၅ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ စနေနေ့။


**သုဘာသိတာ ၈ ယာ ဝါစာ မင်္ဂလာ**

မှန်ကန်၍ အကျိုးရှိသော စကားကို ချိုသာစွာ ပြောဆိုခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကာတာနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

စာမျက်နှာ-၈

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

စာမျက်နှာ-၉

# ပါတီအရေး၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းအရေးထက်

# အမျိုးသားရေးကို ဦးစားပေးကြရမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်း၊ စာမျက်နှာ-၃) (သတင်းစဉ်)

**"ဒီမိုကရေစီနိုင်ငံသစ်ကို အစပျိုးထူထောင်ရာတွင် မိမိတို့၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံးပါဝင်ပြီး မိမိတို့၏အတွေ့အကြုံ၊ မိမိတို့၏ သဘောထား၊ မိမိတို့၏အမြင်များဖြင့် အားလုံးပေါင်းစပ်ပါဝင်ဆောင်ရွက်"**




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တူညီသောပန်းတိုင်သို့ လက်တွဲချီတက်ကြပါစို့

ကျွန်ုပ်တို့နိုင်ငံတွင် သမိုင်းတွင်မည့် အထွေထွေရွေးကောက်ပွဲကြီးကို ယခုနှစ်အတွင်း ကျင်းပသွားရန် စီစဉ်လျက်ရှိပါသည်။ အထွေထွေရွေးကောက်ပွဲများသည် နိုင်ငံရေးပါတီများအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ရွေးကောက်ပွဲအဖြစ် သမိုင်းဝင်ဖြစ်လာရန် မျှော်မှန်းထားပါသည်။ ရွေးကောက်ပွဲများကို ပွင့်လင်းလွတ်လပ်ပြီး မျှတသည့် ရွေးကောက်ပွဲများဖြစ်လာရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိပါသည်။

ဤသို့ ပွင့်လင်းပြီး မျှတသောရွေးကောက်ပွဲများဖြစ်လာရန် ကြိုးပမ်းနေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (NCA) မူကြမ်းကို အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရန် စီစဉ်လျက်ရှိပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များသည် တိုက်ရိုက်ဆက်စပ်လျက်ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က မေ ၈ ရက်တွင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးစဉ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (NCA) ကို အပြီးသတ်လက်မှတ်ရေးထိုးရန် အလျင်အမြန်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နောက်တစ်ဆင့် တက်လှမ်းရမည့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများမှာ Stakeholders များအားလုံးသည် မိမိတို့ကိုယ်စားပြုအတိုင်း ပါဝင်ဆွေးနွေးခွင့်ရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲများမတိုင်မီတွင် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်လည်း အရေးကြီးပါကြောင်း၊ သို့မှသာ မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအစမှနေ၍ ပြန်စရန်မလိုဘဲ အပစ်အခတ်ရပ်စဲရေးမှ ရှေ့ဆက်သွားရမည့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုကိုကိုင်ပြီး ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ NCA ကို အောင်မြင်စွာအပြီးသတ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းပေးကြပါဟု တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ရွေးကောက်ပွဲများမတိုင်မီ နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရမည်ဖြစ်ပါသည်။ ဤသို့ ဆွေးနွေးပွဲများ တက်လှမ်းနိုင်ရန် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမူကြမ်းကို အပြီးသတ် လက်မှတ်ရေးထိုးရန် လိုအပ်လျက်ရှိပါသည်။ လက်မှတ်ရေးထိုးပြီးသည်နှင့် နိုင်ငံရေးဆွေးနွေးပွဲများသို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ယမန်နေ့ကလည်း လွှတ်တော်မှ အရေးကြီးအဆိုတင်သွင်းခဲ့သည့် ပုဂ္ဂိုလ် (၆) ဦး တွေ့ဆုံဆွေးနွေးပွဲကိုလည်း စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည် ။ သို့ပါ၍ ဒီမိုကရေစီပန်းတိုင်သို့ ချီတက်ကြရာတွင်မတူကွဲပြားမှုရှိစေကာမူ တူညီသောရည်မှန်းချက်ဖြင့် ပန်းတိုင်အရောက်လက်တွဲချီတက်ကြရမည်ဖြစ်ပါကြောင်း။ ။

## စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

# ကျန်းမာရေးစနစ်ကို ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စနစ်တကျ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ နှီးနွှယ်ဝန်ကြီးဌာနများ၊ နှီးနွှယ်နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များဖြင့် ပူးပေါင်းဖွဲ့စည်းထားသည့် မြန်မာနိုင်ငံကျန်းမာရေးစနစ်ဖွံ့ဖြိုးမှု ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ (Health System Strengthening Technical and Strategy Group) (HSS -TSG) တတိယအကြိမ် အစည်းအဝေးကို မေ ၇ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ကျန်းမာရေးစနစ် ဖွံ့ဖြိုးမှု ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့နာယက ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးစနစ်ကို ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများကို နိုင်ငံမှ ဦးဆောင်သော စနစ်ကျသော နည်းဗျူဟာများဖြင့် ကျန်းမာရေးဝန်ကြီးဌာနကို နည်းစနစ်ပိုင်းဆိုင်ရာ သွင်းအားများပေးနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကျန်းမာရေးစနစ်ဖွံ့ဖြိုးမှု ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၏ အင်အားကို အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍများနှင့် ပြည်သူလူထုအပါအဝင် နှီးနွှယ်ပတ်သက်သူများအားလုံးကို ပါဝင်စေကာ လုပ်ငန်းများအကြား လိုအပ်ချက်များ၊ ကွာဟချက်များကို ပူးပေါင်းညှိနှိုင်းဖြေရှင်းခြင်း၊ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်ဆောင်ရွက်နိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားပြီး စုစည်းဆောင်ရွက်နိုင်မည့် နည်းစနစ်ကိုထူထောင်ခြင်း (Coordination Mechanism) နှင့် ပတ်သက်၍ ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်းက မြို့နယ်အဆင့် ကျန်းမာရေးစီမံကိန်းရေးဆွဲခြင်း (Township Health Micro-plan) နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်က ကျန်းမာရေးစနစ်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း Human Resource for Health Plan နှင့်ပတ်သတ်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော HSS-TSG အဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ကျန်းမာရေးစနစ်ဖွံ့ဖြိုးမှု ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့(HSS-TSG)အနေဖြင့် ကျန်းမာရေးစနစ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြို့နယ်ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျွဲလည်ပင်းကျေးရွာ၌ ဆိုလာလျှပ်စစ်မီးလင်း




**တပ်ကုန်း မေ ၁၀**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျောက်စရစ်ကုန်း ကျေးရွာအုပ်စု ကျွဲလည်ပင်းကျေးရွာ ဆိုလာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲ အခမ်းအနားကို မေ ၈ ရက် ညနေ ၅ နာရီက အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျင်းပသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တပ်ကုန်း၌ ကျေးလက်လမ်း တစ်လမ်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၁၁ခု ကျေးလက် မီးလင်းရေးအတွက် ဆိုလာလျှပ်စစ်မီးဖြင့် ကျေးရွာလေးရွာကို စုစုပေါင်း ကုန်ကျငွေကျပ် ၂၇၂ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ကျွဲလည်ပင်းကျေးရွာ မီးလင်းရေးအတွက် တစ်အိမ်ထောင်စုသုံး ဆိုလာအစုံ ၂၂၀ ကို ကုန်ကျငွေကျပ် ၄၄ သန်းဖြင့် ငွေကျားတိုက်ကုမ္ပဏီကို လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့ပြီး တစ်အိမ်ထောင်စုအတွက် ဆိုလာမီးတစ်စုံတွင် အစုံ ၈၀ ဝပ် ဆိုလာပြားတစ်ချပ် ဘက်ထရီအိုးတစ်လုံး၊ ၃၀၀ ဝပ် အင်ဗာတာနှင့် ကွန်ထရိုလာတစ်ခု၊ LED မီးသီးနှစ်လုံး၊ မီးချောင်းတစ်ချောင်းတို့ကို ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဆိုလာမီးလင်းရေးလုပ်ငန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြ၍ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ဆိုလာမီးလင်းရေးဆိုင်ရာ အချက်အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ကာ ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**ကိုမျိုး (ရွှေပေါက်ကံ)၊ ဓာတ်ပုံ-မေမိုးသဲ**

# ထောက်ပံ့ပစ္စည်းများပေးအပ်

**ရွှေကူ မေ ၁၀**

ကချင်ပြည်နယ် မြို့လှမြို့ မင်းကျောင်းကုန်းကျေးရွာတွင် မေ ၅ ရက် ည ၁၀ နာရီခွဲက လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အခြေခံပညာမူလတန်း(လွန်)ကျောင်းဆောင်တွင် မိုးထားသောသွပ်များ ကွာတ်ထွက်ခြင်း၊ ခေါင်မိုးများပျက်စီးသွားခဲ့သဖြင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို မေ ၉ ရက် နံနက် ၁၁ နာရီက ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်နှင့် တာဝန်ရှိသူများက ငွေကျပ်သုံးသိန်းလေးသောင်းတန်ဖိုးရှိ ရှစ်ပေသွပ်အချပ် ၁၀၀ နှင့် နှစ်လက်မခွဲ သွပ်မိုးသံရှစ်ပိဿာတို့ကို မင်းကျောင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြု ကော်မတီဥက္ကဋ္ဌတို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၂၇ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၀၅၀-၁၄၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၈၂၅ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၉၀-၈၆၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၇၀၀ |
| သကြား | တစ်ပိဿာ | ၈၇၀-၉၀၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇေ့ငတင်ပြသည်။**

ပြည်တွင်းသတင်း

# ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရာ၌ မိမိတို့၏သဘောထား၊ အမြင်များဖြင့် အားလုံးပေါင်းစပ်ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၀

**နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဌေးဝါခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်တို့ တက်ရောက်သည့် တွေ့ဆုံဆွေးနွေးပွဲကိုကျင်းပသည်။**




**နိုင်ငံတော် သမ္မတ ဦးသိန်းစိန်။**



**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်။**

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲသည် လွှတ်တော်မှ အရေးကြီးအဆို တင်သွင်းပြီးတက်ရောက်လာကြသည့် ပုဂ္ဂိုလ်ခြောက်ဦး တွေ့ဆုံရန် တိုက်တွန်းခဲ့သည့်အတွက် တွေ့ဆုံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားလှယ်များနှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲများကို ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ခဲ့ပါကြောင်း။

ယင်းသို့ ပြုလုပ်ရခြင်း၏အကြောင်းရင်းမှာယခုကဲ့သို့ ဒီမိုကရေစီနိုင်ငံသစ်ကို အစပျိုး ထူထောင်ရာတွင် ဒီမိုကရေစီအတွေ့အကြုံ၊ ဒီမိုကရေစီအလေ့အကျင့်များ



**အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ အေးမောင်။**

နည်းပါးသေးသည့်အတွက် မိမိတို့၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံးပါဝင်ပြီး မိမိတို့၏အတွေ့အကြုံ၊ မိမိတို့၏ သဘောထား၊ မိမိတို့၏ အမြင်များဖြင့် အားလုံးပေါင်းစပ်ပါဝင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း။

အများနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် အများလက်ခံ




**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း။**

နိုင်သည့် အမျိုးသားရေး ရည်မှန်းချက်များဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၁၅ ခုနှစ်တွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ပြုလုပ်နိုင်ရေးတို့ကို ဦးစားပေးဆွေးနွေးခဲ့ပါကြောင်း။

ဤကိစ္စများသည်လက်ရှိမိမိတို့ နိုင်ငံအတွက် မရှိမဖြစ်၊ မလုပ်မဖြစ်သည့် လိုအပ်ချက်များဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ ဦးစားပေးဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်များလည်း ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့စဉ်းစားကြသည့်အခါ ပါတီအရေး၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းအရေးထက် အမျိုးသားရေးကို ဦးစားပေးကြရမည်ဖြစ်ပါကြောင်း၊ အကြောင်းအရာတစ်ခုတည်းအပေါ်တွင် မစဉ်းစားဘဲဘက်ပေါင်းစုံမှ၊ ထောင့်ပေါင်းစုံမှ စဉ်းစားမှသာ မှန်ကန်သည့် သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်တို့က ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်က ဆွေးနွေးပွဲတွင် နောင်ဆွေးနွေးပွဲများ




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်။**

၌ ဆောင်ရွက်ရမည့် ဆွေးနွေးမှု မူဘောင်၊ ဆွေးနွေးပွဲပုံစံ၊ ဆွေးနွေးပွဲများ ပြန်လည်ကျင်းပမည့်အချိန်များနှင့် ပတ်သက်ပြီးသဘောတူညီမှု ရရှိခဲ့ကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူအားလုံးက ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် လွတ်လပ်ပွင့်လင်းစွာဆွေးနွေးသဘောတူ



**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်။**

ညီချက်ရရှိခဲ့သည့်အတွက် အောင်မြင်သော ဆွေးနွေးပွဲဖြစ်ကြောင်း၊ နောင်တစ်ကြိမ်ဆွေးနွေးမှုကို လွှတ်တော်အစည်းအဝေးများ ပြန်လည်ကျင်းပချိန်တွင် အားလုံးညှိနှိုင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းမီဒီယာများကို ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာအစည်းအဝေးကျင်းပ

**ရန်ကုန် ဧပြီ ၁၀**

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ကာလတွင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ယနေ့မွန်းလွဲ ၁နာရီတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်း၊ ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မဏ္ဍပ်ဆောက်လုပ်သူများနှင့် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ကာလအတွင်းစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ကော်မတီအသီးသီးဖြင့် ကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုများ၊ စည်းကမ်းလိုက်နာမှု မရှိသူများအား ထုတ်ပြန်ထားသော ဥပဒေများအတိုင်းထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် အရက်သေစာ လိုင်စင်မဲ့ရောင်းချနေမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည့် အစီအစဉ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့ပြင် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော တာဝန်ရှိသူများ၊ မဏ္ဍပ်တာဝန်ခံများ၊ ပုဂ္ဂလိက လုံခြုံရေးတာဝန်ယူဆောင်ရွက်သူများနှင့် တာဝန်သိ ပြည်သူများ၏ သတင်းပေး ပူးပေါင်း ပါဝင်မှုများဖြင့် မြန်မာ့ရိုးရာအတာ သင်္ကြန်အောင်မြင်စွာကျင်းပနိုင်ရေးဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ပျော်ဘွယ်-နတ်မောက် RBE ဧပြီ ၁၇ ရက် ပြန်လည်ပြေးဆွဲမည်

**နတ်မောက် ဧပြီ ၁၀**

ပျော်ဘွယ်-နတ်မောက် RBE ရထားသည် သင်္ကြန်ကာလဧပြီ ၁၄ ရက်တွင် ရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၇ ရက်တွင် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း နတ်မောက်ဘူတာသစ်ရုံပိုင်ကြီးထံမှ သိရသည်။

ပျော်ဘွယ်-နတ်မော် RBE ရထားကို ပျော်ဘွယ်မှနံနက် ၅ နာရီထွက်ခွာပြီး နတ်မောက်ဘူတာသစ်သို့ နံနက် ၁၀ နာရီခန့်တွင် ရောက်ရှိကာ နတ်မောက်မှ မွန်းလွဲ ၁နာရီ မိနစ် ၂၀ ခန့်တွင် ပြန်လည်ထွက်ခွာ၍ ပျော်ဘွယ်မြို့သို့ ညနေ ၅ နာရီခန့်တွင် ရောက်ရှိကြောင်း၊ RBE ရထားဖြင့် ခရီးသည်များလိုက်ပါစီးနင်းမှု အားကောင်းကြောင်းနှင့် နတ်မောက်မြို့နယ်မှလိုက်ပါစီးနင်းကြသည့် ခရီးသည် နေ့စဉ်ပျမ်းမျှ ၂၅၀ ဝန်းကျင်ခန့်ရှိသည်။ **ဇင်ဝေယံလင်း(နတ်မောက်)**

ပြည်တွင်းသတင်း

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစု ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာကျင်းပ

**နေပြည်တော် ဧပြီ ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊လေ)မိသားစုတတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်အောင်ပွဲ မင်္ဂလာကုသိုလ်တော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင်တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှအမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမရှေ့ဉပစာ၌ မန္တလေးမြို့ မဟာဝိဇိတာရုံ ကျောင်းတိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ အမှူးပြုသော သံဃာတော် ၁၈ ပါးနှင့် ဒုလ္လဘရဟန်း ၂၉၄ ပါးအား သိမ်ဆင်းအလှူတော်အဖြစ် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ရှင်သာမဏေ ၃၉ ပါးကိုလည်း လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ မန္တလေးမြို့ မဟာဝိဇိတာရုံဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသအမှူးပြုသော သံဃာတော် ၁၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှအမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က မဟာဝိဇိတာရုံဆရာတော်ကြီးထံမှ ငါးပါး သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ပရိသတ်များက ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ **(အပေါ်ယာပုံ)** ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မင်္ဂလာဇေယျာပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော်ထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ **(မြဝတီ)**



# အကြောင်းအမျိုးမျိုးကြောင့် မြေယာလျော်ကြေးထောက်ပံ့ကြေးထုတ်ယူရန် ကျန်ရှိသူများ လာရောက်ထုတ်ယူနိုင်ရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၁၀

**လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီအရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံတော်အနေဖြင့် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စံနှုန်းများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်သည့်ကော်မတီဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များပူးပေါင်း၍ မူလတာဝန်များအပြင် နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် ကြေးနီစီမံကိန်းအား ဘက်စုံ ထောင့်စုံမှ စနစ်တကျစီမံဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း။**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည်နှင့်အညီ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတကာ အဖွဲ့အစည်းများအပါအဝင် ဒေသနေ ပြည်သူများနှင့်ပါ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များကို အလေးထားလိုက်နာလျက် ဒေသဖွံ့ဖြိုးမှုကို အမှန်တကယ် ပြည့်ပြည့်ဝဝရရှိအောင် အစီအမံများ ချမှတ်၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း။



ကော်မရှင်၏ အစီအရင်ခံစာပါ အကြံပြုချက် ၄၂ ချက်အပေါ် ကော်မတီအနေဖြင့် ၃၇ ချက်ကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၁၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဟုဆိုနိုင်ကြောင်း၊ ကျန်ငါးချက်မှာ စီမံကိန်းထုတ်လုပ်မှုကာလတစ်လျှောက်လုံး Monitoring and Evalations Process ဖြင့် စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ မြေယာလျော်ကြေးနှင့် ထောက်ပံ့ကြေးထုတ်ယူရန် ကျန်သူများအား ထုတ်ပေးနိုင်ရေးနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းများသာ ကျန်ရှိပါတော့ကြောင်း။

အဆိုပါ လုပ်ငန်းများမှာ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ်ကာလတစ်လျှောက်လုံး စောင့်ကြည့်ကြပ်မတ်သွားရမည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပူးပေါင်းခန့်ခွဲမှုကော်မတီ (Joint Management Committee-JMC) ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊

JMC အနေဖြင့် စီမံကိန်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုဆန်းစစ်ခြင်း (ESIA) အပြီးသတ် အစီရင်ခံစာပါ ဖော်ပြချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး၊ စီမံကိန်းထုတ်လုပ်မှု ကာလတစ်လျှောက်လုံး စောင့်ကြပ်ကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သဘာဝပတ်ဝန်းကျင် ဆိုင်ရာ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်များကို သတ်မှတ်ကာလအတွင်း ရရှိရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာများတွင် အမှန်တကယ် လိုအပ်သည့်လုပ်ငန်းများကို CSD ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ လက်တွေ့ကျကျ ဆောင်ရွက်ပေးသွားစေလိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မြေယာလျော်ကြေး၊ ထောက်ပံ့ကြေးထုတ်ယူရန် ကျန်ရှိသူများကိုလည်း စည်းရုံးခြင်း၊ ဆွေးနွေးခြင်းနည်းလမ်းများဖြင့် လာရောက်ထုတ်ယူနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက Video Conferencing စနစ်ဖြင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဒေသအတွင်း မြေလွတ်၊ မြေရိုင်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့မှု၊ မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးနှင့် ထောက်ပံ့ကြေးများ ထုတ်ပေးနိုင်ခဲ့မှုများ၊ စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေရရှိရေးနှင့် စီမံကိန်းဒေသအတွင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး စီမံကိန်းပတ်ဝန်းကျင်ဒေသရှိ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း ပတ်ဝန်းကျင်ဒေသရှိ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် ဒေသခံပြည်သူများ၏ သဘောထားဆန္ဒများအတိုင်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့်အခြေအနေအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စီမံကိန်းနယ်မြေအတွင်းရှိ သာသနိကအဆောက်အအုံများ၊ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လက်ပံတောင်းတောင် ကြေးနီစီမံကိန်း သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်း ပူးပေါင်းစီမံခန့်ခွဲမှု ကော်မတီ (JMC) ဥက္ကဋ္ဌ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက JMC အနေဖြင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ကောင်းမွန်သည့် အုပ်ချုပ်မှုအစီအမံများ ချမှတ်ပြီး စီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိမ်းဆည်းမြေယာ စိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းပြီး မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့သည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

သွားရောက်ကစားမည်ဖြစ်သည်။

ဒုတိယအဆင့် ခြေစစ်ပွဲကို အသင်းပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်း ရှစ်အုပ်စုခွဲကာ ကျင်းပမည်ဖြစ်သည်။

ယခုအသင်းတွင် အာရှထိပ်သီးအသင်းများလည်း ပါဝင်လာမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စုခွဲဝေရန် ဦးစားပေးအဆင့်(၄)တွင် သတ်မှတ်ခံထားရသည်။ ခြေစစ်ပွဲအုပ်စုများ ခွဲဝေရန်အတွက် ဦးစားပေးအဆင့်များ သတ်မှတ်ရာတွင် ဦးစားပေးအဆင့်(၁)၌ အီရန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ယူအေအီး၊ ဥဇဘတ်ကစ္စတန်၊ တရုတ်၊ အီရတ်၊ အဆင့်(၂)၌ ဆော်ဒီ၊ အိုမန်၊ ကာတာ၊ ဂျော်ဒန်၊ ဘာရိန်း၊ ဗီယက်နမ်၊ ကူဝိတ်၊ ဆီးရီးယား၊ အဆင့်(၃)၌ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်၊ ပါလက်စတိုင်း၊ မော်ဒိုက်၊ ထိုင်း၊ တာဂျစ်ကစ္စတန်၊ လက်ဘနွန်၊ အိန္ဒိယ၊ အဆင့်(၄)၌ မြန်မာ၊ တီမော၊ ကာဂျစ္စတန်၊ မြောက်ကိုရီးယား၊ အင်ဒိုနီးရှား၊ တာ့စ်မင်နစ္စတန်၊ စင်ကာပူ၊ ဘူတန်၊ အဆင့်(၅)တွင် မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ ယီမင်၊ ဂူအမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် တရုတ်(တိုင်ပေ)တို့ပါဝင်နေသည်။

တွေ့ဆုံမေးမြန်း

# အထူးစီးပွားရေးဇုန်တွေအားလုံးထဲမှာမှ သီလဝါက ရှေ့ကနေဦးဆောင်ပြီးသွားနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့အမှားခံလို့မရပါဘူး

## ဦးဆက်အောင်

ရန်ကုန်မြို့မှ ကီလိုမီတာ နှစ်ဆယ်သာကွာဝေးသော သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအား မြန်မာပြည်တွင်း ဈေးကွက်တွင် အကြီးမားဆုံးကုန်ထုတ်ဒေသကြီး ဖြစ်လာနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်သည် နိုင်ငံတော်အစိုးရ၏ ပထမဦးစားပေး စီမံကိန်းများအနက်မှ အရေးကြီးဆုံးစီမံကိန်းတစ်ခု ဖြစ်လာသည်။ သီလဝါစီမံကိန်း၏အောင်မြင်မှုသည် ဆက်လက်အကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန်များအပေါ် အကျိုးသက်ရောက်မည်ဖြစ်သည်။ ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအား နိုင်ငံတကာစံနှုန်းမီမှုဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ပေါ်ပေါက်လာစေရန် ကြိုးပမ်းလျက်ရှိနေသည့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်အား မြန်မာ့သတင်းစဉ် (ပြည်တွင်း) က သီလဝါ၌ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

**ဦးဆက်အောင် (ဥက္ကဋ္ဌ)**
**သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ**

**မေး ။ မြန်မာနိုင်ငံမှာ အထူးစီးပွားရေးဇုန်တွေကို ဘာကြောင့် တည်ထောင်ရတယ်ဆိုတာနဲ့ သီလဝါ အထူးစီးပွားရေးဇုန် တည်ထောင်ရတဲ့အချက်ကို သိချင်ပါတယ်။**

ဖြေ ။ ဒုတိယသမ္မတ ဦးညဏ်ထွန်းပြောခဲ့သလို အထူးစီးပွားရေးဇုန်တွေက အထူးဖြစ်ရမယ်ပေါ့။ ဒါက ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ထဲမှာ ပါပါတယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံတော်တော်များများအတွက် အဖွံ့ဖြိုးဆုံးနိုင်ငံတွေရဲ့ စီးပွားရေးမူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ ကန့်သတ်ချက်တွေ တော်တော်များများရှိတာကို တွေ့ရပါတယ်။ ဒါက ကျွန်တော်တို့မြန်မာနိုင်ငံမှ မဟုတ်ပါဘူး။ နိုင်ငံတော်တော်များများက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဲသလို ကန့်သတ်ချက်တွေ၊ တားမြစ်ချက်တွေနဲ့စီးပွားရေး ပေါ်လစီတွေရှိပါတယ်။ ဒီတော့ နိုင်ငံတကာ ထုံးစံအတိုင်း ချက်ချင်းပြောင်းလဲဖို့ကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် မလွယ်လှပါဘူး။ မူဝါဒတစ်ခုနဲ့ တစ်ခု အပြောင်းအလဲမှာ အကျိုးအပြစ်တွေ၊ အကောင်းအဆိုး အကျိုးသက်ရောက်မှုတွေ ဘယ်လိုရှိမလဲဆိုပြီး ချင့်ချိန်ရတဲ့အခါမှာ အချိန်ကြန့်ကြာတာတွေတော့ရှိပါတယ်။ နိုင်ငံတကာအတိုင်းအတာနဲ့ စီးပွားရေးမူဝါဒတွေကို တစ်နိုင်ငံလုံး ပြောင်းလဲပစ်ဖို့ မလွယ်ကူတဲ့အချိန်မှာ ဒီလိုအထူးစီးပွားရေးဇုန်ဆိုတဲ့ နေရာတစ်ခုကို ဖန်တီးပြီးတော့ မူဝါဒတွေကို နိုင်ငံတကာ ထုံးစံနဲ့အညီ ကန့်သတ်ချက်တွေ တားမြစ်ချက်တွေမထားဘဲ လုပ်တာမျိုးကိုဆိုလိုပါတယ်။ အဲလိုလုပ်ခြင်းအားဖြင့် အထူးစီးပွားရေးဇုန်တွေက အထူးဖြစ်သွားတာပေါ့။ ဒီလို စီးပွားရေးဇုန်တွေ အထူးဖြစ်သွားမှသာ ကောင်းမွန်တဲ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ကျွန်တော်တို့ တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်လာမှလည်း နိုင်ငံတကာရင်းနှီးမြှုပ်နှံတဲ့သူတွေ၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံတဲ့သူတွေ ရောက်လာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးမယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကြီးကြီးတွေကလာတာ ဖြစ်တဲ့အတွက် အရည်အသွေးရှိတဲ့ အလုပ်ကိုင်တွေ ပေါ်ပေါက်လာမယ်။ ဒီအလုပ်တွေကနေတစ်ဆင့် နည်းပညာပြန့်ပွားမှုတွေဖြစ်လာမယ်။ ပိုပြီးတော့ထိရောက်မှုရှိတာက နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေက ပြည်တွင်းဝန်ထမ်းတွေကို နည်းပညာဖြန့်ဖြူးပေးတာက ပိုပြီးတော့ထိရောက်ပြီး နက်နက်ရှိုင်းရှိုင်းရှိတယ်။ ပြည်တွင်းအလုပ်သမားတွေဟာ နိုင်ငံတကာက လာရောက်ရင်းနှီးမြှုပ်နှံသူတွေရဲ့ စက်ရုံအလုပ်ရုံတွေမှာ လုပ်ကိုင်လာခဲ့ပြီး နောင်တစ်ချိန်ကျရင်တော့ သူတို့ကိုယ်တိုင် လုပ်ငန်းတည်ထောင်နိုင်ခဲ့တဲ့ သာဓကတွေ အများကြီးရှိပါတယ်။

**မေး ။ အထူးစီးပွားရေးဇုန်အတွက် ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ဘယ်လိုစံနှုန်းတွေနဲ့ စိစစ်ပြီး ရွေးချယ်ပါလဲ။**

ဖြေ ။ အဓိကကတော့ အထူးစီးပွားရေးဇုန်ဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ များများပေါ်ထွက်ရမယ်။ ရင်းနှီးမြှုပ်နှံမှုတွေလည်း များများစားစားလာရမယ်။ နိုင်ငံခြားကို ကုန်ပစ္စည်းတွေ တင်ပို့နိုင်ရမယ်။ နည်းပညာပိုင်းဆိုရင်လည်း မြန်မာနိုင်ငံမှာသိပ်မရှိသေးတဲ့ နည်းပညာမျိုး၊ ထုတ်လုပ်မှုဆိုလည်း မြန်မာနိုင်ငံအတွက်လိုအပ်တဲ့ ထုတ်လုပ်မှုမျိုးဖြစ်ရမယ်။ အဲဒီလိုအခြေခံအချက်တွေထားပြီး စံချိန်စံနှုန်း ကိုက်ညီမှုရှိမရှိကို ကွန်ပျူတာနဲ့အကဲဖြတ်တာတွေ အရင်လုပ်ပါတယ်။ ပြီးရင်တော့ အမှတ်တစ်ခု သတ်မှတ်ပါတယ်။ အလုပ်သမားဘယ်နှယောက်ခန့်မှာလဲ၊ ဘယ်လောက်ရင်းနှီးမြှုပ်နှံမှာလဲ၊ ဘယ်လိုပစ္စည်းတွေ ထုတ်မှာလဲ၊ လာရင်းနှီးမြှုပ်နှံသူတွေက နိုင်ငံတကာမှာ ဘယ်လောက်အထိနာမည်ရသလဲ၊ သူကတင်ပို့မှုကို ဘယ်လောက် လုပ်နိုင်မလဲဆိုတာကို ကွန်ပျူတာထဲမှာ ထည့်သွင်းလိုက်တာနဲ့ ကွန်ပျူတာက အမှတ်တွေကို အလိုအလျောက် တွက်ချက်ပေးပါတယ်။ ကျွန်တော်တို့ ရည်မှန်းထားတဲ့ အမှတ်ကျော်ပြီဆိုရင်



ဦးဆက်အောင် (ဥက္ကဋ္ဌ) သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ

လက်ခံပါတယ်။

တကယ်လို့ မပြည့်မီဘဲ ရည်မှန်းထားတဲ့အမှတ်နားကပ်နေရင် အရည်အသွေးပိုင်းဆိုင်ရာ အချက်လက်တွေကို ပြန်ကြည့်တယ်။ ဒီစက်ရုံအလုပ်ရုံက လက်ရှိရင်းနှီးမြှုပ်နှံဖို့ ခွင့်ပြုမိန့်ပေးထားပြီးတဲ့ စက်ရုံအလုပ်ရုံတွေနဲ့ ဘယ်လောက်အထိ လိုက်လျောညီထွေရှိမလဲ။ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးကဏ္ဍကို သူထုတ်လာမယ့် ပစ္စည်းက ဘယ်လောက်အထိ ကောင်းကျိုးဖြစ်စေမလဲ။ ဥပမာ. . တချို့စီးပွားရေးကဏ္ဍတွေမှာ ဒီလိုပစ္စည်းမျိုးကို ဘယ်လိုမှမရနိုင်ဘဲနဲ့ တခြားနိုင်ငံက မှာယူမှ ရနိုင်မယ့် ပစ္စည်းတွေရှိတယ်။ ဆောက်လုပ်ရေး ကဏ္ဍမှာလည်း အဆောက်အအုံအကြီးကြီးတွေ၊ တံတားကြီးတွေ ဆောက်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ဘယ်လိုမှ မှာလို့မရဘဲနဲ့ နိုင်ငံခြားက မှာယူနေရတာတွေ ရှိတယ်။ အဲဒါမျိုးတွေကို မြန်မာနိုင်ငံမှာထုတ်မယ်ဆိုရင် နိုင်ငံခြားက မှာယူစရာမလိုတော့ဘူး။ ကျွန်တော်တို့ဆီမှာရှိတဲ့ စီးပွားရေးကဏ္ဍတွေ ဘယ်လောက်တိုးတက်မလဲ ဒါမျိုးတွေကိုလည်း ကြည့်ပြီးလက်ခံသင့်တယ်ထင်ရင် လိုအပ်ချက်တွေ ပြန်လည်ပြင်ဆင်ခိုင်းပြီး လက်ခံတယ်။

**မေး ။ သီလဝါမှာ လုပ်ကိုင်ဖို့အတွက် ကုမ္ပဏီတွေက ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်ရဖို့ ဘယ်လိုတွေ ဆောင်ရွက်ရသလဲ။**

ဖြေ ။ ပထမဆုံးရင်းနှီးမြှုပ်နှံမှု လုပ်မယ့်သူတွေက Reservation agreement ထိုးရပါတယ်။ သူတို့ရဲ့ စက်ရုံအလုပ်ရုံမြေနေရာကို ကျွန်တော်တို့က လွတ်တဲ့နေရာကိုကြည့်ပြီးတော့ ဘယ်နေရာမှာလုပ်မလဲ။ ဘယ်လောက်အထိ အကွက်ကို လိုမလဲ။ မြေနေရာ ဘယ်လောက်လိုမလဲ။ သူတို့လိုအပ်တဲ့ မြေနေရာကလည်း အမှန်တကယ် လိုအပ်မှုရှိရဲ့လား။ ဒါမျိုးတွေ အပေါ်မူတည်ပြီး Reservation လုပ်တယ်။ စာချုပ်ချုပ်ရပါတယ်။ ဒီစာချုပ် ချုပ်ပြီးသွားပြီဆိုရင်တော့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သတ်ပြီးတော့ Proposal တင်ရပါတယ်။ ဘယ်လို Proposal တွေ တင်ရမလဲ။ Proposal မှာ ဘာတွေ ပါရမလဲဆိုတဲ့ အချက်တွေအားလုံးကို ကျွန်တော်တို့ အင်တာနက် ဝက်ဘ်ဆိုက်ပေါ်မှာ တင်ထားပါတယ်။ နောက်ပိုင်းကျရင် ဒီအင်တာနက် ဝက်ဘ်ဆိုက်ပေါ်ကနေပဲ ကျွန်တော်တို့ဆီလာပြီး တင်စရာမလိုပဲ အွန်လိုင်း Proposal တင်လို့ရအောင်လို့ ကျွန်တော်တို့ စီစဉ်နေပါတယ်။ အဲလို Proposal တင်တဲ့ အခါမှာ လည်း Investment Proposal လည်းတင်ရမယ်။ ကုမ္ပဏီမှတ်ပုံတင်အတွက်လည်း Proposal တင်လို့ရတယ်။ တစ်ချိန်တည်းမှာပဲ သဘာဝပတ်ဝန်းကျင်အတွက်ကို ECPP လို့ခေါ်တဲ့ဟာလည်းတင်ရတယ်။ အဲဒါနဲ့အတူ အဆောက်အအုံဆောက်လုပ်ခွင့်၊ မီးဘေးအန္တရာယ် လုံခြုံမှုတွေကို တင်ရပါတယ်။ ကျွန်တော်တို့ကတော့ အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ (Investment Proposal)တွေကိုစစ်ပါတယ်။ ကွန်ပျူတာနဲ့လည်းစစ်ဆေးတဲ့နည်းလမ်းနဲ့ အရည်အသွေးစစ်ဆေးတဲ့နည်းလမ်းကို အသုံးပြုပြီး စစ်ဆေးပြီး Investment Permit (ရင်းနှီးမြှုပ်နှံဖို့ခွင့်ပြုချက်)ကို ပေးပါတယ်။ Investment Permit ပေးတဲ့အချိန်မှာပဲ တည်ဆောက်မယ့် စက်ရုံရဲ့ အဆောက်အအုံက နိုင်ငံတကာစံနှုန်းနဲ့ ကိုက်ညီရဲ့လား၊ မီးဘေးအန္တရာယ် စိတ်ချရရဲ့လား၊ သဘာဝပတ်ဝန်းကျင်အတွက် ထိခိုက်မှုကို နည်းအောင်ပြင်ဆင်ချက်လို့ခေါ်တဲ့ ECPP (Environmental Conservation and Prevention Plan)ကို စစ်ပါတယ်။

**မေး ။ ဘယ်အချိန်ကနေစပြီး Investment Permit ကို ထုတ်ပေးနေလဲ။ လက်ရှိမှာ ကုမ္ပဏီ ဘယ်နှစ်ခုကို ထုတ်ပေးပြီးသွားပြီလဲ။**

ဖြေ ။ ၂၀၁၄ ဒီဇင်ဘာမှစပြီး ထုတ်ပေးနေပါတယ်။ အခုအချိန်မှာတော့ ၂၅ ခု ထုတ်ပေးပြီးသွားပါပြီ။ ရင်းနှီးမြှုပ်နှံမှု (၄၀) လောက်ကို Reservation Agreement လုပ်ပြီးသွားပါပြီ။ Reservation Agreement လုပ်ပြီးတဲ့အချိန်နဲ့ ကျွန်တော်တို့ဆီ Proposal တင်တဲ့အချိန်က နည်းနည်းကွာပါတယ်။ ဘာလို့လဲဆိုတော့ Proposal တင်ဖို့ လိုအပ်တဲ့စာရွက်စာတမ်းတွေကို ကြိုတင်ပြင်ဆင်ရပါတယ်။ ပြီးတာနဲ့ ကျွန်တော်တို့ဆီ တင်ရပါတယ်။ Proposal တင်ပြီးတဲ့အချိန်ကနေစပြီး ရက်ပေါင်း ၃၀ အတွင်းမှာ Investment Permit ကို ချပေးပါတယ်။ အခုလောလောဆယ်မှာတော့ သုံးပတ်လောက်အတွင်းမှာ Investment Permit ကို ချပေးပါတယ်။

**မေး ။ ရင်းနှီးမြှုပ်နှံသူတွေအတွက် မြေယာအသုံးချခွင့်ကို ကာလအပိုင်းအခြား ဘယ်လောက်သတ်မှတ်ပေးထားပါလဲ . . ဆရာ။**

ဖြေ ။ မြေယာအသုံးချခွင့်ကို လောလောဆယ်မှာ နှစ် ၅၀ ပေးထားပါတယ်။ ပြီးရင် နောက်ထပ် ၂၅ နှစ်ဆိုတော့ စုစုပေါင်း ၇၅နှစ်ပေးထားပါတယ်။

**မေး ။ အွန်လိုင်းကနေ ပါမစ်တွေ လျှောက်ထားနိုင်ဖို့အတွက် ဘယ်အချိန်လောက်ကျရင် အွန်လိုင်းကနေ ခွင့်ပြုချက်တွေ စတင်လျှောက်ထားနိုင်တော့မလဲ။**

ဖြေ ။ အခုလောလောဆယ်မှာတော့ ကျွန်တော်တို့ရဲ့ အင်တာနက် ဝက်ဘ်ဆိုက်ကိုပိုပြီးတော့ upgrade ဖြစ်အောင် ပြင်နေပါတယ်။ အခုလောလောဆယ်မှာ ဘယ်လိုပုံစံမျိုးနဲ့ လျှောက်ထားရမယ်ဆိုတာကို ဝက်ဘ်ဆိုက်မှာ Download လုပ်လို့ရပါတယ်။ အခုထက်ပိုပြီး ဝက်ဘ်ဆိုက်က upgrade ဖြစ်လာတဲ့အခါမှာ အွန်လိုင်း လျှောက်လွှာတွေကို ထည့်ပေးတော့မှာဖြစ်ပါတယ်။ လိုအပ်တဲ့ ငွေပေးသွင်းရတာကအစ အွန်လိုင်းကနေပဲ International Payment Gateway နဲ့ ပေးသွင်းနိုင်အောင်လို့ကို လုပ်နေရတာကြောင့် အချိန်တော့ နည်းနည်း ယူရဦးမှာပါ။ အထူးစီးပွားရေးဇုန်ဆိုတာကို လူတွေက စက်မှုဇုန်လို့မြင်ပါတယ်။ အမှန်က စက်မှုဇုန်မဟုတ်ပါဘူး။ အထူးစီးပွားရေးဇုန်မှာ စက်ရုံအလုပ်ရုံတွေလည်းရှိမယ်။ ကြယ်ငါးပွင့်ဟိုတယ်တွေ၊ ကွန်ဒိုမီနီယံတွေ၊ နိုင်ငံတကာအဆင့်မီ ဗီလာတွေ၊ ဆူပါမားကတ်တွေ၊ နိုင်ငံတကာစာသင်ကျောင်းတွေနဲ့ ဆေးရုံတွေ ပါဝင်ပါတယ်။ အကုန်လုံးက မြို့လေးတစ်မြို့ တည်ထောင်တဲ့ ပုံစံမျိုးပါပဲ။

ဒီမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ လုပ်ငန်းရှင်တွေ အားလုံးက ကျွန်တော်တို့နဲ့ ဆက်သွယ်ဆောင်ရွက်တဲ့ အခါမှာ ငွေပေးချေတဲ့ကိစ္စတွေကအစ အားလုံးကို ကွန်ပျူတာစနစ်သုံးတဲ့ အီလက်ထရွန်နစ်ငွေပေးချေတဲ့ စနစ်ကိုသုံးဖို့ ရည်ရွယ်ထားပါတယ်။ နောက်ဆုံးမှာ ကုမ္ပဏီတွေက အခွန်ပေးချေတဲ့အခါမှာ ဘဏ်မှာသွားပြီး အခွန်ပေးစရာမလိုဘဲ အွန်လိုင်းကနေပဲအခွန်ပေးဆောင်တာမျိုး၊ ဝန်ထမ်းတွေကို လစာပေးတာကအစ အွန်လိုင်းကနေပေးဆောင်တာမျိုး၊ အထူးစီးပွားရေးဇုန်တစ်ခုလုံးမှာ ငွေသားအစား အီလက်ထရွန်နစ် ငွေပေးချေစနစ်ကို သုံးနိုင်တဲ့အထိ ရောက်အောင်ကို စီစဉ်ထားပါတယ်။

**မေး ။ မြန်မာနိုင်ငံရဲ့ လက်ရှိသွားနေတဲ့ စီးပွားရေး လမ်းကြောင်းဟာ သီလဝါအထူးစီးပွားရေးဇုန် စတင်လည်ပတ်တဲ့အချိန်မှာ ဘယ်လိုပြောင်းလဲသွားနိုင်မလဲ။**

ဖြေ ။ အပြောင်းအလဲကတော့ မြန်မာနိုင်ငံရဲ့စီးပွားရေး ကဏ္ဍကြီးတစ်ခုလုံးကို စီးပွားရေးမူဝါဒတွေက အစ၊ Procedure လုပ်ငန်းစဉ် အဆင့်ဆင့်ကအစ နိုင်ငံတကာ ထုံးစံအတိုင်းလုပ်တဲ့ စီမံချက်တွေ၊ လုပ်ငန်းစဉ် အဆင့်ဆင့်တွေကအစ နိုင်ငံတကာ ထုံးစံအတိုင်း ဖြစ်အောင်လို့လုပ်တဲ့ ရည်ရွယ်ချက်တွေ ပါပါတယ်။ အဲလိုလုပ်တဲ့အခါမှာ အထူးစီးပွားရေးဇုန်ဆိုတဲ့ တွေးခေါ်မှု အပိုင်းတွေပါလာပြီး အထူးစီးပွားရေးဇုန်လုပ်ဖို့ နေရာတွေ သတ်မှတ်တယ်။ ဥပမာ သီလဝါ၊ ထားဝယ်နဲ့ ကျောက်ဖြူပေါ့။ နောက်ပိုင်း အထူးစီးပွားရေး ဇုန်တွေလည်း ပေါ်လာဦးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ခုလုံးအနေနဲ့ ယှဉ်လိုက်ရင်အထူးစီးပွားရေးဇုန် သုံးခုဆိုတာက နည်းပါသေးတယ်။ အထူးစီးပွားရေးဇုန်တွေ အားလုံးထဲမှာမှ သီလဝါက ရှေ့ကနေဦးဆောင်ပြီး သွားနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ အမှားခံလို့မရပါဘူး။ ကျွန်တော်တို့ ရှေ့ကသွားတဲ့အပေါ်မှာ မူတည်ပြီးတော့ နောက်က အထူးစီးပွားရေးဇုန်က အောင်မြင်လာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့က စံနမူနာပြ ဖြစ်အောင်လို့ အထူးစီးပွားရေးဇုန်ဆိုတဲ့အတိုင်း အထူးရယ်။ အထူးစီးပွားရေးဇုန်တွေမှာ ကျင့်သုံးမယ့် မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကအစ အားလုံး နိုင်ငံတကာ စံနှုန်းမီဖို့ ကြိုးစားနေပါတယ်။ လောလောဆယ်မှာတော့ အားလုံးက အဆင်ပြေနေပါတယ်။ ပါမစ်တွေ၊ လိုင်စင်တွေ ဘာပဲလိုလို ဘယ်မှသွားစရာမလိုဘဲနဲ့ကို One Stop Service Center ကိုပဲလာရမယ်။

**မေး ။ နောက်သီလဝါ အထူးစီးပွားရေးဇုန်က အဂတိလိုက်စားမှု မပြုလုပ်နိုင်အောင် လက်မှတ်ရေးထိုးထားတာတွေလည်းရှိတယ်။ ဒါတွေက ထိရောက်မှုရှိရဲ့လား။ ဘယ်လို အကျိုးသက်ရောက်မှုရှိလဲပေါ့။**

ဖြေ ။ အဓိကကတော့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှု ရဖို့လိုတယ်။ ရင်းနှီးမြှုပ်နှံသူတွေ ရောက်လာပြီးရင်လည်း အထူးစီးပွားရေးဇုန်ဆိုတာနဲ့အညီ လုပ်နည်းကိုင်နည်းအဆင့်ဆင့်တွေ အားလုံးဟာ အထူးမူဝါဒတွေနဲ့ ဖြစ်တယ်ဆိုတာကို သူတို့သိသွားဖို့လိုတယ်။ နိုင်ငံတကာ ထုံးစံနဲ့အညီဖြစ်တဲ့အတွက် နိုင်ငံတကာကလာတဲ့ ကုမ္ပဏီအကြီးကြီးတွေအတွက် ဘာမှ အခက်အခဲမရှိဘူးပေါ့။ နိုင်ငံတကာမှာလည်း ဒီလိုပဲ ကျင့်သုံးနေတယ်။ ဒီမှာလည်းဒီလိုပဲ ကျင့်သုံးမှာဖြစ်တဲ့အတွက် သူတို့အနေနဲ့က မြန်မာနိုင်ငံကို ပိုပြီး ယုံကြည်လာမှာဖြစ်ပါတယ်။ ဒီလို ယုံကြည်မှုတွေရှိလာမှ တစ်ဆင့်စကားနဲ့ တခြားရင်းနှီးမြှုပ်နှံတဲ့ သူတွေ ရောက်ရှိလာမှာဖြစ်တဲ့အတွက် အထူးဖြစ်အောင် ဆောင်ရွက်ထားပါတယ်။

**မေး ။ ဒါဆိုရင် ဒီအထူးစီးပွားရေးဇုန်မှာ အတွေ့အကြုံရှိပြီး နည်းပညာအဆင့်မြင့်တဲ့ နိုင်ငံတကာ လုပ်ငန်းရှင်တွေနဲ့တန်းတူ မြန်မာလုပ်ငန်းရှင်တွေလည်း လုပ်ကိုင်နိုင်အောင် ဘယ်လိုဆောင်ရွက်ပေးထားလဲ။**

ဖြေ ။ ဒီစီးပွားရေးဇုန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို လုံးဝခွဲခြားထားခြင်း မရှိဘူး။ အကုန်လုံးကို တန်းတူပဲ ဆက်ဆံပါတယ်။ နိုင်ငံတကာ ထုံးစံနဲ့အညီ Level Play Field (တန်းတူယှဉ်ပြိုင်နိုင်)ဖြစ်အောင် ဆောင်ရွက်ထားပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေကလည်း ဒီမှာလာပြီးလုပ်ကိုင်ကြပါတယ်။ ဒီမှာ ရင်းနှီးမြှုပ်နှံမှုမှာ ပထမအများဆုံးက ဂျပန်လုပ်ငန်းရှင်တွေ၊ ပြီးရင်ဒုတိယအများဆုံးက မြန်မာပြည်တွင်း လုပ်ငန်းရှင်တွေဖြစ်ပါတယ်။ ပြည်တွင်း လုပ်ငန်းရှင်တွေကလည်း ဒီမှာလာပြီးလုပ်ကိုင်လို့ရပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေကို ကျွန်တော်တို့က အကုန်လုံးနဲ့တန်းတူအခွင့်အရေးတွေကို ပေးပါတယ်။ အဓိက အရေးအကြီးဆုံးကတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ နည်းပညာရရှိဖို့ပါ။ ကုမ္ပဏီကြီးတွေကနေ နည်းပညာအများဆုံး ရရှိနိုင်တဲ့သူတွေက အလုပ်သမားနဲ့ ဝန်ထမ်းတွေပါပဲ။ ဒါကြောင့် အမှတ် မများစေချင်တာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနဲ့ Joint Venture လုပ်မှသာ ပြည်တွင်းကို နည်းပညာအကူအညီရတယ်ဆိုတာက နိုင်ငံတကာမှာ ဟုတ်ပါတယ်။ ဒါပေမယ့်သူ့ထက်ကို အရေးကြီးတာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ သယ်ဆောင်လာတဲ့ နည်းပညာတွေကို ကိုယ့်ရဲ့ဝန်ထမ်းတွေ အလုပ်သမားတွေက ရရှိဖို့ပါပဲ။ ဒီလိုရရှိပြီးမှသာ အလုပ်သမားနဲ့ဝန်ထမ်းတွေရဲ့ အသိပညာနဲ့ နောင်တစ်ချိန်ကြရင် သူတို့ကိုယ်တိုင် ဦးစီးနိုင်မယ်။ ဒီလို လုပ်ငန်းတွေအများကြီးဖြစ်လာတဲ့ သာဓကတွေ တခြားနိုင်ငံတွေမှာ အများကြီးရှိပါတယ်။

တွေ့ဆုံမေးမြန်း - မြတ်သန္တာမောင်
ဓာတ်ပုံ - အငယ်လေး

ဆောင်းပါး

# မြင်တတ်အောင်ကြည့်ပါ

ခင်ချင်းတွင်း(စီမံ/စီးပွား)

*ယမန်နေ့မှအဆက်*

**ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲရေး**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၃၅)တွင် **"နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေး စနစ်ဖြစ်သည်"** ဟု ဖော်ပြပါရှိပါသည်။ သို့ဖြစ်ပါ၍ စတုတ္ထပြုပြင်ပြောင်းလဲမှုအဖြစ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲရေးကို ပုဂ္ဂလိကကဏ္ဍ၏ အားနည်းချက်များ၊ လုပ်ငန်းစဉ်များပိုမိုတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပင်ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံစီးပွားရေးတွင် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍ၊ သမဝါယမအဖွဲ့အစည်း အခန်းကဏ္ဍနှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ ပါဝင်မှုအချိုးအစားအရ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းတွင် ပုဂ္ဂလိကပိုင် ၉၁. ၇% ၊ သမဝါယမ အဖွဲ့အစည်းပိုင် ၁. ၂%၊ နိုင်ငံပိုင် ၇. ၁% ပါဝင်ခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍ အချိုးအစားမှာ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းတွင် အများဆုံးဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုမှာ များစွာအရေးပါလှသည်ကို တွေ့မြင်နိုင်ပေသည်။ မိမိတို့နိုင်ငံသည် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးမှု (Private Sector Led Growth) လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံ၏ GDP တိုးတက်မှု၊ လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်း (Productivity) တိုးတက်မှုသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာမူတည်နေခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍ၏ စီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းများအနေဖြင့် ယခင်ကထက်စာလျှင် ပိုမိုတာဝန်ရှိလာပြီဖြစ်ပါသည်။ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်များ (Enabling business environment) ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) တိုးတက်ရေး၊ လိုအပ်သည့် အခြေခံအဆောက်အအုံနှင့် ဥပဒေများ ပြဋ္ဌာန်းပေးခြင်းစသည်ဖြင့် နိုင်ငံတော်ဘက်မှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ ဈေးကွက်များအထိ ထိုးဖောက်ဝင်ရောက်နိုင်စေရေးအတွက် နိုင်ငံအတွင်း၌ သမာသမတ်ရှိသည့် စီးပွားရေး အဖွဲ့အစည်းဖြစ်ရန်၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံး ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဆိုင်ရာ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်ရန်၊ စီးပွားရေးဆိုင်ရာကျင့်ဝတ် ( Business Ethic) အပြည့်အဝဖြင့်ဆောင်ရွက်စေရန် လူမှုရေးအရ ပူးပေါင်းမှုတာဝန် (Corporate Social Responsibility –CSR) တို့အား ထမ်းဆောင်တတ်စေရန်တို့ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကကဏ္ဍတွင်လည်း စီးပွားရေးကျင့်ဝတ်နှင့် စည်းမျဉ်းဥပဒေတို့ကို လေးစားလိုက်နာတတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်မျိုးရှိလာအောင် စိတ်ထား (Mindset)များ ပြုပြင်ပြောင်းလဲရေးအတွက် အသိပညာပေးသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းများသည် နိုင်ငံအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development)အတွက် အလေးထားဆောင်ရွက်ခြင်းဖြင့် မိမိလုပ်ငန်းအတွက်၊ တိုင်းပြည်အတွက်၊ စားသုံးသူဖြစ်သော ပြည်သူအတွက် အလုပ်အကိုင်များ ဖန်တီးရေး စသည့် Win-Win-Win မဟာဗျူဟာကို ဖော်ဆောင်နိုင်သည့် ပုဂ္ဂလိကကဏ္ဍဖြစ်ပေါ်တိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများလိုအပ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် လူမှုအဖွဲ့အစည်းတို့သည် အပြန်အလှန်အကျိုးပြုစေမည့် ပတ်ဝန်းကျင်ဖန်တီးပေးရေးသည် အလွန်အရေးကြီးပေသည်။

**စီးပွားရေးပြုပြင်ပြောင်းလဲမှုများ နှေးကွေးလျက်ရှိနေဟု ဝေဖန်**

စီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် အခြားသော ပြုပြင်ပြောင်းလဲမှုများနှင့် နှိုင်းယှဉ်ပါက နှေးကွေးလျက်ရှိနေဟု ဝေဖန်သူများရှိပါသည်။ အချိန်ကြာမြင့်စွာ စောင့်စားခဲ့ရသူများအတွက် မှန်ကန်ပါသည်။ အကြောင်းမှာ စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများ အချိန်ယူ၍ ဆောင်ရွက်ရသည်ဖြစ်ရာ တိုင်းတာမှုများအား နှစ်ချင်းတိုင်းတာသည်ထက် ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ်စသည်ဖြင့် ၅ နှစ်ခြားတိုင်းတာမှသာ တိုးတက်မှုအလားအလာမှာ ပိုမိုမြင်သာနိုင်ပါသည်။

အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အရင်းအနှီးလိုအပ်ပါသည်။ ထိုသို့လိုအပ်သည့် အရင်းအနှီးအတွက် နိုင်ငံတော်၏ ဘတ်ဂျက်ဖြင့် မလုံလောက်ဘဲ တရားဝင်ဖွံ့ဖြိုးမှုအကူအညီများ၊ ချေးငွေများရယူခြင်း၊ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ခြင်း၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများအား အားပေးခြင်းစသည်တို့ ဆောင်ရွက်ရာတွင် ယခင်နှစ်ကာလများက အကြွေးဟောင်းများ ပေးဆပ်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ယုံကြည်မှုများတည်ဆောက်ခြင်း၊ သဘောတူစာချုပ်များ၊ ချေးငွေစည်းကမ်းသတ်မှတ်ချက်များအပေါ် ညှိနှိုင်းခြင်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း လွှတ်တော်အထိ တင်ပြအတည်ပြု ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အပေါ်ပိတ်ဆို့မှု (Sanction) များ ဖယ်ရှားနိုင်စေရန် ဆောင်ရွက်ခြင်း၊ အခြားနိုင်ငံများအလားတူ ဆွဲဆောင်မှုရှိသည့် ရင်းနှီးမြှုပ်နှံ ဥပဒေများ၊ အခြားသော စီးပွားရေးဆိုင်ရာ ဥပဒေများရေးဆွဲခြင်း၊ အတည်ပြုခြင်း၊ မေခရိုစီးပွားရေး တည်ငြိမ်စေရေးနှင့်တကွ တစ်ခုတည်းသော ငွေလဲလှယ်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း၊ ငွေဖောင်းပွမှုနှုန်းအား ထိန်းချုပ်ခြင်း စသည်တို့အား စီမံခန့်ခွဲဆောင်ရွက်ရန် အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်ပါသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား အားပေးနိုင်စေရေးအတွက် ဘဏ္ဍာငွေရရှိနိုင်မှု ဇာစ်မြစ်၊ နည်းပညာလွှဲပြောင်းမှုများ လိုအပ်သည့်အပြင် ဘဏ်လုပ်ငန်းတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုတိုးတက် အားကောင်းစေရေးအတွက် ငွေကြေးနှင့် အရင်းအနှီးဈေးကွက်များ အောင်မြင်စွာပေါ်ပေါက်စေရေးသည် အလွန်အရေးကြီးပါသည်။ ထိုသို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စီမံဆောင်ရွက်ရာတွင် လူသားရင်းမြစ်နှင့် စွမ်းဆောင်ရည် လိုအပ်ချက်များအား ဖြည့်ဆည်းတည်ထောင်လျက်ရှိပါသည်။ မည်သို့ဆိုစေ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုနှုန်းသည် ပထမ(၅)နှစ် ကာလအတွင်း တစ်နှစ်ပျမ်းမျှ (၈)ရာခိုင်နှုန်းဝန်းကျင် တိုးတက်ရန်အထိ လျာထားဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့အသိအမှတ်ပြု စီးပွားရေးလေ့လာမှုအဖွဲ့အစည်းများ၏ လေ့လာသုံးသပ်ချက်များအရလည်း မြန်မာ့စီးပွားရေးအလားအလာကောင်းများကို ဖော်ပြရေးသားဖော်ပြထားပါသည်။

ဖွံ့ဖြိုးတိုးတက်ကာစ နိုင်ငံတိုင်းအနေဖြင့် ဖွံ့ဖြိုးမှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းသည် အတူတကွ ဖြစ်ပေါ်လေ့ရှိပါသည်။ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှား၊ ပိုလန်၊ ဟန်ဂေရီ အစရှိသည့် အသွင်ကူးပြောင်းခဲ့သည့်နိုင်ငံတိုင်း ငွေဖောင်းပွသည့် အတွေ့အကြုံအား မည်သို့တွေ့ကြုံခဲ့သည်ကို ပြန်လည်လေ့လာနိုင်ပါသည်။ အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးမှုစီမံချက်များအတွက် အသုံးစရိတ်များ တိုးတက်သုံးစွဲမှုများကြောင့်သော်လည်းကောင်း၊ ငွေကြေးလှည့်ပတ်မှု အရှိန်မြန်ဆန်မှုကြောင့် သော်လည်းကောင်း၊ ငွေကြေးဖောင်းပွမှုနှုန်း တိုးတက်လာပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းသည် များလွန်းလျှင် ဆိုးကျိုးများ ဖြစ်ပေါ်လေ့ရှိသော်လည်း ငွေကြေးဖောင်းပွမှုအတိုင်းအတာတစ်ခုအထိ တည်ရှိနေခြင်းအားဖြင့် စီးပွားရေးအဆောက်အအုံအား ပိုမိုနိုးကြားတက်ကြွစေနိုင်ပါသည်။ ငွေကျုံ့ခြင်းဖြစ်ပေါ်ပါက ပိုမိုဆိုးရွားသည့် ဆိုးကျိုးကို ကြုံတွေ့နိုင်ပါသည်။ မိမိတို့နိုင်ငံတွင်း၌ တစ်ခုတည်းသော ငွေကြေးလဲလှယ်မှုနှုန်းထားအား ပြောင်းလဲကျင့်သုံးခဲ့ရာတွင်လည်း ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ခဲ့ပြီး ညင်သာသည့် ကူးပြောင်းမှုကို ဖြစ်ပေါ်စေနိုင်ခဲ့ပါသည်။

အလားတူပင် စီးပွားရေး တံခါးအား ပိုမိုဖွင့်လှစ်လာခဲ့သည့် နောက်ပိုင်းတွင် ကုန်သွယ်မှုလိုငွေပြသည့် ကိစ္စရပ်အပေါ်လည်း ဝေဖန်မှုများရှိပါသည်။ ကားတင်သွင်းခြင်း တစ်ခုတည်းကြောင့်သာ မဟုတ်ဘဲ အရင်းအနှီးတည်ဆောက်နေသည့် ကာလဖြစ်ပါသဖြင့် စက်ကိရိယာ ယန္တရားများအား တင်သွင်းခြင်း၊ Draw Back, CMP များအတွက် တင်သွင်းမှုများသည် သွင်းကုန်ပမာဏ၏ (၅၀)ရာခိုင်နှုန်းကျော် ပါဝင်ပါသည်။ အဆိုပါ စက်၊ ယန္တရားများသည် ထုတ်လုပ်မှုစွမ်းအားကို တိုးတက်စေနိုင်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများမှ တင်သွင်းခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အခါ ပြန်လည်တင်ပို့ခြင်းများ ဆောင်ရွက်ပါသည်။ တင်သွင်းမှုများပြုလုပ်တိုင်း နိုင်ငံတော်၏ နိုင်ငံခြားငွေကြေးနှင့်အရန်ငွေကြေးမှသုံးစွဲခြင်းများ မဟုတ်ပါကြောင်း တင်ပြအပ်ပါသည်။

> **အပြောင်းအလဲကို လိုချင်သည့်နိုင်ငံတိုင်း၊ တိုးတက်မှုကိုလိုချင်သည့်နိုင်ငံတိုင်း "စိန်ခေါ်မှု"များအား "အခွင့်အလမ်း"အဖြစ်သို့ ပြောင်းလဲကာ ရင်ဆိုင်ကျော်လွှားပြီး**

**အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု Home Grown Model**

ယနေ့ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် သမိုင်းတွင် တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးသည့် ဆောင်ရွက်မှုကြီးတစ်ရပ်ဖြစ်ရာ ဗဟိုအုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့လည်းကောင်း၊ ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ လွတ်လပ်သည့်ဈေးကွက်စီးပွားရေးစနစ်သို့လည်းကောင်း၊ မတူညီသည့် သဘောသဘာဝရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားလည်းကောင်း၊ ဆယ်စုနှစ်ပေါင်းများစွာ နောက်ကျကျန်နေခဲ့သည့် နိုင်ငံတကာဆက်ဆံရေးအား ဆက်ဆံရေးပုံစံသစ်တစ်ခုအဖြစ်သို့လည်းကောင်း ပြုပြင်ပြောင်းလဲလျက်ရသည့်အပြင် စီးပွားရေးပိတ်ဆို့မှုတွေ ပယ်ဖျက်ရေး၊ GSP နှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရေး၊ လိုအပ်သည့်နယ်ပယ်များတွင် အလှူရှင်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ အကူအညီ အထောက်အပံ့များ ရရှိရေး၊ အဆိုပါ အကူအညီအထောက်အပံ့တို့အား ထိရောက်အောင် စီမံခန့်ခွဲရခြင်း စသည်တို့အား တစ်ပြိုင်နက်တည်း ပြန်လည်တည်ဆောက် ဆောင်ရွက်နေရသည့် မြန်မာ့ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးကို အခြားနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ Think Tank နှင့် သုတေသနအဖွဲ့များမှ ပြည်တွင်းဖြစ်စံပုံစံ (Home Grown Model )ဟူ၍ စိတ်ဝင်စားစွာ စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့၏ သုံးသပ်ချက်များအရ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ခိုင်မာရခြင်းအကြောင်းအရင်းသည် Stakeholder များ၏ စိတ်သဏ္ဌာန်အတွင်းမှ တိုက်တွန်းချက် ( Internal Driven) ကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ စင်ကာပူ အမျိုးသား တက္ကသိုလ်နှင့် လီကွမ်ယူ School of Public Policy မှ ကျောင်းသားများအား မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် စပ်လျဉ်း၍ လေ့လာရန် Assignment များ ပေးထားပါ၍ မြန်မာနိုင်ငံသို့ ကျောင်းသားကိုယ်စားလှယ်များ ဆက်တိုက် လာရောက်လေ့လာလျက်ရှိသည်။

**ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်မှု လုပ်ငန်းစဉ်**

သိသာထင်ရှားသောရလဒ်များ ဖြစ်ပေါ်စေရေးအတွက် အထောက်အကူအဖွဲ့များနှင့် အစီအစဉ်များ (Governance and Development Programs) အဖြစ်ပေါ်လစီနှင့် ဦးဆောင်မှုအနေဖြင့် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီ၏ ဦးဆောင်မှု၊ ညှိနှိုင်းပေါင်းစပ်မှု၊ အစိုးရကော်မတီများ၏ကဏ္ဍအလိုက်ဗျူဟာ၊ ပေါ်လစီနှင့် လုပ်ငန်းဆပ်ကော်မတီများ ပါဝင်သော မဟာဗျူဟာလေ့လာရေး(Strategic Reform Study Group) အဖွဲ့များ ဖွဲ့စည်းကာ ပြည်သူများကို တိုက်ရိုက်အကျိုးပြုစေမည့် ဦးစားပေး နယ်ပယ်ကဏ္ဍ (၇)ခုဖြစ်သည့် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး၊ အလုပ်အကိုင်ရှိရေး၊ ခရီးသွားလုပ်ငန်းတိုးတက်ရေး၊ ငွေကြေးလုပ်ငန်း၊ အုပ်ချုပ်ရေးကောင်းမွန်စေရေးတို့အတွက် စောင့်ကြည့်လေ့လာ သုံးသပ်မှု (Public Service Performance Appraisal Task Force)၊ ရလဒ်ဖော်ဆောင်ရေးအထူးလုပ်ငန်းအဖွဲ့များ (Delivery Units, Task Forces)၊ လုပ်ငန်းအဖွဲ့ (Working Groups)များမှ မိတ်ဖက်အဖွဲ့အစည်း (Development Partners)၊ ပုဂ္ဂလိကကဏ္ဍ( Private Sector) နှင့် လူမှုအဖွဲ့အစည်းများ (Civil Society) တို့နှင့် ပူးပေါင်းကာ နည်းပညာနှင့် စွမ်းရည်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

**လိုအပ်နေသည့် ပူးပေါင်းဆောင်ရွက်မှုများ (Necessary Cooperation, Coordination and Collaboration)**

နိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် လူနေမှုဘဝအရည်အသွေး (Quality of Life) ရှုထောင့်မှ အရည်အသွေးရှိသည့် ဖွံ့ဖြိုးမှု ဖြစ်ပေါ်စေရန် ရည်ရွယ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ လူနေမှုဘဝအရည်အသွေးကို တိုးတက်စေနိုင်မည့် လူမှု-စီးပွားနယ်ပယ်အသီးသီးကို အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသတွင်းအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ စသည့် Stakeholders အသီးသီးမှ အနာဂတ်နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် မိမိတို့ တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါသည်။

ဤသို့ဆောင်ရွက်ရာတွင် ခက်ခဲသည့် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရပါသည်။ English စာလုံး "Challenges" အား မြန်မာလို **"စိန်ခေါ်မှု"** ဟု ဘာသာပြန်လေ့ရှိပါသည်။ အများအားဖြင့် **"စိန်ခေါ်မှု"** ကို မကောင်းသည့် အမြင်ဖြင့် မြင်တတ်ကြပါသည်။ ရည်ရွယ်ချက် ကြီးမားပြီး တိုးတက်ချင်သည့်သူတိုင်း၊ တိုးတက်ချင်သည့်နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုများ တည်ရှိနေမည်ဖြစ်ပါသည်။ "**Challenges**" ဟူသည့် စိန်ခေါ်မှုများကို **"ကြောက်"** ရန် မလိုဘဲ **"ကြိုက်"** တတ်ရန် ဖြစ်ပါသည်။ အပြောင်းအလဲကို လိုချင်သည့် နိုင်ငံတိုင်း ၊ တိုးတက်မှုကိုလိုချင်သည့်နိုင်ငံတိုင်း **"စိန်ခေါ်မှု"** များအား **"အခွင့်အလမ်း"** အဖြစ်သို့ ပြောင်းလဲကာ ရင်ဆိုင်ကျော်လွှားပြီး ထိပ်တန်းသို့ ရောက်ခဲ့ကြရသည့်အနေအထားများသာ ဖြစ်ပါသည်။

နိုင်ငံတော်သည် လက်ရှိအင်စတီကျူးရှင်းများအား လိုအပ်သည့် ချိန်ညှိမှုများ ဆောင်ရွက်ရသကဲ့သို့ လိုအပ်သောယန္တရားများကို ဖော်ဆောင်ရပါသည်။ လိုအပ်လျက်ရှိသည့်၊ မရှိသေးသည့် အင်စတီကျူးရှင်းများအားလည်း တည်ဆောက်နေရပါသည်။ စီးပွားရေးစနစ်အား ပိုမိုညီညွတ်မျှတအောင်၊ တရားမျှတသည့် ယှဉ်ပြိုင်မှု ပေါ်ပေါက်လာအောင် ဆောင်ရွက်ရာတွင် သဘာဝသယံဇာတများကို အသုံးပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသကဲ့သို့ အခြားတစ်ဖက်တွင် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ စဉ်းစားတွေးခေါ်ပုံ (Mindset) များကိုလည်း ပြုပြင်ပြောင်းလဲကြရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များသည် အန္တရာယ် အမျိုးမျိုးနှင့် စွန့်စားမှုများလည်းရှိနေပါသည်။ နိုင်ငံတော်အနေဖြင့် အပြောင်းအလဲများကို လျင်လျင်မြန်မြန် သွက်သွက်လက်လက် Dynamic ဖြစ်အောင် လုပ်ဆောင်ရာတွင် အဆိုပါ ပြောင်းလဲမှုများနှင့်အတူ လိုက်လျောညီထွေစွာ လိုက်ပါပြောင်းလဲဖို့ လိုအပ်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းရှိမှု၊ တာဝန်သိမှု၊ အချင်းချင်းစိတ်ရှည်သည်းခံမှု၊ နားလည်ခွင့်လွှတ်မှု၊ စာနာထောက်ထားမှုများနှင့် မိမိတို့၏ အခန်းကဏ္ဍများအား မိမိတို့ သဘောပေါက်နားလည်၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်တန်ဖိုးထားကာ ဆက်ဆံ၍ အားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ရန်ဟူသည့် စွမ်းရည်များ ( Soft Skills) လည်း လိုအပ်ပါသည်။

ထို့ပြင် တည်ငြိမ်အေးချမ်းမှုသည် နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးမှုအတွက် မဖြစ်မနေတည်ရှိရမည့် အခြေအနေတစ်ခုဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှု မရှိပါက နိုင်ငံ၏ ဖွံ့ဖြိုးမှုအရှိန်အား တုန့်နှေးစေနိုင်မည် ဖြစ်သည်။ မိမိတို့နိုင်ငံ၏ လက်ရှိ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် အလေးပေးဆောင်ရွက်နေသည်မှာ ယခုအခါ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိနေပြီ ဖြစ်ပါသည်။ ဖွံ့ဖြိုးမှု လမ်းကြောင်းပေါ်တွင် ဆက်လက်ပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်မှ မသွေဖည်ရေးသည် ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါသည့် Stakeholders များ၏ အချိတ်အဆက်မိမိနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုတို့အပေါ် များစွာမူတည်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုကို တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းနှင့် ဆောင်ရွက်၍မရနိုင်ဘဲ လူတိုင်းပါဝင်မှု (Inclusiveness) ရှိမှသာ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုသည် ပိုမိုထိရောက် မြန်ဆန်အောင်မြင်နိုင်မည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေနှင့် သိက္ခာရှိပြီး တာဝန်သိသည့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအနေနှင့် ကမ္ဘာ့မိသားစုနိုင်ငံများအကြား ပြန်လည်ဝင်ရောက်ကာ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းနှင့် ယုံကြည်မှု၊ နားလည်မှု၊ ရင်းနှီးမှုများကို တည်ဆောက်ရင်း နိုင်ငံမှမျှော်မှန်းထားသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု ရည်မှန်းချက်များ အောင်မြင်စေဖို့၊ နိုင်ငံသားတိုင်း၏ လူနေမှုဘဝ အရည်အသွေး တိုးတက်စေဖို့ ဦးတည်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူဗဟိုပြုနည်းလမ်းသစ်ဖြင့် ပြည်သူများကိုယ်တိုင် ရပ်ရွာဒေသကို လိုအပ်သလိုဖော်ထုတ်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည်

နေပြည်တော် ဧပြီ ၁၀

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ၂၀၁၅ ခုနှစ် မတ် ၁၂ ရက်မှ ၁၃ ရက်အထိ သွားရောက်ခဲ့သော ခရီးစဉ်နှင့် စင်ကာပူသမ္မတနိုင်ငံသို့ ၂၀၁၅ ခုနှစ် မတ် ၂၉ ရက်တွင် သွားရောက်ခဲ့သည့် ခရီးစဉ်များကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းကို ပယ်ဖျက်ခြင်းနှင့် အသစ်ထပ်မံ ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ရှင်းလင်းတင်ပြရာတွင် လူထုဗဟိုပြု စီမံကိန်း ပထမနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ် အနေဖြင့် ကန်ပက်လက်မြို့နယ်၊ ရှမ်းပြည်နယ်တွင် နမ့်ဆန်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တို့ကို ဆောင်ရွက်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်နှင့် နေပြည်တော်ကောင်စီ တပ်ကုန်းမြို့နယ်တို့ကို ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်း ၉ မြို့နယ်ရှိပါကြောင်း၊ ကချင်ပြည်နယ်တွင် မေလအတွင်း ထပ်မံ၍ မြို့နယ်ရွေးချယ်ရန် လျာထားပါကြောင်း၊ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၊ ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တို့ရှိ ကျေးရွာပေါင်း ၃၉၀ တွင် လုပ်ငန်းပေါင်း ၃၅၀ကို ကျေးလက်နေပြည်သူလူထုမှ ရွေးချယ်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးတင်ငွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်း အောင်မြင်သည့်အကြောင်းကို ကမ္ဘာ့ဘဏ်က သုံးသပ်ရရှိသည့်အတွက် အခြားနိုင်ငံ အဖွဲ့အစည်းများက ယင်းကို သိရှိသည့်အတွက် ကမ္ဘာ့ဘဏ်မှ လူထုဗဟိုပြုစီမံကိန်းကို မြို့နယ်များထပ်တိုး ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေသန်း ၄၀၀ ထုတ်ချေးရန် ကမ်းလှမ်းခဲ့ပါကြောင်း၊ အဆိုပါချေးငွေကို ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့် လူထုဗဟိုပြုစီမံကိန်းတွင် စီမံကိန်းမြို့နယ်များကို လက်ရှိ (၁၅)မြို့နယ်မှ တိုးချဲ့ပြီး ဆောင်ရွက်ရန်အတွက် ဆွေးနွေးခဲ့ပါကြောင်း၊ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့် ပြည်သူဗဟိုပြု ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထောက်ခံအားပေးသည့် အနေဖြင့် အဆိုပါ ချေးငွေပံ့ပိုးခြင်း ဖြစ်ပါကြောင်း ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုးတက်ရရှိခဲ့သည့် ချေးငွေ ဒေါ်လာ သန်း ၄၀၀ ဖြင့် မြို့နယ် (၁၁)မြို့နယ်တွင် စီမံကိန်းများတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြို့နယ်ပေါင်း ၃၀ တိုးချဲ့ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ တွင် မြို့နယ်ပေါင်း (၃၅) မြို့နယ် ထပ်မံတိုးချဲ့မည် ဖြစ်သည့်အတွက် စုစုပေါင်း ၇၆ မြို့နယ် တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဤစီမံကိန်းသည် မြို့နယ်များတွင် (၄)နှစ်ဆက်တိုက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင်အရ ပြည်သူဗဟိုပြု နည်းလမ်းသစ်ဖြင့် ကျေးလက်ဒေသနေပြည်သူများကိုယ်တိုင် ရပ်ရွာဒေသကို လိုအပ်သလိုဖော်ထုတ်ကာ ဖွံ့ဖြိုးရေးအကူအညီများဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အတွက် လူထုအခြေပြု အစည်းအဝေးများအားလုံး ပါဝင်၍ ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေခြင်းနှင့် အုပ်ချုပ်မှုစနစ်များ ဖြစ်ပေါ်လာစေခြင်း၊ တုံ့ပြန်ရုန်းထွက်နိုင်မှု အားကောင်းသော အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လူထုဗဟိုပြုစီမံကိန်း တိုးချဲ့ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန် ဒေါ်လာသန်း ၄၀၀ ကို ချေးယူခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်ငွေ၏ ရှင်းလင်းတင်ပြချက်အပေါ် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ထောက်ခံဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးနိုင်၏ **"တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့် နည်းဥပဒေပါ အခွင့်အရေးများကို ၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီမှစ၍ တောင်သူလယ်သမားများ အချိန်မီရရှိခံစားနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြန်လည်ရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

### အသွင်ကူးပြောင်းဆဲ ဒီမိုကရေစီနိုင်ငံ (Transitional Democratic Country)

မိမိတို့နိုင်ငံတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ကြသည့် ပတ်ဝန်းကျင်အခြေအနေမျိုးမှခွဲထွက်၍ သမိုင်းတွင် မရှိခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအား အကောင်အထည်ဖော်ဆောင်ရာတွင် အချို့သောအပြောင်းအလဲများသည် အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်သည့် Revolution အသွင်ကိုဆောင်ပြီး အချို့သည်တဖြည်းဖြည်းဖြစ်ပေါ်သည့် Evolution အသွင်သဏ္ဍာန်ဆောင်မည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာသည် ဖြည်းဖြည်းပြောင်းသည့် Gradualism လည်းမဟုတ်သလို လျင်လျင်မြန်မြန်နှင့် အလျင်စလို ပြောင်းလဲသည့် Shock Theraphy နှင့်လည်းမသင့်တော်ပါ။ မှန်မှန်နှင့် မြန်မြန်ပြောင်းလဲရမည့် Steady Fast Strategy ဖြစ်ရပါမည်။ ပြုပြင်ပြောင်းလဲမှုတိုင်းတွင် အတိုင်းအတာတစ်ခုအထိ ညှိနှိုင်းမှုများ (Adjustment) လိုအပ်နေမည်ဖြစ်ပြီး လှမ်းလိုက်သည့်ခြေလှမ်းတိုင်း ခြေကုပ်မြဲစေရန် လိုအပ်ပါမည်။ နောက်ကျသူတို့၏ အကျိုးကျေးဇူး(Late Comer Advantage)အရ အခြားနိုင်ငံများ၏ အတွေ့အကြုံအပေါ် သင်ခန်းစာရယူဆောင်ရွက်နိုင်သော်လည်း အချိန်အဆများစွာလိုအပ်ပါသည်။ မြင်တတ်အောင်ကြည့်တတ်ဖို့ လိုအပ်ပါသည်။ အပြောလွယ်သလောက် အလုပ်ခက်သည့် ကိစ္စရပ်များဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်များကို ဦးဆောင်အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် နိုင်ငံတော်အစိုးရနှင့်တကွ နိုင်ငံတော်အတွက်အကျိုးရှိမည့် ဥပဒေပြဋ္ဌာန်းပေးလျက်ရှိသည့် လွှတ်တော်၊ တည်ငြိမ်အေးချမ်းမှုအတွက် အရေးပါသည့် တပ်မတော်၊ ဖွံ့ဖြိုးမှုအတွက် ပြည်သူ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသတွင်းအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ မြန်မာ့အသိပညာရှင်၊ အတတ်ပညာရှင်များ စသည့် Stakeholder များအားလုံး၏ (၄)နှစ်ကျော်ကာလအတွင်း ပါဝင်လှုပ်ရှားဆောင်ရွက်နေမှုများအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။

အချုပ်အားဖြင့် မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ တွန်းတင်၍ အရှိန်အဟုန်ဖြင့် အခြားနိုင်ငံများနှင့်အတူ လိုက်မီစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကုန်ကြိုးပမ်းကာ မြန်မာ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးအား Home Grown Model တစ်ရပ်အဖြစ် ကမ္ဘာမှ စိတ်ပါဝင်စားစွာ စောင့်ကြည့်နေသူများအားလည်း သက်သေပြကြရဦးမည် ဖြစ်ပါသည်။

❁ *ကျောဖုံးမှ*

ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်များ တည်ဆောက်မှုလုပ်ငန်းများ အပြီးသတ်နေပြီဖြစ်နေရာ ရေပက်ရန်နေရာနှင့် ရေပိုက်များ၊ တေးဂီတနှင့်ယိမ်းအကများ ဖျော်ဖြေရန်စင်မြင့်နှင့် နောက်ခံဒီဇိုင်းပြင်ဆင်မှုများ ပြီးစီးနေပြီဖြစ်သည်။ သင်္ကြန်မဏ္ဍပ် ခိုင်ခံ့မှုရှိရန်နှင့် ဒီဇိုင်းလှပမှုနှင့် ထူးခြားမှုဖြစ်စေရန် ယခင်နှစ်များနှင့်မတူ ထူးခြားစွာဖွဲ့စည်းပြင်ဆင်တည်ဆောက်ထားသည်။

တစ်ဖန် ကမ္ဘာအေးစေတီလမ်း တစ်လျှောက်နှင့် အင်းလျားလမ်းအနီးတွင် တည်ဆောက်လျက်ရှိသော သင်္ကြန်မဏ္ဍပ်ကြီးများသည်လည်း အပြိုင်အဆိုင်တည်ဆောက်လျက်ရှိရာ အချို့မဏ္ဍပ်များမှာ ပြီးစီးလုရှိနေပြီဖြစ်သည်။ အချို့မဏ္ဍပ်များမှာ ဒီဇိုင်းအပြင်အဆင် အလှအပများ၊ မီးလုံးများ တပ်ဆင်ထားရန်ပြုလုပ်လျက်ရှိပြီး သင်္ကြန်မဏ္ဍပ်ခိုင်ခံ့စေရန် စတီးလ်ချောင်းများ၊ သံပိုက်များဖြင့် တည်ဆောက်နေသော မဏ္ဍပ်ကြီးများလည်း ရှိနေသည်။

ကမ္ဘာအေးစေတီလမ်း၊ အင်းလျားကန်အနီးဝန်းကျင်တွင် တည်ရှိသော မဏ္ဍပ်ကြီးများမှာ တစ်ခုနှင့်တစ်ခုကပ်လျက်ရှိရာ သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်ကြောပိတ်ဆို့မှု အများဆုံးဖြစ်ပွားနိုင်သည့် နေရာလည်း သေချာလုနီးပါးဖြစ်နေသည်။ နှစ်စဉ် သင်္ကြန်ပွဲတော်ကာလအတွင်း ချော်တွင်းကုန်းမီးပွိုင့်မှ အင်းလျားကန်အနီးဝန်းကျင်နှင့် ကုက္ကိုင်းလမ်းဆုံအထိ ယာဉ်ကြောပိတ်ဆို့နေခဲ့သည်။

တစ်ဖန် ကန်တော်ကြီးပတ်လမ်းတွင်လည်း သင်္ကြန်မဏ္ဍပ်များ တည်ဆောက်လျက်ရှိရာ အချို့မဏ္ဍပ်များမှာ တည်ဆောက်နေဆဲဖြစ်ရာ သင်္ကြန်အကြိုနေ့မတိုင်မီအထိ အပြီးသတ်လုပ်ငန်းများ လုပ်ကိုင်ရမည့် အနေအထားရှိနေသည်။ ကန်တော်ကြီး ပတ်လမ်းတွင် တည်ဆောက်နေသော မဏ္ဍပ်များမှာ နှစ်စဉ်ခွင့်ပြုနေကျနေရာများတွင် တည်ဆောက်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ အကြီးစား သင်္ကြန်မဏ္ဍပ်အချို့မှာ တည်ဆောက်မှုပြီးစီးနေပြီး ရေပက်ဖျန်းရန်အတွက် ရေပိုက်များပင် အသင့်ချပြင်ဆင်ထားသည်ကို တွေ့ရသည်။ အချို့မဏ္ဍပ်များမှာ ဒီဇိုင်းအလှအပပြင်ဆင်မှု အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

သင်္ကြန်ပွဲတော် ကာလအတွင်း သင်္ကြန်မဏ္ဍပ်များတွင် လုံခြုံရေးအတွက် စီစီတီဗွီကင်မရာများ၊ လုံခြုံရေးအဖွဲ့များထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပြီး စစ်ဆေးရေးအဖွဲ့များကလည်း သင်္ကြန်ရေမကစားမီအချိန်ကာလနှင့် ရေကစားနားနေချိန်များတွင် လုံခြုံရေးအတွက် စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

တစ်ဖန် သင်္ကြန်ပွဲတော်ကာလအတွင်း သင်္ကြန်မဏ္ဍပ်များအား ဇုန်အလိုက်ခွဲပြီးကွပ်ကဲရေးရုံးများ ထားရှိကာ လုံခြုံရေးအတွက် ကြပ်မတ်သွားမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သင်္ကြန်ပွဲတော် နွှဲပျော်သူများအတွက် မကြာမီ ရောက်ရှိတော့မည့် သင်္ကြန်ပွဲတော်ရက်အတွင်း ရွှင်မြူးပျော်ရွှင်စွာ ရေပက်ကစားကြရန် ဟန်ပြင်နေပြီဖြစ်ရာ လူငယ်၊ လူကြီးမရွေး ပျော်ရွှင်ကြည်နူးရမည့် နှစ်သစ်ကူးရေသဘင်ပွဲကို နွှဲပျော်ရတော့မည် ဖြစ်သည်။

**(မြန်မာ့အလင်း)**

## တောင်ငူတက္ကသိုလ် သတ္တဗေဒဌာနမှ မန္တလေးမြို့သို့ လေ့လာရေးခရီးသွားရောက်

**တောင်ငူ ဧပြီ ၁၀**

တောင်ငူတက္ကသိုလ် သတ္တဗေဒဌာနမှ ဌာနမှူး ဒေါက်တာဝင်းဝင်းသန်းနှင့် ပါမောက္ခ ဒေါက်တာသက်သက်ထွန်းတို့ ဦးဆောင်သော လေ့လာရေးအဖွဲ့သည် တွဲဖက်ပါမောက္ခသုံးဦး၊ ကထိကခြောက်ဦး၊ သရုပ်ပြနှစ်ဦးနှင့် ဝန်ထမ်းတစ်ဦးတို့နှင့်အတူ တတိယနှစ်၊ စတုတ္ထနှစ်၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ်ဂုဏ်ထူးတန်း၊ မဟာသိပ္ပံပထမနှစ်ကျောင်းသား ကျောင်းသူ ၁၄၀ တို့သည် ဧပြီ ၃ ရက် နံနက်ပိုင်းက တောင်ငူမြို့မှ စတင်ထွက်ခွာခဲ့ပြီး မန္တလေး၊ ပြင်ဦးလွင် ချပ်သင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုံရွာအလောင်းတော်ကဿပ အမျိုးသားဥယျာဉ်တို့သို့ သွားရောက်ခဲ့သည်။

ဧပြီ ၄ ရက်တွင် မန္တလေးမြို့ အောင်မြေသာဇံမြို့နယ်ရှိ သရက်ကုန်းငါးလုပ်ငန်းစခန်းသို့ ဝင်ရောက်ပြီး ငါးဆေးထိုးသားဖောက်ခြင်းကို ကြည့်ရှုလေ့လာခဲ့ကာ လေ့လာရေးခရီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ထို့နောက် ပြင်ဦးလွင် မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ သွားရောက်ကာ ဘာသာရပ်နှင့်သက်ဆိုင်သည့် လိပ်ပြာများ၊ ငှက်များ၊ ပိုးတောင်မာများနှင့် တီကောင်များအားလည်းကောင်း၊ ဧပြီ ၅ ရက် တွင် ကန့်ဘလူမြို့နယ် ချပ်သင်းမြို့သို့ သွားရောက်ကာ ချပ်သင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရွှေသမင်များ၊ ငှက်များ၊ အင်းဆက်များကိုလည်းကောင်း၊ ဧပြီ ၆ ရက်နေ့တွင် မုံရွာမြို့ရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်တွင် ဆင်များ၏ ခြေရာကောက်ခြင်းများ၊ ငါးနှင့် အင်းဆက်ပိုးများကိုလည်းကောင်း၊ ဧပြီ ၇ ရက်တွင် ဖိုလ်ဝင်တောင်ရှိ မျောက်များ၏ နေထိုင်ပုံအလေ့အထနှင့် စားသောက်ပုံ အလေ့အထတို့ကိုလည်းကောင်း လေ့လာခဲ့ကြသည်။ ထို့နောက် မိုးညှင်းသမ္ဗုဒ္ဓေ၊ ကံ့ဘလူဘုရားနှင့် မန္တလေးတောင်ပေါ်ရှိဘုရားများအား ဖူးမြော်ခဲ့ကြပြီး တောင်ငူမြို့သို့ ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

ပြည်တွင်းသတင်း



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကာတာနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဧပြီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကာတာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟာဆန်ဘင် မိုဟာမက် ရာဖီအယ်လ် အီမာဒီသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကာတာနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟာဆန်ဘင် မိုဟာမက်ရာဖီအယ်လ် အီမာဒီ ခန့်အပ်လွှာကို ပေးအပ်စဉ်။**

(သတင်းစဉ်)

# နှစ်နိုင်ငံဆက်ဆံမှု ဆက်လက်တိုးမြှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၁၀

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကိုရီးယားသမ္မတနိုင်ငံသို့ ဧပြီ ၆ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့ပြီး ဧပြီ ၁၀ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။**

ကိုရီးယားသမ္မတနိုင်ငံ ခရီးစဉ်အတွင်း ဧပြီ ၆ ရက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာယွမ်ပြုံဆဲအား ဆိုးလ်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံမှု ဆက်လက်တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ၎င်းအပြင် ယခုနှစ်တွင်ကျရောက်သည့် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၄၀)ပြည့်အထိမ်းအမှတ်ဆိုင်ရာ အခမ်းအနားများကျင်းပရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီဘတ်ဆွန်းတို့လည်း တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဂျင်ဂျူးမြို့ရှိ ဂျုံးဆန်းအမျိုးသားတက္ကသိုလ် (Gyeongsang National University-GNU) ၌ ပြုလုပ်သည့် ဂျုံးဆန်းအမျိုးသားတက္ကသိုလ်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နိုင်ငံရေးသိပ္ပံဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Doctorate Degree of Political Science) ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားသို့ တက်ရောက်ကာ နိုင်ငံရေးသိပ္ပံဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Doctorate Degree of Political Science) ကို လက်ခံရယူသည်။ ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့ညနေပိုင်းတွင် Gyeongsang National University ဥက္ကဋ္ဌနှင့် တက္ကသိုလ်၏ ဘာသာရပ်ဆိုင်ရာ ဌာနအသီးသီးမှ ပါမောက္ခချုပ်များက တည်ခင်းသည့်ညစာစားပွဲသို့ တက်ရောက်သည်။ **(မြန်မာ့အလင်း)**

**တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်**

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာ အမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းအသိအမှတ်ပြု လက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည် ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၀-၄-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်း သက်တမ်းတိုး (၁၁) ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး (၁၄) ဦး ပေါင်းလုပ်ငန်း သက်တမ်းတိုး (၂၅)ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူ (၅) ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၄) ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၂) ဦး၊ အထွေထွေထုတ်ဝေခွင့် (၈)ဦး ပေါင်း လုပ်ငန်းအသစ် ၁၉ ဦးတို့အားလည်းကောင်း၊ ထုတ်ဝေလုပ်ငန်းအမည်ပြောင်း(၁)ဦး၊ ထုတ်ဝေသူအမည်ပြောင်း (၁)ဦး၊ ထုတ်ဝေသူအမည်နှင့် လုပ်ငန်းလိပ်စာပြောင်း(၁)ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၉၄၅)ဦးနှင့် အသစ်လျှောက်ထားသူ (၁၆၀)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၉၅၁) ဦးနှင့် အသစ်လျှောက်ထားသူ (၃၇၃)ဦး၊ သတင်းအေဂျင်စီ လုပ်ငန်းအသစ်လျှောက်ထားသူ (၁၀) ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် (၂၄၃၉) စောင်ကို စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူ (၁)ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဆလိုဗေးနီးယားနိုင်ငံသား ကွဲကွာနေသောဆွေမျိုးများအား လာရောက်ရှာဖွေ

**နေပြည်တော် ဧပြီ ၁၀**

ဆလိုဗေးနီးယားနိုင်ငံသားတစ်ဦးသည် ကွဲကွာနေသောမိမိဆွေမျိုးများအား ပြန်လည်တွေ့ရှိလိုသဖြင့် ဧပြီ ၉ ရက်မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် မေးမြန်းစုံစမ်းသည်။

လာရောက်စုံစမ်းသူ ဆလိုဗေးနီးယားနိုင်ငံသား Mr.Janez Kovac Myint သည် နေပြည်တော်ဟိုတယ်ဇုန်(၁) Apex ဟိုတယ်တွင်တည်းခိုနေထိုင်ခဲ့ပြီး ၎င်း၏ ဖခင်ဦးကျော်မြင့်(ခ)ဦးအာလူး(မြန်မာနိုင်ငံသား)၏ ညီတော်စပ်သူများဖြစ်သော ပျဉ်းမနားမြို့ သနပ်ပင်ဆိပ်အရှေ့ရွာနေ ဦးမြင့်ဆွေ၊ ညီမတော်သူ ဒေါ်စိုးကြည်နှင့် ဒေါ်မျိုးမြင့်တို့အား ၎င်း၏ဖခင်ဦးကျော်မြင့်က ဆွေမျိုးများရှိရာ မြန်မာနိုင်ငံသို့သွားရောက်ရှာဖွေစေသဖြင့် လာရောက်ရှာဖွေခြင်းဖြစ်ပါကြောင်း၊ ၎င်းဖခင်ဦးကျော်မြင့်သည် မြန်မာနိုင်ငံသားတစ်ဦးဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်က ဆိုဗီယက်ရုရှားသို့ရောက်ရှိခဲ့ရာမှ ရုရှားတွင် မိခင်ဆလိုဗေးနီးယားသူနှင့် တွေ့ဆုံအိမ်ထောင်ကျခဲ့ပြီး ယခုအချိန်တွင် မိသားစုများနှင့်အတူ ဆလိုဗေးနီးယားတွင် နေထိုင်လျက်ရှိကြောင်း၊ ဖခင် ဦးကျော်မြင့်မှာ ယခုအချိန်တွင် အသက် ၇၀ ကျော်ဖြင့် ဆလိုဗေးနီးယားနိုင်ငံတွင် ကျန်းမာစွာနေထိုင်လျက်ရှိပြီး သားသမီးမြေးများပင်ရရှိနေပြီဖြစ်ကြောင်း Mr.Janez Kovac Myint ကပြောကြားပြီး နိုင်ငံခြားသားများကြီးကြပ်ထိန်းသိမ်းစောင့်ရှောက် ရေးကော်မတီ(ပျဉ်းမနား)မှ အဖွဲ့ဝင်တစ်ဦးက ဘာသာပြန်၍ ပြန်လည်ပြောကြားပေးသည်။

အဆိုပါ နိုင်ငံခြားသား ကွဲကွာနေသောဆွေမျိုးများနှင့် ပြန်လည်တွေ့ဆုံနိုင်စေရန် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဝင်များက ကူညီဆောင်ရွက်ပေးခဲ့သဖြင့် ပြန်လည်တွေ့ဆုံခွင့်ရရှိခဲ့ကြောင်း၊ ယခုလိုပါဝင်ကူညီပေးသော မြန်မာနိုင်ငံသားများအားလုံးနှင့် ဌာနဆိုင်ရာအဖွဲ့များကို လွန်စွာကျေးဇူးတင်ရှိပါကြောင်း အဆိုပါနိုင်ငံခြားသားက ပြောကြားသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-ဇူလိုင်မိုး(မြန်မာ့အလင်း)**



ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဟန်ဂေရီနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာ ပီတာ ဂျာကပ်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ပီတာ ဂျာကပ်တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

(သတင်းစဉ်)

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(မူကြမ်း) ချုပ်ဆိုခြင်းအပေါ် ကြိုဆိုထောက်ခံ

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(မူကြမ်း) (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ (၃၀-၃-၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ စာချုပ်ပါအချက်အားလုံးကို သဘောတူညီမှုရရှိခဲ့ပြီး (၃၁-၃-၂၀၁၅)ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့သည်ကို သိရှိရပါသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော အောင်မြင်မှုဟုခေါ်ဆိုနိုင်လောက်သည့် ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သော ၎င်းငြိမ်းချမ်းရေး အောင်မြင်မှုအား ကယားပြည်နယ်လွှတ်တော်မှ ကြိုဆိုထောက်ခံပါသည်။

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ ရှေ့အလားအလာ ကောင်းမွန်သည့်ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ထောင်နိုင်ရေးအတွက် ယခုကဲ့သို့ အပစ်အခတ်ရပ်စဲရေး၊ သဘောတူညီချက်(မူကြမ်း) လက်မှတ်ရေးထိုးနိုင်မှုအပေါ် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

**ကယားပြည်နယ်အစိုးရအဖွဲ့**

## ခန္တီးမြို့တွင် FM ရေဒီယို တွင်ကျယ်စွာအသုံးပြုလျက်ရှိ

**ခန္တီး မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ MRTV- FM ရေဒီယိုအားလှိုင်းနှုန်း(88 း 30 MHZ)ဖြင့် နေ့စဉ်ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်ပေးနေကြောင်း ခန္တီးခရိုင်စက်ရုံမှ ဦးစိုးမြင့်ထံက သိရသည်။

ဆက်လက်၍ ဦးစိုးမြင့်က ပြောကြားရာ“မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် လွယ်ကူစွာ ဖမ်းယူခံစားနားဆင်နိုင်ပြီဖြစ်ကြောင်း လက်ကမ်းစာစောင်၊ ပိုစတာများဖြင့် အသိပေး သတင်းကောင်းပါးပေးအပ်ပါပြီ”ဟု ဆက်လက်ပြောကြားသည်။

**ချန်လော(iprd)**

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစေမည့် Pekin Express ခရီးသွားမှတ်တမ်း လာရောက်ရိုက်ကူး

**နေပြည်တော် မေ ၁၀**

ပုဂ္ဂလိက ခရီးသွားကုမ္ပဏီ Golden Trip Travels & Tours ၏စီစဉ်မှုဖြင့် ဘယ်လ်ဂျီယံ အခြေစိုက် Eccho Line BVBA မှ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေမည့် Pekin Express ခရီးသွားမှတ်တမ်းကို တတိယအကြိမ်အဖြစ် မတ် ၂၃ ရက်မှ မေ ၆ ရက်အထိ မန္တလေး-ပခုက္ကူ-ပုဂံ-ပုပ္ပားတောင်-ကျောက်ပန်းတောင်း-ကံပြား-မကွေး- ညောင်ပင်ရွာ-နတ်မောက်-ပျော်ဘွယ်-ဘုရားငါးဆူ- ယင်းမာပင်-ကလော-လမိုင်း-သစ်လှ-ကလော-အောင်ပန်း-ပင်းတယ-တောင်ကြီး-ကက္ကူ- နမ့်ပန်-မိုင်းသောက်-ညောင်ရွှေ-အောင်ပန်း- ရမည်းသင်း-တောင်ငူ-အုတ်တွင်း-ပဲခူး-ရန်ကုန်မြို့များသို့ လာရောက်ရိုက်ကူးခဲ့ကြောင်း သိရသည်။

ရိုက်ကူးရေးအဖွဲ့တွင် စပိန်နိုင်ငံသား သရုပ်ဆောင်စုံတွဲ(၈)တွဲ၊ ဘယ်လ်ဂျီယံ နိုင်ငံသားနှင့် စပိန်နိုင်ငံသားအများစုပါဝင်သော ရိုက်ကူးရေးအဖွဲ့သားများ အပါအဝင် စုစုပေါင်း (၈၂)ဦးပါရှိကာ ခရီးစဉ်တွင် သရုပ်ဆောင်စုံတွဲများသည် ပြိုင်ပွဲသဘောမျိုးပါဝင်ကြပြီး ခရီးစဉ်တစ်နေရာမှ တစ်နေရာသို့ လမ်းတစ်လျှောက်တွင် မော်တော်ယာဉ်များ လမ်းကြုံစီးခြင်း၊ မိမိတည်းခိုမည့် ဒေသခံနေအိမ်များကိုလေ့လာရှာဖွေခြင်း၊ ခရီးစဉ်တစ်လျှောက် ဒေသခံများနေအိမ်၌ ညအိပ်ရပ်နားခြင်း၊ ရိုးရာဓလေ့ထုံးစံအတိုင်း နေထိုင်စားသောက်ခြင်း၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်း၊ ဒေသအလိုက်ကစားနည်းများတွင် ပါဝင်ကစားခြင်းတို့ ပါဝင်ရိုက်ကူးသရုပ်ဆောင်ကြသည်။

ခရီးစဉ် တစ်လျှောက်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဆက်သွယ်ဆက်ဆံရေး အရာထမ်းရှစ်ဦး လိုက်ပါပြီး ခရီးစဉ်အောင်မြင်ချောမွေ့စေရေး အတွက် ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ခရီးသွားမှတ်တမ်းတွင် မြန်မာနိုင်ငံ၏ တန်ခိုးကြီးစေတီပုထိုးများ၊ တောတောင်သဘာဝအလှရှုခင်းများ၊ ဒေသခံများ၏ ယဉ်ကျေးဖော်ရွေခြင်းနှင့် ဧည့်ဝတ်ကျေပွန်မှု၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့စရိုက်များကို ထင်ရှားပေါ်လွင်စေပြီး ၎င်းကို စပိန်နိုင်ငံအခြေစိုက် Antena ၃ (A4 Television) မှ နိုင်ငံတကာသို့ ထုတ်လွှင့်ပြသမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ကြိုဆိုထောက်ခံဆန္ဒဖော်ထုတ်ပွဲကျင်းပ

**မူဆယ် မေ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ပြည်သူလူထု ဦးရေ ၅၀၀၀ ကျော်ခန့်သည် မူဆယ်လေယာဉ်ကွင်းဟောင်း လမ်းဆုံရပ်တွင် မတ် ၃ ရက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် စုပေါင်းစီတန်း၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူနိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံဆန္ဒဖော်ထုတ်ပွဲအခမ်းအနားတစ်ရပ်ကို မေ ၁၀ ရက် နံနက် ၇ နာရီက ကော့သောင်းမြို့ အင်္ဂဏဝါရပ်ကွက် ကျောက်တိုင်ကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရပ်မိရပ်ဖပြည်သူများ၊ အဖွဲ့အစည်းများ စုစုပေါင်းပြည်သူ ၂၀၀၀ ကျော်တို့က အုပ်စုနှစ်အုပ်စုခွဲကာ ကော့သောင်းဟိုတယ် စုရပ်လမ်းဆုံနှင့် ဘုရင့်နောင်ရပ်ကွက်လမ်းဆုံစုရပ် အသီးသီးမှ စစ်ကြောင်းပုံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံဆန္ဒဖော်ထုတ်ပွဲတွင် ပိုစတာများကိုင်ဆောင်လျက် ကြွေးကြော်သံများဖြင့် ကျောက်တိုင်ကွင်းသို့ ချီတက်စုရုံးကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မဟာသင်္ကြန်အကြိုကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်

**မန္တလေး မေ ၁၀**

မဟာသင်္ကြန်ပွဲတော် အကြိုကာလ မှုခင်းအသိပညာပေးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေး၊ တားမြစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရေး၊ ကာမစိတ်နှိုးဆွသောဆေးဝါးများ ရောင်းချမှုမရှိစေရေး၊ အဖျက်အမှောက် လုပ်ဆောင်မည့်သူများ ဝင်ရောက်မှုမရှိစေရေးတို့အတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ညွှန်ကြားမှုဖြင့် မေ ၈ ရက်က ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်၊ တံခွန်တိုင်အဝိုင်းအနီး ရန်ကုန်-မန္တလေး လမ်းပေါ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်ခဲ့ကြရာ မော်တော်ယာဉ် ၂၃ စီး၊ ဆိုင်ကယ် ၇၉ စီးတို့အား စစ်ဆေးရှာဖွေခဲ့ကြပြီး ယာဉ်မောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်ကြရန် ပညာပေးဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

ဆောင်းပါး

# ရိုးရာသင်္ကြန်လား၊ အကျည်းတန်သင်္ကြန်လား

**စံကားဝါ**

"နှစ်သစ်ကူးလို့ ချစ်ဦးကိုရှာဖွေ. . . ." သင်္ကြန်သီချင်းလေးအတိုင်းပင်။ နှစ်ဦးမှာ အချစ်ဦးဖြင့် ပျော်ရွှင်တော့မည့် မင်္ဂလာမောင်နှံစုံကို ချီးမြှင့်ဖို့အရေး မင်္ဂလာပွဲကျင်းပရာ အင်းစိန်သို့ စောစောစီးစီးထွက်ခဲ့မိသည်။ ရန်ကုန်မြို့လယ်ကောင်မှ အင်းစိန်အထိ ခရီးက မနီးလှ။ လမ်းဘေးဝဲယာဖူးပွင့်နေသော ငုရွှေဝါပင်တွေက ဝင်းဝင်းဝါနေပြီး မြန်မာတို့ရဲ့ အတာသင်္ကြန်ကို ပန်းတွေနဲ့ကြိုနေသလို ငုပင်လေးတွေကိုငုံပြီး တည်ဆောက်ထားကြတဲ့ မဏ္ဍပ်တွေကလည်း ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်၊ ပြည်လမ်းတစ်လျှောက်၊ ဆရာစံလမ်းတစ်လျှောက်မှာ ရုပ်လုံးကြွလာကြပြီ။ ငယ်ငယ်ကသင်္ကြန်၊ အတိတ်က သင်္ကြန်နှင့် ယနေ့သင်္ကြန်တို့ အတော်အတန်တော့ ကွာသွားခဲ့ပြီဖြစ်သည်။

"သပြေခက်နဲ့ ရေပက်တာ ဟိုးရှေးရှေးက သင်္ကြန်ပါ. . . ."ဆိုတာလည်း တကယ့်ကို ရှေးကသင်္ကြန်ဖြစ်ခဲ့ပြီ။ မိတ်ဆွေနိုင်ငံခြားသားများနှင့် တွေ့တိုင်း Wonderful Myanmar New Year လို့ မြန်မာ့သင်္ကြန်ကို အလေးထားချီးကျူးကြတိုင်း လိပ်ပြာမလုံဖြစ်ခဲ့တာ နှစ်အတော်ကြာပြီဖြစ်သည်။ သင်္ကြန်ကို နှစ်ကူးတဲ့ ရက်မြတ်နေ့ထူးလို့မှတ်ယူပြီး ကုသိုလ်ကောင်းမှုနဲ့ ပျော်မွေ့တဲ့ ပုံရိပ်တွေကို ရှာဖွေချီးကျူးရတဲ့ခေတ်လည်းဖြစ်သည်။

လွန်ခဲ့တဲ့ ငါးနှစ်ဆီက အကျည်းတန်ပြီး သွေးစွန်းတဲ့သင်္ကြန်ကြောင့် အသေအပျောက်နဲ့ ဒဏ်ရာရသူတွေက မီဒီယာတွေမှာ နေရာယူခဲ့တာကို မေ့မရသလို ၂၀၀၈ ခုနှစ်က မဏ္ဍပ်ကြီးပြိုကျတာကိုလည်း မေ့မရပါဘူး။ ၂၀၁၀ နောက်ပိုင်းကာလမှာ သင်္ကြန်ရဲ့ ရေစီးကတစ်မျိုးပြောင်းခဲ့သည်။ သင်္ကြန်ဆိုတာ မြူးဖို့၊ ပျော်ဖို့၊ ကဲဖို့ဆိုပြီး မိန်းကလေးတွေက သရုပ်ပျက်အဝတ်အစားဝတ်၊ ယောက်ျားလေးတွေက မူးယစ်ကြပြီး ဇာတိရုပ်ပျောက်လာခဲ့သည်။ သင်္ကြန်ကိုခုတုံးလုပ်ပြီး စီးပွားရှာ၊ ကြင်ယာရှာ၊ ယမကာ၊ ဘီယာနဲ့ ဝါသနာတူ၊ ဇတူသူများအဖို့ အပျော်ထက် အပြက်များတဲ့ သင်္ကြန်နှစ်များဆီကို လှမ်းမျှော်တွေးကြည့်နေမိတော့သည်။



ဓာတ်ပုံ-ဟိုတယ်ခရီး

**သင်္ကြန်ရဲ့ပုံရိပ်ကို အကြီးအကျယ်ထိခိုက်စေတဲ့ မိန်းကလေးများရဲ့ သရုပ်ပျက် အဝတ်အစားဝတ်ဆင်မှုကိုလည်း မဏ္ဍပ်လက်မှတ်တွေရောင်းတဲ့အချိန်ကတည်းက တင်းတင်းကျပ်ကျပ်သတိပေးတားမြစ်ထား**

" မီးက မဏ္ဍပ်မှာကဲမှာ"

လွန်ခဲ့တဲ့ လေးနှစ်က လေးနှစ်အရွယ် တူမလေးရဲ့ သင်္ကြန်ရင်ခုန်သံ။ သင်္ကြန်မှာ ဘယ်သူတွေက ဘာတွေလုပ်ကြတယ်ဆိုတာ သူ့အသက်ကာလအတွင်း အတုမြင်အတတ်သင်ခဲ့တာ။ "ဗစ်တိုးရီးယား ဘက်ခမ်းညှပ်တဲ့ဆံပင်ပုံစံ မီးကိုညှပ်ပေးပါ" ဆိုတာလည်း သူပါပဲ။

ယောဂီဝတ်စုံလေးနဲ့ ဥပုသ်စောင့်ဖို့ သွားကြတဲ့မေမေတွေလည်း နည်းလာသလို၊ ဖရိုသဝါစာ စကားလုံးနဲ့ ဟော့ဟော့ရမ်းရမ်း ယမကာမောင်မယ်များလည်း များသထက် များလာသည်က သေချာသည်။ နီးနီးစပ်စပ် မနှစ်ကသင်္ကြန်မှာ ယမကာမဏ္ဍပ်ရဲ့ ပေါင်တိုကကွက်များက သင်္ကြန်တစ်တွင်းလုံးကို နေရာယူခဲ့သည်။ ကိုယ့်နိုင်ငံကဖြစ်ဖြစ်၊ သူများနိုင်ငံကပဲဖြစ်ဖြစ် သေချာတာတော့ အရိုးကို အရွက်ဖုံးခဲ့တာပင်။ သက်ဆိုင်ရာက သတိပေးတားမြစ်ထားတဲ့ကြားက ကန်ပတ်လမ်းက မဏ္ဍပ်မှာ ပျောက်အိုးဖောက်တာ၊ မဏ္ဍပ်ပျော်များအတွက် အသင့်သောက်ယမကာ၊ ဘီယာက စိတ်ကြိုက်ဝန်ဆောင်မှုပေးတာ၊ တိုးတိုးတိတ်တိတ်ဆေးလိပ်နှင့် ပျော်တဲ့သူ၊ တစ်လမ်းတစ်ခရီး ယစ်သီးနဲ့ပျော်တဲ့သူ၊ ရင်တထိတ်ထိတ် လိင်စိတ်နဲ့ ပျော်တဲ့သူ ဒါတွေကို ဘယ်လိုကုစားကြမလဲ။

ခေတ်ရေစီးကို မလွန်ဆန်နိုင်သလို၊ ခေတ်ရေစီးထဲက ကောင်းမွေ၊ ဆိုးမွေတွေကိုလည်း ရှောင်လွှဲလို့ မရစကောင်းပါ။ ဒါပေမယ့် ကာကွယ်တားဆီးလို့တော့ ရနိုင်ကောင်းပါရဲ့။

ဒီနေ့တော့ သင်္ကြန်မဏ္ဍပ်များနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ရန်ကုန်သင်္ကြန်ကို ဘယ်လိုထိန်းမယ်ဆိုတာ အခါအခွင့်ကြုံလို့ သိခွင့်ရခဲ့တယ်။ လုံခြုံရေးကိစ္စ၊ စည်းကမ်းရေးရာကိစ္စနဲ့ သရုပ်ပျက်ဝတ်စားဆင်ယင်မှု တားဆီးရေးကိစ္စ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စ၊ ယာဉ်ကြောထိန်းသိမ်းရေးကိစ္စစတဲ့ ကိစ္စပေါင်းစုံအတွက် လုပ်ငန်းကော်မတီတွေနဲ့ တက်ညီလက်ညီ လှုပ်ရှားဆောင်ရွက်နေတာ တွေ့ခဲ့ရတယ်။

မှုခင်းဖြစ်ပွားမှုတွေမှာ ၂၀၁၄ ခုနှစ်က လူသတ်မှုအပါအဝင်အမှုအခင်းပေါင်း ၅၅ မှု ဖြစ်ပွားခဲ့တယ်။ တုတ်၊ ဓားလက်နက်ကိုင်ဆောင်တာကစပြီး အရက်သေစာသောက်စား မူးယစ်တာ၊ မလုံ့တလုံ ဝတ်စားဆင်ယင်မှုကအဆုံး မှုခင်းတွေ မဖြစ်ပွားစေဖို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ သတိပေးနှိုးဆော်ချက်များကို နေ့စဉ်သတင်းစာများတွင် ဖော်ပြနေတာလည်း တွေ့ရတယ်။

ဒီနှစ်အတွက် ထူးခြားတာက တိုင်းဒေသကြီး ထွေ/အုပ်က ပုဒ်မ ၁၈၈ အမိန့်ထုတ်ပြန်ပြီး သင်္ကြန်တွင်း လိုက်နာဆောင်ရွက်ရမယ့် စည်းကမ်းတွေနဲ့ပတ်သက်ပြီး လိုက်နာမှုမရှိတဲ့သူတိုင်းကို ချက်ချင်းအရေးယူ အပြစ်ပေးသွားမယ်ဆိုတာပါ။ နောက်တစ်ခုက အုပ်ချုပ်မှုနယ်မြေအလိုက် Task Force အဖွဲ့တွေနဲ့ စုံစမ်းထောက်လှမ်းပြီး လိုင်စင်မဲ့ ယစ်မျိုးဆိုင်တွေကို တင်းကျပ်စွာ အရေးယူမယ်ဆိုတာသိရလို့ ထူးခြားတယ်လို့ ဆိုချင်တာပါ။

နောက်ပြီးတော့ မူးယစ်တပ်ဖွဲ့တွေက သက်ဆိုင်ရာနယ်မြေအလိုက် အရပ်ဝတ် အသွင်ယူပြီး သံသယရှိတဲ့သူ၊ ရောင်းချသုံးစွဲသူတွေကို မဏ္ဍပ်တိုင်းမှာ စောင့်ကြည့်ဖမ်းဆီးအရေးယူသွားမယ်ဆိုတာဖြစ်ပါတယ်။ သင်္ကြန်ရဲ့ပုံရိပ်ကို အကြီးအကျယ်ထိခိုက်စေတဲ့ မိန်းကလေးများရဲ့ သရုပ်ပျက်အဝတ်အစားဝတ်ဆင်မှုကိုလည်း မဏ္ဍပ်လက်မှတ်တွေရောင်းတဲ့အချိန်ကတည်းက တင်းတင်းကျပ်ကျပ် သတိပေးတားမြစ်ထားတယ်ဆိုတာ သိရပါတယ်။



ဓာတ်ပုံ-အင်တာနက်

နောက်ပြီး သင်္ကြန်မတိုင်ခင်မှာလည်း သက်ဆိုင်ရာက မဏ္ဍပ်တည်ဆောက်မှုကစပြီး စည်းကျော်ဆောက်လုပ်ထားတာ၊ အလုံခန်း၊ သီးသန့်ခန်းထားရှိတာစတဲ့ မဏ္ဍပ်ဆောက်လုပ်သူတွေ လိုက်နာရမယ့် စည်းကမ်းနဲ့ ပတ်သက်ပြီး စစ်ဆေးရေးအဖွဲ့တွေနဲ့ အမြဲမပြတ် စစ်ဆေးသွားမယ်ဆိုတာလည်း သိရတယ်။

ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက" စည်းကမ်းထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး လိုက်နာရမယ့် အချက်(၄၄)ချက်ကို ထုတ်ပြန်ထားပါတယ်။ အရင်နှစ်တွေတုန်းက စည်းကမ်းချက် မလိုက်နာရင် ဒဏ်တပ်မယ်ဆိုတာမှာ ဒဏ်တပ်ခံပြီး ဖောက်ဖျက်ကြတာတွေ့ရတယ်။ ဒီနှစ်တော့ မရပါဘူး။ ထိထိရောက်ရောက်အရေးယူမယ်ဆိုတာ ထပ်ပြီးပြောပါရစေ" လို့ အလေးအနက်ထားပြောသွားတာ ကြားခဲ့ရပါတယ်။

" မဏ္ဍပ်မှာ မူးယစ်ဆေးဝါးကိစ္စနဲ့ပတ်သက်လာရင် မဏ္ဍပ်ကို ချက်ချင်းပိတ်သိမ်းမှာဖြစ်ပါတယ်။ ရေဖြုတ်၊ မီးဖြုတ်တာအပြင် ချိပ်ပိတ်ဆောင်ရွက်မှုမှာလည်း ဘယ်လိုပြစ်မှုမျိုးကို ကျူးလွန်လို့ တရားဝင်ပိတ်သိမ်းပါတယ်ဆိုတာ မီဒီယာတွေပါ တစ်ပါတည်းခေါ်လာပြီး ပွင့်ပွင့်လင်းလင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနေ့မိရင် ဒီနေ့ပိတ်မယ်။ ဒါကြိုတင်ပြီး ကျွန်တော်ပြောတာပါ။ မလုပ်လို့ မရတဲ့ အနေအထားဖြစ်တဲ့အတွက် ဒီနှစ်က ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားမယ်ဆိုတာ ကြိုတင်ပြီးပြောခြင်းဖြစ်ပါတယ်" လို့ နယ်/လုံဝန်ကြီးက ဆက်ပြောပါတယ်။

ဆရာစံလမ်းမှာ ဆောက်လုပ်နေတဲ့ ရွှေပိတောက်မဏ္ဍပ်က ကိုခင်မောင်ဇော်က " မိသားစု မဏ္ဍပ်ဆိုတော့ လုံခြုံရေးကို အလေးထားပါတယ်။ စီစီတီဗွီခြောက်လုံးတပ်ထားတယ်။ လုံခြုံရေးအယောက် ၄၀ နဲ့ စီစဉ်ထားပါတယ်။ မဏ္ဍပ်နောက်မှာတော့ မိသားစုတွေကပါလာတဲ့ ကလေးတွေအတွက် ပျော့ပျော့အိအိကစားကွင်းတွေ၊ ရေမြှုပ်ကစားကွင်း၊ ရေကူးကန်လေးတွေ စီစဉ်ထားပါတယ်" လို့ ပြောပြပါတယ်။ စပွန်ဆာရှာနေဆဲ မဏ္ဍပ်အချို့လည်း ရှိနေသေးပြီး စပွန်ဆာကုမ္ပဏီရဲ့ ပစ္စည်းနဲ့ငွေကြေးငွေ့မှုတွေကိုလည်း ဒီနှစ်မှာ ခွင့်ပြုမထားဘူးလို့ သိရပါတယ်။ လုံခြုံရေးအစီအမံမှာ အရွယ်အစားအလိုက် စီစီတီဗွီအလုံးရေ သတ်မှတ်ချက်တွေ၊ တာယာကွင်း၊ သဲအိတ်တွေနဲ့ ဗုံးစွန့်ကျင်းစီမံဆောင်ရွက်တာတွေနဲ့ စနစ်တကျစီစဉ်ထားတာလည်း သိခွင့်ရခဲ့တယ်။

ဒီလိုစည်းကမ်းတကျ ကြပ်မတ်ဆောင်ရွက်မှုတွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ မဏ္ဍပ်တည်ဆောက်သူတွေ၊ ရေကစားသူတွေနဲ့ ပြည်သူတစ်ရပ်လုံးက ယဉ်ကျေးတဲ့သင်္ကြန်အဖြစ် သရုပ်မှန်ပြန်ရအောင် အလေးထားဆောင်ရွက်ဖို့လိုပြီဖြစ်ပါတယ်။ ထိုင်းနိုင်ငံက ဒီနှစ် နှစ်သစ်ကူးကို ရိုးရာအဝတ်အစားနဲ့ ရေပက်ကစားရမယ်လို့ အမိန့်ထုတ်သတဲ့။ မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ကို အရက်၊ ဘီယာ၊ ယမကာမျိုးစုံ၊ ပဲလှော်၊ အသီး ၊ အမြည်းအစုံအလင်နဲ့ သရုပ်ပျက် သင်္ကြန်၊ မူးယစ်သင်္ကြန်အဖြစ်နဲ့ အကျည်းတန်စေခဲ့တာကို ရပ်ချိန်တန်ပါပြီ။ ဒီအခြေအနေကို ဒီနေ့မထိန်းသိမ်းရင် မနက်ဖြန်မှာ သင်္ကြန်ဆိုတာ ချိုနဲ့လားလို့ မေးရတော့မှာပါ။ ဒီအကျည်းတန်သင်္ကြန်ကို ရပ်တန်းကရပ်ပြီး ယဉ်ကျေးမှုထွန်းကားတဲ့ အာရှနိုင်ငံများဆီက မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်အဖြစ် အသစ်ပြန်လည်မြင်တွေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်. . . . .

## နေပြည်တော် မဟာသင်္ကြန်တွင် မဏ္ဍပ်ကြီးကိုးခု၌ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်တေးသံရှင်များနှင့်ဖျော်ဖြေမည်

**နေပြည်တော် ဧပြီ ၁၀**

နေပြည်တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ကို ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်သင်္ကြန်တွင် နေပြည်တော်ဟိုတယ်ဇုန်တွင် မဏ္ဍပ်ကြီးကိုးခုနှင့် နေပြည်တော် သီရိမြို့နယ်များ၊ ပျဉ်းမနား၊ တပ်ကုန်း၊ လယ် ဝေးမြို့နယ်များတွင် မြို့နယ်အလိုက် သင်္ကြန်မဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

"ဒီနှစ်သင်္ကြန်မှာ ပိတောက်ရွှေဝါ မဏ္ဍပ်မိသားစုအနေဖြင့် ဒုတိယနှစ် ရေကစားကဏ္ဍပ်အဖြစ် ပါဝင်ရေကစားမှာပါ။ အရင်နှစ်ကထက်မဏ္ဍပ်ကို ပိုပြီး ခိုင်မာတောင့်တင်းအောင် ဆောက်ထားပါတယ်" ဟု မဏ္ဍပ်ဆောက်လုပ်ရေးအဖွဲ့က ပြောသည်။

ဖျော်ဖြေရေးကဏ္ဍအနေဖြင့် နာမည်ကြီး ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ နာမည်ကြီး အဆိုရှင်များ ပါဝင်သီဆိုဖျော်ဖြေမည့်အပြင် ယိမ်းအဖွဲ့၏သင်္ကြန်အကများနှင့်လည်း မဏ္ဍပ်ကြီးများတွင် ဖျော်ဖြေသွားမည်ဖြစ်သည်။ သင်္ကြန်ရေကစားပရိသတ်များကို ရွှေသံလွင်မိသားစုမဏ္ဍပ်မှ ထမင်း၊ ဟင်း၊ မျိုးစုံစွာဖြင့် စတုဒိသာ ကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်သင်္ကြန်၌ နေပြည်တော်ဟိုတယ်ဇုန်ရှိ မဏ္ဍပ်များတွင် လုံခြုံရေးပိုင်းကို ယခင်နှစ်ကထက် ပိုမိုဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မဏ္ဍပ်အနီး အရက်ဘီယာရောင်းချမှုကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## သင်္ကြန်ကာလ မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး

**လွယ်ဂျယ် ဧပြီ ၁၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ်ခွဲတွင် သင်္ကြန်ကာလ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ဧပြီ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိုးမောက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ငယ်က သင်္ကြန်အကြိုကာလ လုံခြုံရေးနှင့်ပတ်သက်၍ မှုခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးဖော်ထုတ်ဖမ်းဆီးရေး၊ ကာမနိုးဆွသောဆေးဝါးများ ရောင်းချမှုမရှိစေရေးနှင့် အဖျက်အမှောက်လုပ်ငန်းများ လုပ်ဆောင်မည့်သူများ ဝင်ရောက်မှုမရှိစေရေးတို့ကို အသေးစိတ်ဟောပြောဆွေးနွေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# အမေရိကန်နှင့်ကျူးဘား နှစ် ၅၀ ကျော်အတွင်း အဆင့်မြင့်ခေါင်းဆောင်များအဆင့် တွေ့ဆုံဆွေးနွေး



**ပနားမား ဧပြီ ၁၀**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒနီကွတ်ဇ်တို့သည် ပနားမား၌တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်၅၀ကျော်အတွင်း အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးမှုဖြစ်ခဲ့သည်။

၎င်းတို့နှစ်ဦးသည် ပနားမားထိပ်သီးအစည်းအဝေး တက်ရောက်ပြီး တံခါးပိတ်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

ထိုအတောအတွင်း အမေရိကန်နိုင်ငံခြားရေးရုံးက ကျူးဘားနိုင်ငံအား အကြမ်းဖက်ဝါဒကို ဦးဆောင်ဦးရွက် ပြုလုပ်နေသည့် နိုင်ငံများစာရင်းမှ ပယ်ဖျက်ကြောင်း သတင်းများထွက်ပေါ်လာသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံသံရုံးများပြန်လည်ဖွင့်လှစ်ရန် လမ်းခင်းပေးခြင်းဖြစ်လာနိုင်သည်ဟု ဆိုသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ကျူးဘားခေါင်းဆောင်ရာအူးလ်ကက်စထရိုတို့သည် လာမည့် အမေရိကထိပ်သီးအစည်းအဝေး၌ ပထမဆုံးအကြိမ် တရားဝင်တွေ့ဆုံကြမည်ဖြစ်သည်။ ဂျွန်ကယ်ရီနှင့် ရိုဒနီကွတ်ဇ်တို့အကြား တွေ့ဆုံဆွေးနွေးမှုမှ အသေးစိတ်သတင်းအချက်အလက်များ ထွက်ပေါ်လာသည်။ ၁၉၅၉ ခုနှစ်က ကျူးဘားသမ္မတကက်စထရိုနှင့် အမေရိကန်ဒုတိယသမ္မတရစ်ချတ်နစ်ဆင်တို့ နောက်ဆုံးတွေ့ဆုံခဲ့ကြသည်။ **(ဘီဘီစီ)**

# ဘိုကိုဟာရမ်အုပ်စု၏တိုက်ခိုက်မှုကြောင့် ထွက်ပြေးခဲ့ရသည့် ဒုက္ခသည်များအတွက် ရန်ပုံငွေဒေါ်လာ ၁၇၄ သန်း လိုအပ်နေ

**ကုလသမဂ္ဂ ဧပြီ ၁၀**

ဘိုကိုဟာရမ်အကြမ်းဖက်အုပ်စု၏ တိုက်ခိုက်မှုကြောင့်ထွက်ပြေးခဲ့ရသည့် နိုင်ဂျီးရီးယားလူမျိုးထောင်ပေါင်းများစွာတို့အတွက် အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၇၄ သန်းကို ကုလသမဂ္ဂက တောင်းခံလျက်ရှိသည်။

ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အင်န်ဂျီအို ၂၃ ခုတို့သည် တက်ဖရီ အကြမ်းဖက်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် နိုင်ဂျီးရီးယားလူမျိုး ၂၀၀၀၀၀ နီးပါးတို့အတွက် အစားအသောက်၊ အဝတ်အစား၊ ပညာရေး၊ နေထိုင်ရေးနှင့် မိလ္လာစနစ်ကောင်းမွန်စေရေးတို့အတွက် လိုအပ်သည့် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၄ သန်းကို တောင်းခံနေကြသည်။

နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းရှိ ပြောင်းရွှေ့လာသူများနှင့် နယ်စပ်ဖြတ်ကျော်လာသောလူတို့သည် ဒုက္ခကြီးစွာရောက်နေကြကြောင်း၊ ၎င်းတို့သည် ဘဝဆက်လက်ရှင်သန်ရေးအတွက် စိုးထိတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏နေရပ်သို့ ပြန်ရန်မဖြစ်နိုင်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အနောက်အာဖရိကကိုယ်စားလှယ်က ပြောခဲ့သည်။

ဒုက္ခသည်ပေါင်း ၁၉၂၀၀၀ တို့သည် ဘိုကိုဟာရမ်တို့၏အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ဂျီးရီးယားနယ်စပ်ကိုဖြတ်ကျော်ပြီး ကင်မရွန်း၊ ချက်ဒ်နှင့်နိုင်ဂျာနိုင်ငံများအတွင်းသို့ ထွက်ပြေးကြသည်။ ယခုနှစ်ကုန်ပိုင်းတွင် ထွက်ပြေးသည့်အရေအတွက်မှာ ၂၄၀၀၀၀ထိ မြင့်တက်လာနိုင်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ဒုက္ခသည်များအပြင် နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းမှ လူပေါင်း ၁ ဒသမ ၁ သန်းသည် အိမ်ရာစွန့်ခွာထွက်ပြေးလျက်ရှိသည်ဟု ကုလသမဂ္ဂက ပြောသည်။ ၂၀၀၉ ခုနှစ်မှစတင်၍ ဘိုကိုဟာရမ်အုပ်စု၏ အကြမ်းဖက်မှုများကြောင့် လူပေါင်း ၁၅၀၀၀ သေဆုံးခဲ့ရပြီး လူတစ်သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

# အိုကလာဟိုးမား၌ နိုက်ထရိုဂျင်အဆိပ်ငွေ့ဖြင့် သေဒဏ်ပေးခြင်းပြုလုပ်မည်

**အိုကလာဟိုးမား ဧပြီ ၁၀**

အိုကလာဟိုးမားသည် အမေရိက၌ နိုက်ထရိုဂျင်အဆိပ်ငွေ့သုံး၍ ကွပ်မျက်ခြင်းကိုခွင့်ပြုမည့်ပထမဦးဆုံးသော ပြည်နယ်ဖြစ်လာဖွယ်ရှိသည်။ ပြည်နယ်ဥပဒေပြုလွှတ်တော်အနေဖြင့် ဥပဒေမူကြမ်းရေးဆွဲပြီးဖြစ်ရာ အဆိုပါဥပဒေကိုအတည်ပြုရန် အစိုးရ၏ခွင့်ပြုချက်ကို စောင့်ဆိုင်းလျက်ရှိသည်။

အမေရိကန်နိုင်ငံ ပြည်နယ်များအနေဖြင့် အဆိပ်ငွေ့များရှာဖွေရခက်ခဲမှုကြောင့် သေဒဏ်စီရင်သည့် အခြားနည်းလမ်းများကို တွေးတောကြံဆလျက်ရှိသည်။ သေဒဏ်ချမှတ်ခြင်းကို ဆန့်ကျင်သောဥရောပမှ ဆေးဝါးထုတ်လုပ်သူများက သေဒဏ်ပေးရာတွင် အသုံးပြုသည့်ဆေးဝါးများ ရောင်းချရန်ငြင်းဆန်လိုက်သည့်နောက်တွင် အဆိုပါဆေးဝါးများ ရှားပါးသွားခဲ့သည်။

အမေရိကန်တရားရုံးချုပ်က အိုကလာဟိုးမားရှိ သေဒဏ်စီရင်မှုများ၌ အသုံးပြုခဲ့သော ဆေးဝါးဖြစ်သည့် မိုင်ဒါဇိုလမ် အသုံးပြုမှုကို ယခုလနှောင်းပိုင်းတွင် ပြန်လည်ဆန်းစစ်သွားမည်ဖြစ်သည်ဟု သိရသည်။

ဆေးထိုးသွင်း၍ ကွပ်မျက်ခြင်းကို ဗဟိုတရားရုံးချုပ်က ဖွဲ့စည်းပုံဥပဒေနှင့်မကိုက်ညီဟူ၍ ပိတ်ပင်ခဲ့လျှင် နိုက်ထရိုဂျင်ဓာတ်ငွေ့သုံး ကွပ်မျက်ခြင်းသည် အိုကလာဟိုးမား၏ သေဒဏ်စီရင်မှု ဥပဒေသစ်ဖြစ်လာဖွယ် ရာရှိသည်။ လျှပ်စစ်ဖြင့် ကွပ်မျက်ခြင်းနှင့် သေနတ်ဖြင့်အဆုံးစီရင်ခြင်း နည်းလမ်းများကို အိုကလာဟိုမား၌ အသုံးပြုနေဆဲဖြစ်သည်။ **(ဘီဘီစီ)**

# ဒေါ်လာတန်ဖိုးမြင့်တက်လာသောကြောင့် ရေနံဈေးမြင့်တက်

**တီဟီရန် ဧပြီ ၁၀**

ဂျာမန်စီးပွားရေး မြင့်တက်လာမှု၊ အီရန်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်သော ရေရာမှုမရှိသည့် ညှိနှိုင်းဆွေးနွေးမှုများနှင့်အတူ ရေနံဈေးနှုန်းများသည်လည်း ကြာသပတေးနေ့က မြင့်တက်လာခဲ့သည်။

ဥရောပစတော့နှင့်ရှယ်ယာများသည် ဂျာမန်စက်မှုထုတ်လုပ်မှုများ၊ ကုန်စည်တန်ဖိုးနှုန်းထားများနှင့် ဂရိက နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကို ပြန်လည်ပေးချေရမည့် ချေးငွေများအပေါ် လွှမ်းမိုးမှုရှိသောကြောင့် ဘရန့်ရေနံစိမ်းသည် တစ်ရက်အတွင်း လေးရာခိုင်နှုန်းထိ မြင့်တက်လာသည်။

အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်ပေါ် အရေးယူထားသော ပိတ်ဆို့မှုများအားလုံး တစ်နေ့တည်းတွင် ဖယ်ရှားကင်းလွတ်ပေးမည်ဆိုပါက နောက်ဆုံးနျူကလီးယားသဘောတူညီချက်ကို လက်မှတ်ထိုးမှာဖြစ်ကြောင်း အီရန်ကပြောခဲ့သည်။ ဆီဈေးအပေါ် ဒေါ်လာသတ်မှတ်တန်ဖိုး မြင့်တက်လာသောကြောင့် ဒေါ်လာတန်ဖိုးလည်း မြင့်တက်လာသည်။ ထို့ကြောင့် အမေရိကန်အတိုးနှုန်းလည်း မြင့်တက်လာခဲ့သည်။



ဘရန့်ရေနံစိမ်း LCOc1 တစ်စည်လျှင် ၅၆ ဒသမ ၅၇ ဒေါ်လာရှိသောကြောင့် ယခင်ဈေးထက် ၁ ဒသမ ၀၂ ဒေါ်လာမြင့်တက်လာသည်။ ယခုအခါတွင် ၎င်းသည် ၅၈ ဒသမ ၀၂ ဒေါ်လာထိ ရှိလာသည်။

ဒေါ်လာဈေးနှုန်းမြင့်တက်လာခြင်းသည် ရေနံဈေးနှုန်းမြင့်တက်လာခြင်းကို ဖြစ်ပေါ်စေသည်။ ဗုဒ္ဓဟူးနေ့ကထုတ်ပြန်ခဲ့သော အစိုးရသတင်းအချက်အလက်များအရ ၁၄ နှစ်အတွင်း ရက်သတ္တပတ်ဈေးနှုန်း၏ အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ **(ရိုက်တာ)**

# အာဖဂန်မြောက်ပိုင်း ရှေ့နေချုပ်ရုံးကို သေနတ်သမားများ စီးနင်းတိုက်ခိုက်

**ကဘူးလ် ဧပြီ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း မာဇာအီးရှာရစ်မြို့၌ စစ်ယူနီဖောင်းဝတ်ဆင်ထားသော သေနတ်သမားများက ရှေ့နေချုပ်ရုံးကို ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံးပြီး ၆၅ ဦးထက်မနည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

တိုက်ခိုက်ရေးသမားလေးဦးသည် အဆိုပါရုံးသို့ လက်နက်များနှင့်အတူ ဝင်ရောက်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

သေဆုံးသူများတွင် ရဲအရာရှိချုပ်တစ်ဦးအပါအဝင် လုံခြုံရေးအရာရှိငါးဦးသေဆုံးသွားခဲ့ကြောင်း၊ ဒဏ်ရာရသူများတွင်လည်း အစိုးရတာဝန်ရှိသူ ၂၆ ဦး ပါဝင်ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုသည် ယင်းတို့၏လက်ချက်ဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဝိုင်းရံပိတ်ဆို့ တိုက်ခိုက်မှုမှာ ခုနစ်နာရီကြာမြင့်ခဲ့သည်။ သေနတ်သမားလေးဦးသည် လုံခြုံရေးဧရိယာအတွင်း အာဖဂန်အမျိုးသားလုံခြုံရေးတပ်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း ရှေ့နေချုပ်အား ကယ်တင်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ၎င်း၏ရုံးသည် ဘော့(စ်) ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးမှ မီတာ ၂၀၀ ခန့်သာ ကွာဝေးသောနေရာတွင် ရှိသည်။ **(ဘီဘီစီ)**



ပြည်တွင်းသတင်း

# ယီမင်နိုင်ငံမှ ကယ်ဆယ်ခဲ့သော မြန်မာနိုင်ငံသားနှစ်ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန်ညှိနှိုင်း

**နေပြည်တော်  ဧပြီ  ၁၀**

ယီမင်နိုင်ငံတွင် ပြည်တွင်းပဋိပက္ခဖြစ်ပွားမှုကြောင့် အိန္ဒိယနိုင်ငံသား အလုပ်သမားများနှင့် မြန်မာနိုင်ငံသားအလုပ်သမားနှစ်ဦးတို့ကို ဂျီဘူတီနိုင်ငံမှတစ်ဆင့် INS Mumbai သင်္ဘောဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ လာမည့် ၅ ရက်ခန့်တွင် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့သို့ရောက်ရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားအလုပ်သမားနှစ်ဦးအား မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နယူးဒေလီရှိ မြန်မာသံရုံးနှင့်ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးတို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် သံတွဲခရိုင် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်

**သံတွဲ  ဧပြီ  ၁၀**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဥပဒေရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ သံတွဲမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်နှင့် သံတွဲခရိုင် ဥပဒေအရာရှိ ဦးတင်မောင်တို့က ခရိုင်ဥပဒေရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်သည့် ခရိုင်ဥပဒေရုံးအဆောက်အအုံသစ်မှာအလျား ၆၈ ပေ၊ အနံ ၂၈ ပေခွဲ၊ အမြင့် ၂၅ ပေရှိ (RC) ကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၇ ဒသမ ၁ သန်းဖြင့် ရက္ခိတသီဟဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# တိုက်ခုနစ်လွှာမှ ပြုတ်ကျသည့် လေးနှစ်သမီး သေကံမရောက် သက်မပျောက်

**ရန်ကုန်  ဧပြီ  ၁၀**

ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် ပိတောက်ပင်လမ်း တိုက်အမှတ် (၈) ခုနစ်လွှာမှ အသက်လေးနှစ်အရွယ် မိန်းကလေးတစ်ဦး ပြုတ်ကျမှု ဧပြီ ၁၀ ရက် ည ၇ နာရီခန့်က ဖြစ်ပွားခဲ့သည်။

အဖ ဦးလှရွှေ အမိ ဒေါ်ပြုံးပြုံးချိုတို့၏သမီး မစုလတ်ဖြိုးသည် မိခင်မရှိခိုက် အဝတ်ပြုတ်ကျသဖြင့် လှမ်းကောက်ရာမှ ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း ကလေးငယ်၏ ပြောပြချက်အရ သိရသည်။

တာဝန်မှူး ရဲအုပ်နိုင်ဝင်း၏ ပြောကြားချက်အရ ကလေးငယ်မှာ ခုနစ်လွှာကပြုတ်ကျပြီး လမ်းပေါ်တွင်ရပ်ထားသည့် Alpha ကားပေါ်သို့ တစ်ဆင့်ကျပြီး မြေပြင်သို့ ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကံကောင်းလွန်းသည့် ကလေးငယ်မှာ သေကံမရောက် သက်မပျောက် ကလေးနတ်စောင့်ဆိုသည့်အတိုင်း ယာလက်ကောက်နာကျင်ခြင်း၊ အဆစ်ရောင်ခြင်း၊ နဖူးပွန်းပဲ့ခြင်း၊ မျက်ခုံး၊ ပါး၊ အပေါ်နှုတ်ခမ်းနှင့် ဝဲဘက်ခြေသလုံးတို့ ပွန်းပဲ့ဒဏ်ရာများသာ ရရှိခဲ့သည်။

ကလေးငယ်အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အနောက်ပိုင်းဆေးရုံသို့ ဦးစွာတင်ပို့ပေးခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်တင်ပို့ကုသမှုခံယူကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်**



**သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုများမဖြစ်ပွားစေရန်အတွက် တောင်ငူမြို့ရှိ တောင်ငူ-သံတောင်လမ်း စစ်တောင်းတံတား အနောက်ဘက်ထိပ် ကြက်လျှာစွန်းလမ်းဆုံ၌ ဧပြီ ၉ ရက် နံနက်က တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန်းထွန်း ဦးဆောင်အဖွဲ့က ယာဉ်များအား စစ်ဆေးဆောင်ရွက်စဉ်။** သူရ(တောင်ငူ)

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်းလမ်းမကြီး၊အမှတ်(၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**သည် ယင်းပါတီ၏ အလံကိုဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏ အလံကိုကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏အလံပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မဟာသင်္ကြန်ပွဲတော်အကြို ကာလနှင့်ပွဲတော်ကာလအတွင်း မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး လိင်စိတ်ကြွစေသောဆေးဝါးများရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းမရှိစေရေးပညာပေးဟောပြောပွဲကို ဧပြီ ၉ ရက်က အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဝင်းက သင်္ကြန်ကာလအတွင်း မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။**

(ဝ၂၁)

# စာရေးဆရာကြီး သိပ္ပံမျိုးတင်ကွယ်လွန်



ဦးတင်မောင်(သိပ္ပံမျိုးတင်)ကို မိုးကုတ်မြို့၌ ၁၉၂၄ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ကသာ၊ မန္တလေး၊ မြစ်ကြီးနားမြို့တို့တွင် ကျောင်းတက်ခဲ့ပြီး မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်း (ကျောင်းအုပ်ကြီး ဦးရာဇတ်)တွင် ၁၀ တန်းပညာရပ်များ သင်ကြားခဲ့သည်။ ၁၃၀၁ ခုနှစ်တွင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ အသက် ၁၈ နှစ်၌ တပ်မတော်သို့ ဝင်ရောက်ခဲ့သော ဦးတင်မောင်သည် BIA,BDA, PBF တပ်မတော်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး စစ်မှုထမ်းသက် ၂၃ နှစ်အကြာ ၁၉၆၅ ခုနှစ်တွင် ဗိုလ်မှူးဘဝဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ဂျပန်ခေတ် မင်္ဂလာဒုံဗိုလ်သင်တန်း ပထမပတ်၊ ဂျပန်ပြည် ဘုရင့်စစ်တက္ကသိုလ် ပထမပတ်၊ မင်္ဂလာဒုံ စစ်ဦးစီးတက္ကသိုလ် ဆဌမပတ်၊ အိန္ဒိယပြည် စစ်အင်ဂျင်နီယာ ဒီဂရီကောလိပ်တို့ အောင်မြင်ခဲ့သည်။

ဦးတင်မောင်သည် ၁၉၆၅ ခုနှစ်နောက်ပိုင်း သိပ္ပံစာပေများ ရေးသားခဲ့ရာမှ သိပ္ပံမျိုးတင်အဖြစ် နာမည်ရရှိခဲ့ပြီး လူသိများလာခဲ့သည်။ သိပ္ပံမဂ္ဂဇင်းကို ၁၉၈၀ ပြည့်နှစ်မှစပြီး ၂၆ နှစ်ကြာ ထုတ်ဝေခဲ့သည်။ ကိုယ်တိုင်လည်း ဆေးလိပ်ဖြတ်ခဲ့ပြီး ပြည်သူများသိရှိအောင် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများဖြစ်သည့် ဟောပြောပွဲများ၊ စာပေရေးသားခြင်းများ တက်ကြွစွာဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့မှုကြောင့် ၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရှေ့တောင်အာရှ၏ တစ်ဦးတည်းသော ဆေးလိပ်ဆန့်ကျင်ရေးဆုကို ချီးမြှင့်ခဲ့သည်။

ဦးတင်မောင် (သိပ္ပံမျိုးတင်) သည် ၂၀၀၅ ခုနှစ်တွင် သုတစွယ်စုံ တစ်သက်တာစာပေဆုနှင့် ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆုတို့ ရရှိခဲ့သည်။ ကွယ်လွန်ခါနီးအချိန်အထိ စာပေများရေးသားခဲ့ပြီး ရန်ကုန်မြို့ ခုနစ်မိုင်ခွဲ ၄၅ L တေးနုယဉ်လမ်း မရမ်းကုန်းမြို့နယ်နေအိမ်တွင် ဧပြီ ၉ ရက်က ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ဦး၊ သမီးလေးဦးတို့ကျန်ရစ်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ခင်ညွန့်မှာ အသက် ၇၂ နှစ်အရွယ် လွန်ခဲ့သည့် ၂၃ နှစ်ခန့်ကပင် ကွယ်လွန်ခဲ့ပြီဖြစ်သည်။

# လိုင်စင်မဲ့အရက်ပုန်းရောင်းချသူများအား ဖော်ထုတ်ဖမ်းဆီး

**ပဲခူး  ဧပြီ  ၁၀**

ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့်အတူ မဟာသင်္ကြန်ပွဲတော်ကာလမတိုင်မီ လိုင်စင်မဲ့အရက်ပုန်းရောင်းချသူများအား စီမံချက်ဖြင့် ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရန်အတွက် ခရိုင်ရဲတပ်ဖွဲ့နယ်မြေအတွင်း လိုင်စင်မဲ့အရက်ပုန်းရောင်းချသူများအား မြို့နယ်အလိုက် အရှိန်အဟုန်မြှင့် တိုးမြှင့်ဖမ်းဆီးခဲ့ရာ ဧပြီ ၆ ရက်တွင် လိုင်စင်မဲ့အရက်ပုန်းရောင်းချသူ ၁၄ ဦး၊ ဧပြီ ၇ ရက်တွင် လိုင်စင်မဲ့အရက်ပုန်းရောင်းချသူ ၆၃ ဦးတို့ကို ပဲခူးခရိုင်အတွင်းရှိ ရှစ်မြို့နယ်မှ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။ **သန့်စင်**

# ခရီးသည်တင်မှန်လုံယာဉ် ဂိတ်ကြေးကောက်ခံသည့် တိုးဂိတ်မှန်လုံခန်းကို ဝင်ရောက်တိုက်မိ

**နေပြည်တော်  ဧပြီ  ၁၀**

ဧပြီ ၈ ရက် နံနက် ၄ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၂၀၁/၆)နေပြည်တော် တိုးဂိတ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပလွေးအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ မန္တလေးသို့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နေ ဦးဝင်းကိုကို( ၅၂ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက်ဖြစ်သူ ရေဦးမြို့နယ် တင်းတိမ်ယံကျေးရွာနေ အောင်မျိုးထက်(၁၉ နှစ်) လိုက်ပါလာသည့် 9D/------“နယူးစိန်ငွေးလှိုင်” ခရီးသည်တင်မှန်လုံယာဉ်သည် ဂိတ်ကြေးပေးဆောင်ရန် တိုးဂိတ်သို့ ဖြတ်သန်းဝင်ရောက်စဉ် ယာဉ်၏ ယာဘက်ဘေးရှိပွင့်နေသည့် ပစ္စည်းသိုလှောင်ခန်းတံခါးဖြင့် ဂိတ်ကြေးကောက်ခံသည့် မှန်လုံခန်းကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရှိရသည်။ ထိုသို့တိုက်မိမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မှန်လုံခန်းတစ်ခန်း၊ မှန်လုံခန်းအတွင်းရှိ ကွန်ပျူတာတစ်စုံ၊ CCTV တစ်လုံး၊ လေအေးပေးစက်တစ်စုံတို့ ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ယာဉ်မောင်း ဦးဝင်းကိုကိုနှင့် ပစ္စည်းသိုလှောင်ခန်းကို စနစ်တကျမပိတ်သူ အောင်မျိုးထက်တို့အား ပလွေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



ပြည်တွင်းသတင်း

# ကျောင်းကုန်း၌ လေပြင်းတိုက်၊ နေအိမ်များအမိုးလန်ပျက်စီး

**ကျောင်းကုန်း ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ထန်းတပင်ကျေးရွာအုပ်စု ချောင်းတွင်းကျေးရွာ၌ GP 196802 တွင် ဧပြီ ၉ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်၍ မိုးရွာသွန်းမှုကြောင့် သုံးပင်ပတ်လည်သွပ်ညှပ်ထရံကာ မြေစိုက်အိမ် လေးလုံး၊ ဓနိမိုးထရံကာ မြေစိုက်အိမ် သုံးလုံး၊ အမိုးလန်ပျက်စီး အိမ်ခြေ ၁၈ လုံး၊ စုစုပေါင်း ၂၅ လုံး၊ လူဦးရေ ၁၁၅ ဦး လေဘေးဒဏ်ခံခဲ့ရသည်။

ချောင်းတွင်း ကျေးရွာနေ ဒေါ်တင်စော အသက်(၃၇ နှစ်) သည် အိမ်ပြိုမှုကြောင့် ခြေထောက်ထိခိုက်ဒဏ်ရာရရှိသဖြင့် ဒေါင့်ကြီးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(iprd)**

# မြင်းခြံမြို့၌ မီးလောင်မှု ဖြစ်ပွား

**မြင်းခြံ ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁၁)ရပ်ကွက်တွင် ဧပြီ ၉ ရက် ည ၇ နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်မှာ အမှတ်(၁၁)ရပ်ကွက်နေ အိမ်ရှင် ဦးကျော်ညွန့်သိန်း၏ သားဖြစ်သူ ကိုပြည့်ဖြိုးသိန်းသည် ဖခင်ဖြစ်သူနှင့် စကားများပြီး အိမ်ထရံများကို ဓာတ်ဆီနှင့်ပက်ဖျန်းပြီး မီးရှို့ရာမှ တင်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဦးကျော်ညွန့်သိန်း၏ ပေ(၂၀×၂၀) သွပ်မိုး၊ ထရံကာ၊ မြေစိုက်၊ ကွန်ကရစ်ခင်း အဆောက်အအုံ၌ အိမ်ထရံအနည်းငယ်၊ မျက်နှာကြက်အနည်းငယ်၊ မီးအားမြင့်စက်တစ်လုံး မီးလောင်ခံရကြောင်း၊ နေအိမ်ကိုမီးရှို့သူ ကိုပြည့်ဖြိုးသိန်း (၂၂ နှစ်)ကို မြင်းခြံမြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြင်းခြံမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်စက်ယာဉ်တစ်စီး စုစုပေါင်းရှစ်စီးဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ကျော်သူရတို့က ကြီးကြပ်ပြီး ငြိမ်းသတ်ခဲ့ရာ အနီးပတ်ဝန်းကျင်ရှိ အခြားအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# တပ်ကုန်းမြို့နယ်၌ လေပြင်းတိုက်၊ အိမ်နှင့်စာသင်ကျောင်းများ အမိုးလန်ပျက်စီး

**တပ်ကုန်း ဧပြီ ၁၀**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ဧပြီ ၉ ရက် ည ၇ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် စာသင်ကျောင်းများ အမိုးလန်ပြီး စာသင်ကျောင်းဆောင်တစ်ဆောင် ပြိုကျပျက်စီးကြောင်း သိရသည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် အေးချမ်းသာစံပြကျေးရွာ၌ လူနေအိမ် ၁၀၈ လုံးနှင့် သိမ်၊ ဆွမ်းစားကျောင်းတစ်ဆောင်၊ ဒဟတ်ကုန်းကျေးရွာ၌ လူနေအိမ် အလုံး ၇၀ နှင့် အထက်တန်းကျောင်းခွဲကျောင်းဆောင်ငါးဆောင်၊ သော်တာကျေးရွာ၌ လူနေအိမ် ၁၅၃ လုံး၊ မိုးနံကုန်းကျေးရွာတွင် လူနေအိမ် ၃၆ လုံး၊ ထရံကာကျေးရွာတွင် လူနေအိမ် ၁၄ လုံး၊ ရှားတုံးအိုင်ကျေးရွာတွင် ကျောင်းဆောင်တစ်ဆောင်၊ ဥသျှစ်ကုန်း ကျေးရွာတွင် လူနေအိမ် ၁၀ လုံး၊ တဲမြင့်ကျေးရွာ၌ လူနေအိမ်တစ်လုံး၊ စာသင်ကျောင်းဆောင်တစ်ဆောင်၊ ညောင်ကိုင်းကျေးရွာ၌ စာသင်ကျောင်းဆောင်တစ်ဆောင်၊ သစ်ဆိမ့်ပင်ကျေးရွာ၌ စာသင်ကျောင်းဆောင် တစ်ဆောင်၊ ကျေးချောင်း(မ)ကျေးရွာ၌ လူနေအိမ် ၅၉ လုံး၊ ကျေးချောင်း(တ)ကျေးရွာ၌ လူနေအိမ် ၂၈ လုံးနှင့် ကျောင်းဆောင်တစ်ဆောင် အမိုးလန်၍ ကျောင်းဆောင်တစ်ဆောင် ပြိုကျပျက်စီးခဲ့ကြောင်း၊ ဥသျှစ်ကုန်းကျေးရွာ၏ အရှေ့ဘက်၌ လျှပ်စစ် ၃၃ ကေဗွီ(တာဝါ)တိုင် နှစ်တိုင်လည်း ပျက်စီးခဲ့ကြောင်း သိရသည်။ (၄၁၇)

# သစ်လုံးများတင်လာသောယာဉ် တိမ်းမှောက်၊ နှစ်ဦးသေ

**ပျဉ်းမနား ဧပြီ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ဒေသဖြစ်သော သစ်တွန်အုပ်စု မရမ်းတောင်ကျေးရွာနှင့် ကံဦးကျေးရွာကြား မိုင်တိုင်အမှတ်(၆/၃)နှင့်(၇/၃)ကြား မရမ်းတောင်-ပျဉ်းမနားလမ်း၌ ဧပြီ ၉ ရက် နံနက် ၃ နာရီက သစ်လုံးတင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်မှာ မရမ်းတောင်-ပျဉ်းမနားလမ်း၌ မရမ်းတောင်ကျေးရွာမှ ပျဉ်းမနားမြို့သို့ ယာဉ်မောင်း ကိုဝင်း မောင်းနှင်သော ၉၅/------ အပြာရောင် ဖောကားသည် အခြားသစ်အမျိုးအစား ၁၂ ပေခန့်ရှိ တိုင်လုံး ခုနစ်လုံး၊ သစ်ကုဗတန် ဝ ဒသမ ၈၈၄ တန်နှင့် သစ်လုံး ၁၁ လုံး၊ သစ်ကုဗတန် ၂ ဒသမ ၃၅၄ တန်၊ စုစုပေါင်းသစ်လုံး ၁၈ လုံး၊ စုစုပေါင်း ကုဗတန် ၃ ဒသမ ၂၃၈ တန် တင်ဆောင် မောင်းနှင်လာသော မော်တော်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ် လိုက်ပါလာသူ ၁၀ ဦးခန့်အနက်မှ ယာဉ်မောင်း ကိုဝင်း(၄၁ နှစ်)ချောင်းကမ်းကြီးကျေးရွာ ကျည်တောင်အုပ်စု ဇေယျာသီရိမြို့နယ် နေသူတွင် ဒဏ်ရာများဖြင့်လည်းကောင်း၊ နိုင်လင်း(၂၇ နှစ်)၊ ယင်းကျေးရွာနေသူမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားရာနေရာ၌သေဆုံးခဲ့ပြီး ကျန်ထိခိုက်ဒဏ်ရာရရှိသူများအား ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ဆေးရုံသို့ တာဝန်ရှိသူများက ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**



**ဓာတ်ပုံ-မိုးဆွေ(ဝဲကြီးကူးတို့ဆိပ်)**

# ပိုင်ကျုံမြို့၌ လေပြင်းမုန်တိုင်းကြောင့် သစ်ပင်များ၊ အိမ်များ ပျက်စီး

**ပိုင်ကျုံ ဧပြီ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့၌ ဧပြီ ၈ ရက် ညနေ ၆ နာရီက လေပြင်းမုန်တိုင်းတစ်ခု ပြင်းထန်စွာတိုက်ခတ်သွားခဲ့သဖြင့် ရပ်ကွက်နှင့်လမ်းများ၌ သစ်ပင်များပြိုလဲခြင်း၊ နေအိမ်များပြိုလဲခြင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ရှိ ကုက္ကိုပင်ကြီးသည် ခါးလယ်မှ ပြတ်ကျကာ မြေစိုက်နံရံကပ်ဘုတ်အပေါ် ပိကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်နှင့်လမ်းများ၌ ပြိုလဲသွားသော သစ်ပင်များ၊ နေအိမ်များကို ပိုင်ကျုံမြို့ အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက နှစ်ရက်အတွင်း ပြန်လည်စုပေါင်းရှင်းလင်းဆောင်ရွက်၍ ပျက်စီးမှုများအား ပြန်လည်ပြုပြင်ကြသဖြင့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**ပိုင်ကျုံ(ပြန်/ဆက်)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**


**GOLDEN STAR Travels & Tours**

☆ ရွှေစက်တော်-ပုဂံ-ပုပ္ပါး-ပခုက္ကူ Apr-12
☆ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး Apr-12,13,17,30
☆ မုံရွာ-အလောင်းတော်ကဿပ Apr-11
☆ တောင်ကြီး-အင်းလေး-ပင်းတယ Apr-12,13,17,30
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း Apr-12,17,30
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး Apr-11,12
☆ ထားဝယ်(ရှင်ကိုးရှင်)-မော်လမြိုင်-စက်စဲ Apr-11

ကျိုက်ထီးရိုး-ရွှေချောင်းသာ-ငွေဆောင် (နေ့စဉ်)

Ph: 209200, 703448, 430480, 544383, 705968, 09-5081580



ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်
(ပြည်နယ်ရုံး)
ချင်းပြည်နယ်၊ ဟားခါးမြို့

**ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်းရှိ ရေဇွာဘဏ်ငွေတိုက်ခွဲ အဆောက်အအုံသစ်ဆောက်လုပ်မည်ဖြစ်ရာ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ အား ချိပ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၀-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက ပြည်နယ်ရုံးနှင့်အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ဖုန်း-၀၇၀-၂၂၄၀၀ (ပြည်နယ်ရုံး)
(ခ) ဖုန်း-၀၇၀-၂၁၃၅၉ (ပြည်နယ်ရုံး)



**ပျောက်ဆုံးကြောင်း**

ကျွန်မ မယုယုခိုင် ၁၄/ပသန(နိုင်)၁၅၂၂၄၁၏ PP No.MA 328343 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၀၆၄၄၅**



သာသနာပြုနှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ်ထုတ်ဝေသော
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်

**လှ ရတနာ မော်ကွန်း-မဂ္ဂဇင်း**

**ထွက်ပြီ**

ရွှေဝါဝင်း၊ ပါရဂူ၊ ဦးအောင်မွန်၊ ဝေမိုး-ကျွန်းလှ၊ မောင်မင်းစိုး စသောသူတို့၏ ရတနာသုံးပါးနှင့်ပတ်သက်သော အကြောင်းအရာများစွာကို စုံစုံလင်လင်ဖော်ပြထားသဖြင့် ဗုဒ္ဓဘာသာဝင်တိုင်းဆောင်ထားသင့်သော စာအုပ်ဖြစ်ပါသည်။

**မန္တလေး-နဂါးစာပေ** **ရန်ကုန်-သစ္စာမဏ္ဍိုင်စာပေ**



**ပြင်ဆင်ဖတ်ရှုပါရန်**

၇-၄-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၂)ပါ ပညာရေးဝန်ကြီးဌာန၊ သင်တန်းသားခေါ်ယူခြင်း ကြော်ငြာတွင် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ် (၂/၁၅) သင်တန်းသားများခေါ်ယူခြင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 3H/9762 TOYOTA Hilux Vigo KUN 26 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမွန်စံ ၁၃/တခလ(နိုင်)၀၉၃၅၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (တာချီလိတ်)**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 4C/7228 TOYOTA Mark II ယာဉ်လက်ဝယ်ရှိသူ ဦးအာမဲ ၁၃/မဆန(နိုင်)၀၁၆၉၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊(တာချီလိတ်)**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၃ယ/၃၇၈၅၈ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဦး ၁၃/တခလ(နိုင်)၀၄၀၉၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊(တာချီလိတ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းဘဏ်ခွဲ အဆောက်အအုံသစ်ဆောက်လုပ်ခြင်းတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၂-၄-၂၀၁၅ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၅-၂၀၁၅ရက်၊ ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
တိုင်းဒေသကြီးမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(တိုင်းဒေသကြီးရုံး) အမှတ်(၁၈၆)၊ ၈၃ လမ်း၊ ၂၅ လမ်းနှင့် ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၅၆၄၃၊ ၀၂-၂၄၉၄၃

၅။ အသေးစိတ်သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့်ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက်အမှတ် ၅၃၇၊ မြေကွက်ရရှိထားသူ ဒေါ်အေးဝင်းကြည် ၁၂/အစန(နိုင်)၁၂၃၃၂၁၃မှ မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြည်တွင်းသတင်း

# ဖားကန့်တွင် မြေစာလျှောဆင်းပြိုကျ ဘက်ဟိုးယာဉ်နှင့်လုပ်သားအချို့ မြေစာများပိမိနေ



**ဖားကန့် ဧပြီ ၁၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ကုဋ္ဌေကျေးရွာအနီးရှိ မြတ်ယမုံ ကျောက်မျက်ကုမ္ပဏီဝင်းအတွင်း မြေစာလျှောဆင်းပြိုကျမှု ဧပြီ ၈ ရက် ညနေ ၄ နာရီခွဲက ဖြစ်ပွားသည်။

အဆိုပါ မြတ်ယမုံကျောက်မျက်ကုမ္ပဏီသည် ကျောက်မျက်လုပ်ကွက်အတွင်း ကုဋ္ဌေကျေးရွာနှင့် လုပ်ကွက်အကြား အင်မားယန်ချောင်း ရေချောင်းတာပေါင် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် သုံးရက်ဆက်တိုက် မိုးရွာသွန်း၍ မြေစာပုံထု ပေ ၂၀၀၊ အမြင့် ပေ ၂၀၀ ခန့်သည် အကွာအဝေး ပေ ၅၀၀ ခန့် လျှောဆင်းခဲ့သည်။

ယင်းကဲ့သို့ ပြိုကျရာတွင် အပြင်အရပ်သားများ ထိခိုက်သေဆုံးမှု မရှိသော်လည်း ကုမ္ပဏီဝန်ထမ်းများဖြစ်သော ကျောက်ရှာလုပ်သား ငါးဦး၊ မိုင်းလုပ်သားနှစ်ဦး၊ စက်မောင်းသမားသုံးဦး စုစုပေါင်း ၁၀ ဦး မြေစာပိ၍ ပျောက်ဆုံးခဲ့သည်။ ငါးဦး ဖော်ယူရရှိခဲ့ပြီး လုံးခင်းဆေးရုံတွင် ဆေးကုသလျက်ရှိပြီး ဘက်ဟိုး ယာဉ်နှစ်စီး မြေစာအတွင်း နစ်မြုပ်ခဲ့ပြီး သုံးစီးမှာ တိမ်းစောင်းခဲ့သည်။

အဆိုပါနေ့ ည ၉ နာရီတွင် ဆေးရုံတက်ရောက်နေသူ တစ်ဦးသေဆုံးသွားပြီး ဧပြီ ၉ ရက် နံနက် ၃ နာရီတွင် ၁၀ ဦးထဲမှ တစ်ဦးကို မြေစာအတွင်း သေဆုံးလျက် ဖော်ယူရရှိခဲ့သည်။

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ကုဋ္ဌေကျေးရွာအနီးရှိ အကျိုးတူ မြတ်ယမုံကျောက်မျက်ကုမ္ပဏီဝန်းအတွင်း မြေစာလျှောဆင်းပြိုကျမှုတွင် အပြင်အရပ်သားများ လုံးဝမပါရှိဘဲ ကုမ္ပဏီဝန်ထမ်းအချို့ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ရှိကြောင်း သိရှိရသည်။

(ဝဇ္ဇ)

# သစ်ပင်လဲကျမှုကြောင့် လမ်းပိတ်ဆို့



**ကြံခင်း ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြံခင်း-ပြည် ကားလမ်း မိုင်တိုင်အမှတ် (၈/၁) နှင့် (၈/၂) အကြား ဘက်ရဲမြို့ ရှင်းလင်းဆောင်ရွေ့ ဇီးပင်ကွင်းကျေးရွာ လမ်းမထိပ်တွင် ဧပြီ ၉ ရက်က ညနေ ၄ နာရီ ၄၅မိနစ်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လမ်းဘေးသစ်ပင်များ ကားလမ်းမပေါ်သို့ လဲကျမှုများဖြစ်ပွားရာ ဘက်ရဲနယ်မြေ ရဲစခန်းမှ စခန်းမှူး စိုးလွင်ကျော်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဌာနမှ တပ်ဖွဲ့ဝင်များနှင့် ဘက်ရဲမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဒေသခံပြည်သူများ ပူးပေါင်း၍ လဲကျသစ်ပင်များကို ရှင်းလင်းဆောင်ရွက်ခဲ့သည်။

သစ်ပင်လဲကျမှုကြောင့် မြန်အောင်-ရန်ကုန် ခရီးသည်တင်ယာဉ်များ ခေတ္တရပ်ဆိုင်းထားရပြီး အချိန်အနည်းငယ်အတွင်း ပုံမှန်ပြန်လည်ပြေးဆွဲသွားလာနိုင်ကြောင်း တာဝန်ရှိသူ၏ ပြောပြချက်အရ သိရသည်။

ဧရာဦးသာ

# ၂၀၁၅ ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုစာရင်း

**နေပြည်တော် ဧပြီ ၁၀**

၂၀၁၅ ခုနှစ် မတ်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့တို့မှ ဘိန်း ၃၄ မှု အလေးချိန် ၄၂ ဒသမ ၆၁၂၀ ကီလို၊ ဘိန်းဖြူ ၂၂၉ မှု အလေးချိန် ၈ ဒသမ ၄၄၇၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆ မှု ၂၃၉၉၄၆၅ ပြား၊ ဆေးခြောက် ១၅ မှု အလေးချိန် ၈ ဒသမ ၇၇၅၈ ကီလို၊ ကတ်တမင်း တစ်မှု ၃ သမ ၁ လစ်တာ၊ ဘိန်းဆီခဲခြောက်မှု အလေးချိန် ၂ ဒသမ ဝ၇၁၈ ကီလို၊ အဆင့်နိမ့်ဘိန်း ១၄ မှု အလေးချိန် ၃ ဒသမ ၂၉၅၃ ကီလို၊ ဟိုက်ဒြိုကလိုရစ်အက်စစ် တစ်မှု အလေးချိန် ၃၄၀၀ လစ်တာ၊ အိုက်စ် ငါး မှု အလေးချိန် ១၂၅၀ ဒသမ ၃၁၇၂ ကီလို၊ ဘိန်းစာမှုန့် နှစ်မှု အလေးချိန် ၃ ဒသမ ၇၈၅၀ ကီလို၊ အက်ဖီဒရင်း လေးမှု အလေးချိန် ၂၀ ဒသမ ၆၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် နှစ်မှု အလေးချိန် ၅ ဒသမ ၁၀၄၄ ကီလို၊ ကဖင်း တစ်မှု အလေးချိန် ၄၃ ကီလို၊ ဗျူပရီနော်ဖင်း တစ်မှု ၃၂၀ ပြား၊ ဘိန်းညိုမှုန့်-မှု အလေးချိန် ဝဒသမ ၃၅ ကီလို၊ ထရာမဒေါလ်-မှု ၁၀ တောင့်၊ အခြားအမှု နှစ်မှု မှတ်ပုံတင်ပျက် နှစ်မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၄၅ မှု ဖမ်းဆီးခဲ့ရာတွင် ပြစ်မှုကျူးလွန်သူ(အမျိုးသား) ၆၈၈ ဦး၊ အမျိုးသမီး ၇၅ ဦး စုစုပေါင်း တရားခံ ၇၆၃ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# အင်းတော်မြို့နယ်တုံးလုံရွာအနီးတွင် ဘိန်းဖြူဆပ်ပြာခွက်များဖမ်းမိ

**အင်းတော် ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တုံးလုံရွာအနီးတွင် ဧပြီ ၈ ရက်က ငွေကျပ် ၆၆ သိန်းခန့်ရှိ ဘိန်းဖြူဆပ်ပြာခွက်များ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၈ ရက်နံနက် ၄ နာရီက ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် မော်လူးနယ်မြေရဲစခန်းမှူး ရဲအုပ်အေးမင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရသက်သေများနှင့်အတူ တုံးလုံရွာအနီး ကားလမ်းတွင်စောင့်ဆိုင်းနေစဉ် ရန်အောင်(ခ)ကျော်ထွန်းအား အမည်းရောင်ကြွပ်ကြွပ်အိတ်တစ်လုံး ကိုင်ဆောင်ပြီး တုံးလုံရွာဘက်သို့ လမ်းလျှောက်လာသည်ကို တွေ့ရှိရသဖြင့် မသင်္ကာ၍ စစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်လာသော ကြွပ်ကြွပ်အိတ်အတွင်းမှ ပလတ်စတစ်ဖြင့်ထုပ်လျက် LOVE IS FLOWER စာတန်းပါ ပန်းရောင်ဆပ်ပြာခွက် နှစ်ခွက်အတွင်းမှ ဘိန်းဖြူ ၂၆ ဂရမ် တန်ဖိုး ၂၆ သိန်း၊ LOVE IS FLOWER စာတန်းပါ အပြာရောင်ဘိန်းဖြူဆပ်ပြာခွက် နှစ်ခွက်အတွင်းမှ ဘိန်းဖြူ ၂၆ ဂရမ် တန်ဖိုး ၂၆ သိန်း၊ LOVE IS FLOWER စာတန်းပါ အစိမ်းရောင် ဆပ်ပြာခွက် တစ်ခွက်အတွင်းမှ ဘိန်းဖြူ ၁၄ ဂရမ် တန်ဖိုး ၁၄ သိန်း စုစုပေါင်း မူးယစ်ဆေးဝါး ၆၆ ဂရမ် တန်ဖိုး ၆၆ သိန်းကိုတွေ့ရှိရသည်။

မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိသူ ရန်အောင်(ခ)ကျော်ထွန်း(၂၈ နှစ်)ညောင်ပင်သာရွာအင်းတော်မြို့နယ်နေသူအား မူးယစ်ဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုနိုင်(အင်းတော်)

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/2505, Mercedes Benz S/W(4x2)L ဒေါ်မာလာဝင်း ၁၂/သဃက(နိုင်)၀၂၁၁၆၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

**မဂ္ဂင်ကျောင်းတိုက်(၇)ရက်တရားစခန်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၏ နှစ်စဉ်ကျင်းပနေကျဖြစ်သော မဟာသင်္ကြန်ရက်များအတွင်း(၁၁)ကြိမ်မြောက် တရားစခန်းကို ၁၁-၄-၂၀၁၅ရက်မှ ၁၇-၄-၂၀၁၅ရက်တွင်ကျင်းပပါမည်။၁၂-၄-၂၀၁၅ရက်တွင် ကျောင်းတိုက်ဦးစီးနာယကဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယကို သက္ခာကံထပ်နှင့် ဒုလ္လဘရဟန်းခံအလှူတို့ကို ကျင်းပပါမည်။ ဆရာတော် သံဃာတော်အပါး(၅၀) ဖြင့် သိမ်ဆင်းပါမည်။ တရားစခန်းဝင်လိုသူများ ကျောင်းတိုက်အကျိုးဆောင်အဖွဲ့သို့ ဆက်သွယ်နိုင်ပါသည်။

မဂ္ဂင်ကျောင်းတိုက်အကျိုးဆောင်အဖွဲ့

**အမည်ပြောင်း**

ဦးဝင်းသိန်း၏သား ဦးခင်မောင်တုတ် ၅/အရတ(နိုင်)၀၃၇၆၅၇အား ဦးထွန်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဦးထွန်းမြတ်

**ဖခင်အမည်မှန်**

မုံရွာမြို့ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း SEC-Section(A) မှ မချမ်းသာထွန်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြတ် ၅/အရတ(နိုင်)၀၃၇၆၅၇ ဖြစ်ပါကြောင်း။

ဦးထွန်းမြတ်

**အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ အထက-ဇရပ်ကုန်းခင်တွင် စေတနာ၊ ဝါသနာ၊ အနစ်နာကိုအရင်းခံ၍ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့်ပြီး (အငြိမ်းစား)ဆရာ/ဆရာမများ၏ကျေးဇူးကို ကျောင်းသား/ကျောင်းသူဟောင်းများက (ပထမ)အကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကျေးဇူးရှင် ဆရာ/ဆရာမများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဂါရဝဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ။ ၁၉-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့)
**အချိန်** ။ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
**နေရာ** ။ အထက ဇရပ်ကုန်းခင်ခန်းမ(မာန်အောင်)

(ကျောင်းသား/ကျောင်းသူဟောင်းများ)

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၅၈/၅၆၅၅ Isuzu TRS 54HA P/U(4x4) (L) Double Calo ဗိုလ်ချုပ်သန်းဌေး ၁၀/မဒန(နိုင်)၀၀၆၅၅၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

ဇမ္ဗူကျော် သင်္ကြန်စရိုးစဉ်
ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး၊ပခုက္ကူ
တောင်ကြီး၊အင်းလေး၊လွိုင်ကော်
(Apr12)ထွက်မည်။
095194608-09252899887-0973177727

**ရှင်(၁၅၀)ပါးရှင်ပြုပွဲ အလှူတော်မင်္ဂလာကျေးဇူးတင်လွှာ**

ရေနံချောင်းမြို့နယ်၊ ကျွဲပုတ်ကျေးရွာ၊ ကြွယ်ပုံကျောင်းတိုက်အတွင်း၌ ကျွဲပုတ်၊ မုန်ကန်၊ မကျီးရိုး၊ကန်ကလေးကုန်း၊ ဝါးရိုးစု၊ စမ်းကန်ကြီးကျေးရွာများမှ ရှင်သာမဏေ ၁၅၀ ပါးတို့အား ရှစ်ဖြာပရိက္ခရာစုံလင်စွာဖြင့် သာသနဒါယဇ္ဇ သာသနာ့အမွေခံ အလှူတော်မင်္ဂလာသဘင်ကို ကျွန်တော် ကျွန်မတို့သည် ၂-၄-၂၀၁၅ ရက်တွင် အောင်မြင်စွာဆင်ယင်ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါသည်။

အလှူတော်မင်္ဂလာသို့ ကြွရောက်ချီးမြှင့်၊ အားပေး၊ သာဓုအနုမောဒနာခေါ်ဆိုပေးကြပါသော သံဃာ့ဥသျှောင်မဟာထေရ်ကျော်ဆရာတော်အရှင်မြတ်တို့အမှူးပြုသော ဓမ္မမိတ်ဆွေ ဒည့်ပရိသတ်များနှင့်တကွ ရှင့်မယ်တော်၊ ရှင့်ခမည်းတော်များ၊ အလှူတော်မင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးတော်မူခဲ့ကြသော မကွေးတိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အောင်မြေရတနာဆရာတော်ကြီး ဦးပဏ္ဍိစ္စ အမှူးပြုသော တပည့်သံဃာ စာချဆရာတော်များ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရေနံချောင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ လမ်းပြုပြင်ဖောက်လုပ်ရာ၌ စေတနာမေတ္တာအပြည့်ဖြင့် လုပ်အားအလှူပါဝင်ခဲ့ကြပါသော ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကုက္ကိုခွအုပ်စု၊ ကြွယ်ပုံရွာနှင့် နယ်ပယ်ဒေသရှိ ရွာမိ၊ ရွာဖ၊ မိတ်သင်္ဂဟ၊ ရွာသူရွာသားများ၊ ရေနံချောင်းမြို့မှ ပါရမီပြည့်ဖက်ဆွေမျိုးများနှင့် “ရွှေကြာမင်္ဂလာဗျော”အဖွဲ့၊ “ရွှေမန်းတင်”မင်္ဂလာဆိုင်းအဖွဲ့၊ မဏ္ဍပ် ဦးဘိုဦး အဖွဲ့သားများ အပါအဝင် ဆက်နွယ်သူအားလုံးတို့အား ကျွန်တော် ကျွန်မတို့က ကတညုတ ကတဝေဒီ မင်္ဂလာ၊ ပီတိဝေဖြာကြည်နူးစွာဖြင့် ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

**ဦးမောင်မောင်-ဒေါက်တာနီလာသိန်း၊ သမီး-မကြေးမုံခင်**
**သား-ကိုမင်းသုမောင်“လင်းရောင်သစ်”မျက်စိဆေးခန်းမိသားစု**

# နိုင်ငံသားစိစစ်ရေးကတ်သည် နိုင်ငံသားအခွင့်အရေးအပြည့်အဝရရှိနိုင်သည့် အထောက်အထားတစ်ခုဖြစ်

**နေပြည်တော် ဧပြီ ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဧပြီ ၅ ရက်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မီးသွေးချောင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီး၌ မီးသွေးချောင်း၊ ထော့ကလို့၊ တံခွန်တိုင်နှင့် တပင်ချောင်း ကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၁၆ ရွာမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံတစ်ဝန်းကွင်းဆင်း ဆောင်ရွက်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးဘဲ ကျန်ရှိနေသူများအတွက် မိုးပွင့်(အထူး)စီမံချက်ဖြင့် ဆောင်ရွက်ပေးနေကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးရာတွင် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ အသိပေး အကြောင်းကြားရန်လိုကြောင်း၊ နိုင်ငံသားကတ်ပြားအပို ကိုင်ဆောင်ခြင်းမပြုရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေးအပြည့်အဝရရှိနိုင်သည့် အထောက်အထား တစ်ခုဖြစ်ကြောင်း၊ တက်ရောက်လာကြသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်း သိကောင်းစရာများကို လက်ဆင့်ကမ်းမျှဝေရှင်းလင်း ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသူများမှ သိရှိလို၍ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပြီး မိုးပွင့်(အထူး) စီမံချက်အကြောင်း သိကောင်းစရာများကို ပြန်လည်ဖြေကြားနိုင်သူများအား တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာ ကျေးရွာအုပ်စု တာဝန်ခံများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းဆိုင်ရာများအား မေးမြန်းဆွေးနွေးမှာကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**



၂၀၁၄ ခုနှစ် မန္တလေးသင်္ကြန် မြင်ကွင်းတစ်နေရာ။

## သင်္ကြန်တွင် ဆူညံသည့်အိတ်ဇောတပ်မောင်းနှင်ပါက အရေးယူမည်

**မန္တလေး ဧပြီ ၁၀**

မန္တလေးသင်္ကြန်တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို မူလအတိုင်းမဟုတ်ဘဲ ပတ်ဝန်းကျင်ကို ဆူညံစေသည့် အိတ်ဇောများ တပ်ဆင်မောင်းနှင်ပါက အရေးယူသွားမည်ဖြစ်ကြောင်း အမှတ်(၁၁) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲရဲမှူး သိန်းကိုကိုက ပြောသည်။

မန္တလေးခရိုင်အတွင်းမှ ဆိုင်ကယ်/ကားဝပ်ရှော့များ၊ အလှဆင်လုပ်ငန်း ၇၆၂ ခုမှ လုပ်ငန်းရှင်များကို မတ် ၂ ရက်က မြို့တော်စည်ပင်ခန်းမ၌ တွေ့ဆုံအသိပေးခဲ့ပြီး သင်္ကြန်ကာလ ဖြစ်တတ်သောမှုခင်းများအကြောင်း ဟောပြောပွဲကျင်းပခဲ့သည်။

"ဆူညံအိတ်ဇောတပ်မောင်းရင် သင်္ကြန်ကာလအတွင်း အဲဒီယာဉ်ကို ထိန်းသိမ်းထားပြီး ပွဲတော်ပြီးမှ စည်ပင်တရားရုံးတင် အရေးယူမယ်။ ကညနက ခွင့်ပြုတဲ့ မူလအိတ်ဇောတွေ ပြန်တပ်ခိုင်းမှာ ဖြစ်ပါတယ်"ဟု ရဲမှူးက ဆက်လက်ပြောကြားသည်။

သင်္ကြန်တွင်းကာလ ဆူညံအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းကို အရေးယူခဲ့ရာတွင် ၂၀၁၃ ခုနှစ်က ၅၃ စီး၊ ၂၀၁၄ ခုနှစ်က ၃၅ စီးရှိခဲ့ရာ စည်ပင်ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဝန်ကြီးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

**ကလေး ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဧပြီ ၇ ရက်က ကလေးမြို့ မွန်ထာကွင်း၌ တာဟန်းအသင်းနှင့် ဘိုးရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တာဟန်းအသင်းမှ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ပထမတံခွန်စိုက် ဒိုင်းဆုကြီးကို ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ကိုယ်စား ကလေးမြို့ အမှတ်(၂) မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲကြီးကို မတ် ၇ ရက်မှ စတင်ကျင်းပခဲ့ရာ အသင်း ၁၇ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုရအသင်းကို ငွေကျပ် ငါးသိန်း၊ ဒုတိယဆုရအသင်းကို ငွေကျပ် သုံးသိန်း၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆုကို ငွေကျပ် နှစ်သောင်း၊ နေရာလိုက်အကောင်းဆုံးဆုများကို ငွေကျပ်တစ်သောင်းစီ ချီးမြှင့်ခဲ့ပြီး ပထမဆုနှင့် ဒုတိယဆုရရှိသော အသင်းများအတွက် ၁၂ ထွာအိုးကြီး တစ်လုံးစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သျှင်နေမင်း**

ပြည်တွင်းသတင်း



## အခြေခံဗုဒ္ဓဘာသာကျင့်စဉ် လူငယ် ညအိပ်တရားစခန်းဖွင့်

**သီပေါ ဧပြီ ၁၀**

အမျိုးဘာသာ၊ သာသနာ စောင့်ရှောက်ရန်နှင့် ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်လာစေရန် ရည်ရွယ်လျက် နွေရာသီကျောင်းပိတ်ရက်ကာလများအတွင်း ကျောင်းသားကျောင်းသူများ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချနိုင်ရေးအတွက် အခြေခံဗုဒ္ဓဘာသာကျင့်စဉ် လူငယ် ညအိပ်တရားစခန်းကို ဧပြီ ပထမပတ်က ရွှေကျောင်းပဋ္ဌိပတ္တိ မဂ္ဂင်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ယဉ်ကျေးလိမ္မာအခြေခံဗုဒ္ဓဘာသာကျင့်စဉ်လူငယ် ညအိပ်တရားစခန်းကို ဆရာမကြီး ဒေါ်နန်းသန်းပွင့်နှင့် နည်းပြဆရာမများက ၁၀ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး အသက် ၁၃ နှစ်မှ ၂၅ နှစ်အတွင်း (၈)၊ (၉)၊ (၁၀) တန်းများမှ ကျောင်းသားကျောင်းသူ ၁၉၆ ဦး ညအိပ်ညနေ တရားစခန်းဝင်ရောက်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ဗုဒ္ဓဘာသာယဉ်ကျေးမှု အောင်လက်မှတ် ချီးမြှင့်

**သရက် ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပါဠိပထမပြန်အောင် ဆုန္ဒင်းသဘင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအောင်လက်မှတ် ချီးမြှင့်ပွဲနှင့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို သရက်မြို့ သတ္တဌာနဘုရား သာသနာ့ဗိမာန်ဆောင်၌ ဧပြီ ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပါဠိပထမပြန် ပထမကြီး၊ ပထမလတ်၊ ပထမငယ် အောင်မြင်တော်မူသော သံဃာတော်များအား ဆုများဆက်ကပ်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ အောင်မြင်သူ လူပုဂ္ဂိုလ်များကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး (သရက်)**

## ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး အသိပညာပေး

**အင်းတော် ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် သင်္ကြန်ပွဲတော်အကြိုကာလနှင့် သင်္ကြန်ပွဲတော်အတွင်း ယာဉ်တိုက်မှုများလျော့နည်းကျဆင်းရေးအတွက် ဧပြီ ၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်စိုး ဦးဆောင်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့သည် သင်္ကြန်ပွဲတော်အကြိုကာလနှင့် သင်္ကြန်ပွဲတော်အတွင်း ယာဉ်တိုက်မှုများလျော့နည်းကျဆင်းရေးအတွက် ပညာပေးဟောပြောခဲ့ပြီး စည်းကမ်းပျက်ယာဉ်များကို အရေးယူခြင်းများဆောင်ရွက်ခဲ့ရာ ထော်လာဂျီ နှစ်စီး၊ သုံးဘီးဆိုင်ကယ်တစ်စီး၊ ဆိုင်ကယ် အစီး ၆၀ တို့ကို မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၁ ဖြင့် ၃၀မှု၊ ပုဒ်မ ၂၂ ဖြင့် ၃၃ မှုအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုနိုင် (အင်းတော်)**

# စစ်တွေမြို့တွင် မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ တည်ဆောက်

**စစ်တွေ ဧပြီ ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မဟာသင်္ကြန်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဧပြီလဆန်းပိုင်းမှစ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ရေကစားမဏ္ဍပ်များ၊ ယိမ်းအကဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရခိုင်ရိုးရာယဉ်ကျေးမှု ရေလောင်းမဏ္ဍပ်များကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မဟာသင်္ကြန် ရေကစားမဏ္ဍပ်များ တည်ဆောက်လျက်ရှိရာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် ယိမ်းအကပြိုင်ပွဲ ဗဟိုမဏ္ဍပ်ကြီးနှင့် ရေကစားမဏ္ဍပ်ကို စစ်တွေမြို့ လမ်းမကြီးလမ်းရှိ ဦးဥတ္တမပန်းခြံရှေ့၌ လည်းကောင်း၊ ဌာနဆိုင်ရာအလိုက် ရေကစားမဏ္ဍပ်များကို ရှုခင်းသာလမ်း၊ သတ္တဌာနလမ်း၊ ကမ်းနားလမ်းတွင် လည်းကောင်း တည်ဆောက်လျက်ရှိပြီး ရခိုင်ရိုးရာဖော်ထုတ်ရေးနှင့် ထိန်းသိမ်းရေးအဖွဲ့မှ ဦးဆောင်ကျင်းပမည့် ရမ္မာဝတီပန်းမြတ်သဇင်၊ ဒွာရာဝတီ ပန်းမြတ်သဇင်၊ မေဃဝတီ ပန်းမြတ်သဇင်၊ ဓညဝတီ ပန်းမြတ်သဇင်၊ ရခိုင်ရိုးရာ ရေလောင်းမဏ္ဍပ်များကို စစ်တွေမြို့ မိဖုရပ်ကွက် ကမ်းနားလမ်းတွင် တည်ဆောက်လျက်ရှိသည်။

သင်္ကြန်ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ရာ ဌာနဆိုင်ရာအလိုက်၊ ရပ်ကွက်အလိုက် ယိမ်းအကအဖွဲ့များက သင်္ကြန်ယိမ်းအကများကို သင်္ကြန်တေးသီချင်းများဖြင့် သရုပ်ပြလေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **ဇော်နိုင်ထွန်း(iprd)**



ပြည်တွင်းသတင်း

# တီဘီရောဂါစီမံချက် မိတ်ဆက်နှင့်စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းဖွင့်



**မော်လမြိုင် ဧပြီ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကွင်းဆင်းကျန်းမာရေးလုပ်သားများအတွက် တီဘီရောဂါစီမံချက်၊ မိတ်ဆက်နှင့်စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းကို IOM အဖွဲ့(မော်လမြိုင်ရုံးခွဲ)ကကြီးမှူး၍ MARIAN DIOCESAN CENTRE (မော်လမြိုင်)ခန်းမ၌ ဧပြီ ၇ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ပြီး တီဘီရောဂါလူနာများ ရောဂါရှာဖွေ၊ ကုသပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်အတွက် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ သင်တန်းသား သင်တန်းသူ ၁၄ ဦး တက်ရောက်သင်ကြားသည်။

IOM မွန်ပြည်နယ်တာဝန်ခံ ဦးအေးထွန်း၊ သင်တန်းဆရာမ ဒေါက်တာလင်းသက်စုမွန်(တီဘီ၊ ငှက်ဖျား၊ HIV တာဝန်ခံဆရာဝန်) တို့က တီဘီရောဂါအကြောင်း ကာကွယ်ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများအကြောင်းကို ရှင်းလင်းသင်ကြားသည်။ အဆိုပါသင်တန်းကို နှစ်ရက်သင်တန်းပို့ချပေးပြီး ဧပြီ ၉ ရက် နံနက် ၇ နာရီခွဲက မော်လမြိုင်မြို့မှ မုဒုံမြို့နယ် ကလော့သော့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ထွက်ခွာခဲ့ပြီး ကလော့သော့ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကွင်းဆင်းကျန်းမာရေးလုပ်သားများနှင့်တွေ့ဆုံ၍ တီဘီရောဂါကာကွယ်ခြင်း၊ တီဘီရောဂါသည်ရှာဖွေခြင်း၊ ကုသခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ အာဟာရအစာများကို ထောက်ပံ့ပေးခြင်း၊ ဆေးဝါးစရိတ်၊ စားစရိတ်၊ ခရီးသွားလာစရိတ်များကို အခမဲ့ထောက်ပံ့ပေးခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာမှတ်သားကြသည်။

IOM အဖွဲ့ မွန်ပြည်နယ်ရုံးခွဲသည် မွန်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၄ ရွာတွင် ၂၀၀၆/၂၀၀၇ မှစတင်၍ တီဘီ၊ ငှက်ဖျား၊ HIV ရောဂါသုံးမျိုးကို ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများအား ကမ္ဘာ့ရန်ပုံငွေအကူအညီနှင့် ၂၀၁၆ ခုနှစ်ထိ ဆောင်ရွက်နေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# လူမှုဖူလုံရေးဝင် အာမခံအလုပ်သမားများကို ငွေလုံးငွေရင်းထုတ်ပေး

**မန္တလေး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးဝင် အာမခံအလုပ်သမားများနှင့် လစဉ်ပင်စင်ထုတ်ယူနေသူများကို ငွေလုံးငွေရင်းထုတ်ပေးခြင်းနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်း၊ ဆေးဖိုးစိုက်ထုတ်ကုန်ကျငွေ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို ဧပြီ ၇ ရက်က အောင်မြေသာစံမြို့နယ် ၆၆ လမ်း × ၂၆ လမ်းထောင့်ရှိ တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက လူမှုဖူလုံရေးစီမံကိန်းသည် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုကို တိုးတက်အောင် ဆောင်ရွက်ပေးနေသော အလုပ်သမားများနှင့်မိသားစုတို့အတွက် လူမှုဒုက္ခကြုံတွေ့ရသည့်အချိန်တွင် ဆေးကုသမှုပေးခြင်း၊ ငွေကြေးခံစားခွင့် ပေးခြင်းများ ထောက်ပံ့ကူညီ ပေးနေသကဲ့သို့ အလုပ်ရှင်၏ကိုယ်စား အလုပ်သမားများ၏လူမှုဒုက္ခများကို ကူညီဖြေရှင်းပေးရာလည်းရောက်ကြောင်း၊ အလုပ်ရှင်အလုပ်သမားများ၏ ယုံကြည်အားထားမှုရရှိစေရေး၊ လူမှုဖူလုံရေး စီမံကိန်းအောင်မြင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် အာမခံအလုပ်သမား ၃၃ ဦးအတွက် အကျိုးခံစားခွင့်ငွေ စုစုပေါင်း ငွေကျပ် ၆၅၃ သိန်းကျော် ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# အခြေခံ နွေရာသီရေကူးသင်တန်းဆင်း



**နေပြည်တော် ဧပြီ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ရေကူးကန်တွင် မျိုးဆက်သစ်ပေါ်ထွန်းရေးနှင့် နိုင်ငံတကာ ရေကူးပြိုင်ပွဲများ၌ မြန်မာရေကူးအားကစား မျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျင်းပသော (၁/၂၀၁၅) အခြေခံနွေရာသီ ရေကူးသင်တန်းဆင်းပွဲကို ဧပြီ ၇ ရက်က ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းတက်ရောက်ပြီး သင်တန်းနည်းပြဆရာမများအား ထောက်ပံ့ကြေးပေးအပ်၍ သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသားများ လက်တွေ့သရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**

# စလင်း၌ ကတ္တရာ ထပ်ပိုးလွှာခင်း

**စလင်း ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မြောက်မြို့ရိုးလမ်း ကတ္တရာထပ်ပိုးလွှာဖွင့်ပွဲကို ဧပြီ ပထမပတ်က ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်၊ အမှုဆောင်အရာရှိ ဦးနေမန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ယာဉ်မဆင်မခြင်မောင်းမှုကြောင့် ကလေးတစ်ဦးသေ

**ကော့မှူး ဧပြီ ၁၀**

ကော့မှူးမြို့နယ်တွင် ဧပြီ ၇ ရက်က ကညင်ငူ-ရှာဘွားကားလမ်းအတိုင်း ကညင်ငူဘက်မှ ရှာဘွားဘက်သို့ ကညင်ငူကျေးရွာနေ ယာဉ်မောင်းစိုးပိုင်(၂၆ နှစ်) မောင်းနှင်သည့်ယာဉ်မှာ ကညင်ငူကျေးရွာနှင့် ရှာဘွားကျေးရွာအရောက် ယင်းကျေးရွာနေ မောင်နန်းဦး(၃နှစ်)က ယာဉ်၏ယာဘက်ဘေးမှ ပြေးလိုက်စဉ် ခလုတ်တိုက်လဲကျကာ ထော်လာဂျီယာဉ်အောက်ရောက်ရှိပြီး ယာဉ်၏ယာနောက်ဘီးနှင့်ကြိတ်မိသဖြင့် ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည်။

သေဆုံးကလေးငယ်အား ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ပြီး ယာဉ်မဆင်မခြင်ပေါ့ဆစွာမောင်းနှင်သူ ယာဉ်မောင်းစိုးပိုင်ကို ကျိုက်ထော်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **တင်လှမောင်**

# ကြက်ခြေနီတပ်ဖွဲ့သို့ အလှူငွေများပေးအပ်

**မူဆယ် ဧပြီ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (၁၀၅) မိုင်မှ ကြက်ခြေနီတပ်ဖွဲ့သို့ မိုင်းယု (၁၀၅)မိုင်မှ အလှူငွေပေးအပ်ပွဲကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန မိုင်းယု(၁၀၅)မိုင်ကျေးရွာရှိ အလုပ်သမားရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မူဆယ်ခရိုင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဦးစီးအရာရှိနှင့် ကြီးကြပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများတက်ရောက်ကာ ပေးအပ်သည့် အလှူငွေကို မိုင်းယု(၁၀၅) မိုင် ကြက်ခြေနီတပ်ဖွဲ့တပ်ခွဲမှူးက လက်ခံ၍ ကြက်ခြေနီတပ်ဖွဲ့နာယကက တပ်ဖွဲ့ကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **စိုင်းရိုးသျှား**



# ငွေကျပ် ၆၆ သိန်းခန့်ရှိ ဘိန်းဖြူများ ဖမ်းမိ

**အင်းတော် ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရဲစခန်း၏ တောင်ဘက်ခုနစ်မိုင်ခန့်ရှိ တုံလုံကျေးရွာအနီး ဗျူဟာကားလမ်းဘေးတွင် လမ်းလျှောက်လာသူတစ်ဦးထံမှ ရောင်စုံဆပ်ပြာခွက်ငါးခွက်အတွင်းမှ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၈ ရက်က ကသာခရိုင် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် မူးယစ်ဆေးဝါးသတင်းအရ တုံလုံကျေးရွာအနီး ဗျူဟာကားလမ်းဘေးတွင် စောင့်ဆိုင်းနေစဉ် လူတစ်ဦးက ကြွပ်ကြွပ်အိတ်အမည်းရောင်တစ်လုံးကို ကိုင်ဆောင်ပြီး တုံလုံဘက်သို့ လမ်းလျှောက်လာနေသည်ကို တွေ့မြင်ရသဖြင့် မသင်္ကာ၍ ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်လာသည့် အမည်းရောင်ကြွပ်ကြွပ်အိတ်အတွင်း ရောင်စုံဆပ်ပြာခွက် ငါးခွက်ဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့် ၆၆ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀ သိန်းခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ဘိန်းဖြူများနှင့်အတူ တွေ့ရှိသူ ရန်အောင်(ခ)ကျော်ထွန်းကို မော်လူးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# တရားမဝင်ဆီဆိုင်များ အရောင်းတားမြစ်

**မိတ္ထီလာ ဧပြီ ၁၀**

မိတ္ထီလာမြို့နယ်တွင် မီးဘေးအန္တရာယ်ကာကွယ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တရားမဝင်ရောင်းချနေသည့် ပန့်ဆီဆိုင်များနှင့် လောင်စာဆီရောင်းချနေသူများကို ဧပြီပထမပတ်က သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ရောင်းချခြင်းမပြုရန်နှင့် ဆက်လက်ရောင်းချနေသူများကို ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးပြောကြားကာ ပန့်ဆီဆိုင်များနှင့် လောင်စာဆီ၊ စက်သုံးဆီရောင်းချနေသူများအား တားမြစ်ပိတ်ပင်ထားလိုက်သည်။ မိတ္ထီလာမြို့ပေါ်တွင် တရားမဝင်ပန့်ဆီဆိုင် ၆၀ ကျော်ရှိပြီး လောင်စာဆီစက်သုံးဆီအရောင်းဆိုင် ၅၀ ကျော်ရှိကြောင်းဟု သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# လေကြောင်းသိပ္ပံတက္ကသိုလ်မှ ကွန်ပျူတာများအခိုးခံရ

**မိတ္ထီလာ ဧပြီ ၁၀**

မိတ္ထီလာအာကာသပညာသိပ္ပံတက္ကသိုလ်မှ ဦးစီးအရာရှိ ဦးဇော်မင်း(၅၀နှစ်)သည် ဧပြီ ၄ ရက်က ပင်မအဆောက်အအုံအတွင်း လှည့်လည်စစ်ဆေးရာ လေကြောင်းနှင့်လျှပ်စစ်တိုင်းတာရေးဌာန အခန်းအမှတ်(MB 1-5) မှ အခန်းတံခါးပျက်စီးနေသည်ကိုတွေ့၍ မသင်္ကာသဖြင့် ဝင်ရောက်စစ်ဆေးရာ မော်နီတာတစ်လုံး၊ DAG CARD နှင့် 26 B-2တစ်လုံး၊ UPS တစ်လုံး အခိုးခံရသဖြင့် အမှတ်(၂)ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(၀၁၂)**

## ပြည်တွင်းသတင်း



# ထေရာသုံးထပ်ကျောင်းဆောင်သစ်ဖွင့်

**မူဆယ် ဧပြီ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာ အောင်သီရိမင်္ဂလာသုခဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ အများပြည်သူလှူဒါန်းသော ထေရာသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဧပြီ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အောင်သီရိသုခကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကေသရထံမှ ဩဝါဒကထာ ချီးမြှင့်ပြီး ... ဩ့ပရိသတ်များက လှူဖွယ်ပစ္စည်းအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# ရေရှားပါးသည့်ကျေးရွာများတွင် အဝီစိစက်ရေတွင်းများတူးဖော်လှူဒါန်း

**ကျောက်ပန်းတောင်း ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာအုပ်စု စမ်းပြားတဲတန်းသည် အိမ်ခြေ ၇၀ နီးပါးခန့်ရှိပြီး ဒေသခံပြည်သူများမှာ နှစ်စဉ်နွေရာသီအချိန်ရောက်တိုင်း သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရ၍ ဒေသခံပြည်သူများက တာဝန်ရှိသူများထံ အဆင့်ဆင့် တင်ပြလျှောက်ထားခဲ့ရာ ယခုအခါ အလှူရှင် ဒေါ်ခင်ကြည် (ဖောင်ဒေးရှင်း)မှ နွေရာသီအချိန်များ၌ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး လေးလက်မ အဝီစိစက်ရေတွင်းတစ်တွင်း လာရောက် တူးဖော်လှူဒါန်းခဲ့ပြီး အဆိုပါစက်ရေတွင်း တူးဖော်မှုလုပ်ငန်းများမှာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ စမ်းပြားတဲတန်းနေ ပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် အခုလို လေးလက်မ အဝီစိစက်ရေတွင်း



လာရောက် တူးဖော်လှူဒါန်းပေးတဲ့ ဒေါ်ခင်ကြည် (ဖောင်ဒေးရှင်း)နဲ့ ပြီးတော့ စက်ရေတွင်း တူးဖော်မယ့်မြေကို လှူဒါန်းပေးတဲ့ မြေပိုင်ရှင် ဦးအုန်းလှိုင်ကိုလည်း ကျေးဇူးတင်ပါတယ်။ စက်ရေတွင်းကလည်း မကြာခင် ပြီးစီးတော့မှာဆိုတော့ ရေတိမ်ကောမှုမဖြစ်အောင် ရေဂါလန် ၄၀၀၀ ဆံ့ ရေလှောင်အုတ်ရေကန် တည်ဆောက်ဖို့ စီစဉ်ထားပြီးပါပြီ” ဟု စမ်းပြားတဲတန်းမှ ဦးစိုးမြင့်က ပြောပြသည်။ **ရဲဝင်းနိုင်**(iprd)

# ရေပြတ်လပ်မှုမရှိ သုံးစွဲနိုင်ရေး သောက်ရေကန်အား ပြုပြင်တူးဖော်

**ဒလ ဧပြီ ၁၀**

ဒလမြို့နယ်သည် ရပ်ကွက်(၂၃) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၃ အုပ်စုဖြင့် ဖွဲ့စည်းထားပြီး မိုးရေခံ မြေစိုက်ရေကန်များကိုသာ အဓိက အားထား၍ ရေကို သုံးစွဲခဲ့ကြရသည်။

မြို့ပေါ်ရပ်ကွက်များတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကရေပိုက်လိုင်းများ တိုးချဲ့ချထားပေးခြင်းနှင့် အရန်မီးစက်များ ချထားပြီး အရန်ရေပေးဝေရေးဆောင်ရွက်ထားမှုကြောင့် ယခုနှစ်နွေရာသီတွင် ရေလုံလောက်စွာ အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

မြေစိုက်ရေကန်မှရေကိုသာ သုံးစွဲနေရသော ကျေးရွာကဏ္ဍပိုင်းတွင် ယခုလို နွေရာသီတွင် နေပူရှိန်ပြင်းခြင်းကြောင့် ရေကန်များတွင် ရေငွေ့ပျံမှုများပြားခြင်းနှင့် ရေခပ်သုံးသူများပြားလာပြီး ရေကန်များ ရေခန်းခြောက်မှုဖြစ်လျက်ရှိသဖြင့် ဒလမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး လွှတ်တော်တွင် တင်ပြခဲ့ရာ ရန်ကုန်မြို့တော်ဝန် အင်ဂျင်နီယာဌာန ရေ/သန့်ဌာနမှူးအား လမ်းညွှန်မှုပြုခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရေ/သန့်ဌာနမှူး၏ စီစဉ်မှုဖြင့် ဒလမြို့နယ် (ရေ/သန့်)တာဝန်ခံအင်ဂျင်နီယာ ဦးတိုးတိုးအောင်က အနီးကပ် ကြီးကြပ်၍ မင်းစုကျေးရွာ “အောင်မင်္ဂလာ” သောက်ရေကန်အား စက်ယန္တရားဖြင့် ပြုပြင်တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေကန်သည် မူလက အလျားပေ ၂၅၀၊ အကျယ် ၁၂၅ ပေနှင့် အနက် ရှစ်ပေ ရှိခဲ့ရာ ယခု အနက်ခြောက်ပေထပ်တိုး၍ တူးဖော်ခြင်းနှင့် ကန်ပေါင် မြှင့်တင်ဆည်ပို့ခြင်းလုပ်ငန်းများကို ဧပြီ ၄ ရက်က စတင်၍ တူးဖော်ဆောင်ရွက်နေခဲ့ကြောင်းနှင့် ရေပမာဏ တစ်ဆတိုး၍ ရေသိုလှောင်နိုင်လာပြီး လာမည့်နွေရာသီတွင် ရွာသားများ ရေအခက်အခဲမရှိ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သန်းဌွေး(ဒလ)**

**ဓာတ်ပုံ-စန်းဝဌာ**



# မိုးပွင့်စီမံချက်လုပ်ငန်းများပြီးစီးရန် စည်းဝေး

**ဖျာပုံ ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီးသည့် နိုင်ငံသား အရည်အချင်းပြည့်မီသူ အားလုံးကို ရွေးကောက်ပွဲအမီ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီပထမပတ်က ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ဖျာပုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကံကောင်းက ခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ခရိုင်အတွင်းတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူအားလုံးကို မေလနောက်ဆုံးထား၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# မွေးဖွားမှုမှတ်ပုံတင်ခြင်းနှင့် အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**မြဝတီ ဧပြီ ၁၀**

မြဝတီခရိုင် မြဝတီမြို့နယ်တွင် မွေးဖွားမှုမှတ်ပုံတင်ခြင်းနှင့် ရက်သတ္တပတ် အကြိုညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၉ ရက်က သောင်ရင်းခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် အခြေအနေများအား ဆွေးနွေးသည်။ ဆက်လက်၍ တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**နဒီမြင့်မိုရ်(မြဝတီ)**

# မိတ္ထီလာ သင်္ကြန်ပစ္စည်းဈေးကွက် တရုတ်နိုင်ငံထုတ်ရေကစားပစ္စည်း အများစုဝင်ရောက်

**မိတ္ထီလာ ဧပြီ ၁၀**

ယခုနှစ် မိတ္ထီလာသင်္ကြန်ပစ္စည်းဈေးကွက်အတွင်း၌ ပြည်တွင်းထုတ်ထက် တရုတ်နိုင်ငံထုတ် ရေကစားပစ္စည်းအများစု ဝင်ရောက်နေရာယူရောင်းချလျက်ရှိကြောင်း သိရသည်။

“မိတ္ထီလာ သင်္ကြန်ပစ္စည်းဈေးကွက်မှာ ပြည်တွင်းထုတ်က ရေပုံးနဲ့ ရေခွက်လောက်ပဲရှိတယ်။ ကျန်တဲ့ ရေကစားပစ္စည်းအများစုက တရုတ်နိုင်ငံထုတ် ရေကစားပစ္စည်းတွေ များတယ်။ တရုတ်နိုင်ငံထုတ် ရေကစားပစ္စည်းတွေထဲမှာ ရေကာမျက်မှန်၊ ရေပြွတ်၊ ရေသေနတ်၊ ရေကစားအရုပ်မျိုးစုံ၊ သင်္ကြန်ပန်းကုံးတွေအပြင် ဆံပင်အတုနဲ့ မျက်နှာဖုံးရုပ်တွေလည်း ပါဝင်ပါတယ်။ ပစ္စည်းတစ်ခုကို အနည်းဆုံး တစ်ထောင်ကျပ်ကနေ အများဆုံး ငွေကျပ် ၃၀၀၀ အထိ ရောင်းချရပါတယ်” ဟု မိတ္ထီလာဈေးကြီးအတွင်း သင်္ကြန်ပစ္စည်းရောင်းချသူတစ်ဦးက ပြောသည်။

လွန်ခဲ့သည့် ငါးနှစ်ခန့်က စတင်ပြီး ပြည်တွင်းထုတ် သင်္ကြန်ပစ္စည်းများထက် တရုတ်နိုင်ငံထုတ် သင်္ကြန်ပစ္စည်းအများစု ဈေးကွက်တွင် ဝင်ရောက် နေရာယူလာခဲ့ပြီး ဝယ်ယူသူအများစုမှာလည်း တရုတ်နိုင်ငံထုတ် ရေကစားပစ္စည်းများကို ပိုမိုဝယ်ယူလေ့ရှိကြောင်း သိရသည်။

မိတ္ထီလာတွင် သင်္ကြန်ရေကစားပစ္စည်းရောင်းချသူများသည် မန္တလေးမြို့ ဈေးချိုတော်မှတစ်ဆင့် လက်ကားပြန်လည်ဝယ်ယူရောင်းချခြင်းဖြစ်ပြီး နှစ်ကျန် သင်္ကြန်ရေကစားပစ္စည်းများကို နောက်တစ်နှစ် သင်္ကြန်ကာလတွင် ပြန်လည်ရောင်းချမှုမျိုးလည်းရှိကြောင်း သိရသည်။

“သင်္ကြန်ပစ္စည်းက အရင်းအနှီးမြှုပ်နှံထားရတယ်။ ဒီနှစ် ရောင်းမကုန်တဲ့ ပစ္စည်းကို နောက်နှစ်ကျရောင်းချဖို့ ကာလကြာ သိမ်းဆည်းထားရတာမျိုးလည်း ရှိတယ်။ ရေကစားပစ္စည်း ရောင်းချရတာ အကျိုးအမြတ်ရတယ်ဆိုပေမယ့် အဲဒီလို ကာလကြာ ရင်းနှီးမြှုပ်နှံနိုင်မှ ကိုယ့်အတွက် အကျိုးအမြတ်က ကျန်တယ်။ ဒီနှစ် ရောင်း၊ ဒီနှစ်အကျိုးအမြတ်ကျန်တာတော့ နည်းတယ်။ ဒါကြောင့် ဈေးသည်တော်တော်များက သင်္ကြန်ပစ္စည်းကို စီးပွားဖြစ် ရင်းနှီးမြှုပ်နှံ ရောင်းချတာမျိုး မဟုတ်ဘဲ သင်္ကြန်ကာလပေါ်ပေါက်လာမှ အဖြစ်လောက်သာ ရောင်းချကြတယ်” ဟု သင်္ကြန်ပစ္စည်းများကို မန္တလေးဈေးချိုမှတစ်ဆင့် ဝယ်ယူရောင်းချသူ ဒေသခံတစ်ဦးက ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**



ပြည်တွင်းသတင်း

# သင်္ကြန်ရေကစားမည့်သူများအတွက် သတိထားရမယ့်အချက် (၇)ချက်

ဒေါက်တာကံညွန့်

“ညချမ်းအခါတွင် ပလ္လှမ်းကာအသာဝင်တဲ့ လဆန်းရတနာသွင်သို့၊ အမရာတပင် မပဟေသက်လျှာတပါးကိုလ၊ ငါဘုရင်ရေပက်တာဖြင့် မှားပေါ့ဟဲ့လို့၊ တရားသံဝေ ဖြေမပျောက်နိုင်တဲ့ ရွှေပေါက္ကံမြန်မာမင်းလိုပေါ့ ခါသင်္ကြန်နွေကပဲရယ်လို့၊ ရေပွဲမှာအပျော်တွေစီမှဖြင့်. . .”

အမှန်တော့ သင်္ကြန်မှာစခဲ့ကြသည့် ပုဂံမင်းနှင့်မိဖုရားစောလုံတို့၏ ကြေကွဲစရာဇာတ်လမ်းကဖြင့်ကြာခဲ့ဝေးခဲ့ပါပြီ။ ခပ်ကြမ်းကြမ်း ရေကစားမိတာဖြင့် မှားပါပေါ့လားဟု တရားနှင့်ဖြေသော်လည်း မပြေနိုင်အောင်ဖြစ်ရရှာတဲ့ ပုဂံမင်းရဲ့နောင်တကလည်း နောက်ကျခဲ့ပါပြီ။ သည်လိုနောက်ကျရတာကြောင့်လည်း နောင်လာနောက်သားတွေ သင်္ကြန်မှာ ခပ်ကြမ်းကြမ်းရေမကစားမိကြစေဖို့ ‘သဘောမဆုံသနဲ့ မခံပါချင်လျှင်မကစားကြလေနှင့်၊ ချောဂုဏ်နှင့် နွဲ့ရှာတဲ့ စောလုံရဲ့ ပုဂံရာဇဝင်တရား’ လို့ဆရာကြီး သခင်ကိုယ်တော်မှိုင်းက စာတစ်စောင်ပေတစ်ဖွဲ့ရေးသား သီကုံးပြီး သတိပေးထားခဲ့တာ အထင်အရှားပါပဲ။

အမှန်တော့ သင်္ကြန်ဆိုတာ ပျော်မြူးစရာ အကောင်းဆုံး အခါသမယဖြစ်သလို ပျော်မြူးခြင်း၏ နောက်ကွယ်မှာ စိတ်မကောင်းစရာ အဖြစ်အပျက်လေးတွေက တစ်ခါတစ်ခါဖြစ်ပေါ်လာတတ်သည်ဆိုခြင်းကို ရှေးလူကြီးတွေက သတိပေးခဲ့ကြခြင်းဖြစ်ပါသည်။

ယင်းသို့မမျှော်လင့်ဘဲဖြစ်ပေါ်နေရသည့် စိတ်မကောင်းစရာအဖြစ်အပျက်များကြားထဲမှ သင်္ကြန်တွင်းပျော်မြူးကြရင်း မျက်စိရောဂါ၊ နားရောဂါ တစ်ခုခုရပြီး စက္ခုအာရုံ၊ သောတအာရုံ ချို့ယွင်းသွားရရှာသည့် လူငယ်များ၏ အဖြစ်အပျက်များမှာ ပိုပြီးစိတ်မကောင်းစရာ ဖြစ်နေပါပြီ။

ပြင်းထန်သည့်ရေပိုက်လုံးနှင့် ထိုးခံလိုက်ရသဖြင့် ရောက်လာသည့်လူနာ၊ ပလတ်စတစ်ရေထုပ်နှင့်ပစ်ပေါက်လိုက်သဖြင့် မျက်စိကို တည့်တည့်ထိမှန်ကာ ရောက်လာသည့် လူနာ၊ နို့ဆီဘူးခွံထဲ ရေထည့်ပြီး မျက်နှာဆီပစ်အပေါက်မှာ နို့ဆီဘူးခွံပါ လွတ်ထွက်ပြီး မျက်နှာကိုလာထိပြီး ရောက်လာသည့်လူနာ၊ ညစ်ပတ်သည့်ရေနှင့်ပက်လိုက်သဖြင့် မျက်လုံးထဲဝင်ပြီးရောက် လာသည့်လူနာစသည့်လူနာများ၏ ရောဂါရပုံအကြောင်းများမှာ မြန်မာ့ရိုးရာ သင်္ကြန်၏ နှစ်စဉ်မရိုးနိုင်သော ရိုးရာအကြောင်းများဖြစ်နေပါသည်။

ဒီအကြောင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်းမျက်စိဆရာဝန် ညီလာခံတစ်ခုတွင် တင်သွင်းခဲ့သည့်စာတမ်းတစ်စောင်ကို သတိရနေမိပါသည်။ ယင်းစာတမ်းမှာ ယခင်ရန်ကုန်မြို့ မျက်စိနှင့်နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကု ဆေးရုံကြီးတွင်လာရောက်ကုသမှု ခံယူကြသည့် သင်္ကြန်တွင်းထိခိုက်ဒဏ် ရာရခဲ့ကြသည့် မျက်စိဝေဒနာရှင်များကို ငါးနှစ်တိတိ လေ့လာသုတေသနပြုခဲ့သည့် စာတမ်းဖြစ်ပါသည်။ ယင်းငါးနှစ်အတွင်း ထိခိုက်ဒဏ်ရာရသူပေါင်း ၅၄၃ ဦးရှိခဲ့သဖြင့် တစ်နှစ်တွင် ၁၀၀ ကျော်ခန့်ရှိခဲ့ပါသည်။ ၎င်းတို့အနက် မျက်စိအာရုံ ချို့ယွင်းချက်မရှိ ပြန်ကောင်းသွားသူဦးရေမှာ ၂၈၄ ဦးဖြစ်၍ အမြင်အာရုံ ချို့ယွင်းလျော့ပါးသွားအောင် ဒဏ်ရာရခဲ့ကြသူ ဦးရေမှာ ၂၅၉ ဦးရှိပါသည်။ ယင်းဒဏ်ရာရောဂါများမှာ မျက်မှေးရောင်ခြင်း၊ မျက်မှေးလွှာအောက်သွေးခြေဥခြင်း၊ မျက်ကြည်လွှာ ပွန်းပွဲ့ခြင်း၊ ရောင်ရမ်းခြင်း၊ မျက်စိအတွင်းသွေးခြေဥခြင်း၊ မျက်စိအမြင်အာရုံလွှာကွာကျခြင်း၊ မျက်စိရုတ်တရက် ကွယ်ခြင်းတို့ဖြစ်ပါသည်။ ယင်းတို့အနက် အခြေအနေဆိုးရွားလွန်း၍ မျက်စိတစ်ဖက် ထုတ်ပစ်ခဲ့ရသည့်သူ ၂၇ ဦးရှိခဲ့ပါသည်။ အမြင်အာရုံလုံးဝ ပကတိ ပြန်မကောင်းအောင်ဖြစ်သွားရသူ ၂၅၉ ဦးအနက် ၈၀ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်အရွယ် လူငယ်များဖြစ်ခဲ့ကြပါသည်။

ယင်းစာတမ်းအရ သင်္ကြန်တွင်းထိခိုက်ဒဏ်ရာရပုံအမျိုးမျိုးရှိလေရာ ရေဘောလုံး၊ ရေကို ပလတ်စတစ်အိတ်ဖြင့် ပစ်ခြင်း၊ ရေပုလင်း ရေနှင့်ပါလာသော ပစ္စည်း၊ ရေခဲတုံး၊ နွံ့ရည်၊ မသန့်ရှင်းသောရေဖြင့်ပက်ခြင်း၊ ရန်ဖြစ်ခြင်း၊ ကားတိုက်ခြင်းစသည့် မတော်တဆထိခိုက်မှုမျိုးစုံ ပါဝင်ခဲ့ပါသည်။ ဤလေ့လာချက် စာတမ်းမှာ ရန်ကုန်မြို့တစ်မြို့၌သာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မျက်စိဆေးရုံကြီးတစ်ခုတည်းသို့လာရောက်ပြသသူ လူနာများကိုသာ ကောက်ယူခဲ့သော စာတမ်းဖြစ်ပါသည်။ အပြင်ဆေးခန်းများတွင် ကုသသူများ မပါဝင်ပါ။ တစ်ပြည်လုံးအနှံ့ဆိုလျှင် အဘယ်မျှ ရှိပါမည်နည်း။ မခန့်မှန်းနိုင်ပါ။

သင်္ကြန်အခါသည် မြန်မာ့ရိုးရာ ပျော်ပွဲရွှင်ပွဲဖြစ်၍ လူတိုင်းပျော်လိုကြပေမည်။ ပျော်စရာအချိန်ကို စိတ်ချမ်းမြေ့စွာ အသုံးချတတ်ကြရန် လိုပေသည်။ ပျော်ရွှင်ခြင်း၏ နောက်ပိုင်းတွင် စိတ်မကောင်းစရာ စိတ်ဆင်းရဲစရာများမဖြစ်အောင် ပျော်တတ်ကြဖို့လိုပေသည်။

သင်္ကြန်အတွင်းပျော်ရွှင်မိခြင်းကြောင့် တစ်သက်လုံး စိတ်မကောင်းစရာဖြစ်ရမည့် အဖြစ်မျိုးမည်သူမှ ခံစားလိုကြမည် မဟုတ်ပေ။

ထို့ကြောင့် သင်္ကြန်တွင်း ရေကစားမည့်သူများသည် အောက်ပါအချက်များကို လိုက်နာကြရန် လိုပေသည်။ ၎င်းတို့မှာ-

(၁) ပြင်းထန်သော ရေပိုက်ဖြင့် ရေပက်ခြင်းသည် မျက်စိ၊ နားထဲသို့ တိုက်ရိုက်ဝင်သွားပါက အပက်ခံရသူတွင် အန္တရာယ်ဖြစ်နိုင်သည်ကို အမြဲသတိထားကာ ၎င်းခန္ဓာကိုယ်အစိတ်အပိုင်းတို့ကို မပက်ကြရန်။

(၂) ရေဘောလုံး သို့မဟုတ် ပလတ်စတစ်အိတ်တွင် ရေထည့်၍ မပစ်ပေါက်ရန်။

(၃) နွံ့ရည်၊ ညစ်ပတ်သောရေ၊ ရေခဲတုံးငယ်တို့ဖြင့် ရေပက်မကစားကြရန်။

(၄) ရေပက်ခံသူများသည် မျက်စိနှင့်နားထဲသို့ ရေမဝင်အောင် ကာကွယ်ထားကြပါရန်။

(၅) ညအချိန် မမျှော်လင့်ဘဲ ရေပက်ခြင်းသည် ရှောင်တိမ်းရသူအတွက် ခက်ခဲသဖြင့် ည ၆ နာရီကျော်လျှင် ရေမပက်ဖို့ တားမြစ်ရန်။

(၆) အလွန်အကျူးနောက်ပြောင်ခြင်းသည် ရေပက်သူကို မခံချင်အောင်ဆွပေးသလိုဖြစ်သဖြင့် ရေခွက်နှင့် လှမ်းပက်ခြင်း၊ ရေဘောလုံးဖြင့် ပစ်ပေါက်ခြင်း၊ ရန်ဖြစ်ခြင်းတို့ဖြစ်လာသဖြင့် အလွန်အကျူးနောက်ပြောင်ခြင်းမှ ရှောင်ရှားရန်။

(၇) အလွန်အကျူးမူးယစ်နေခြင်းသည် မိမိကိုယ်ကို ကာကွယ်ရန် သတိလစ်ဟင်းစေသဖြင့် ထိခိုက်ဒဏ်ရာရရန် ပိုလွယ်ကူစေသောကြောင့် အလွန်အကျူးမူးယစ်အောင် သောက်စားထားခြင်းမှ ရှောင်ကြဉ်ရန်တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာကြခြင်းကြောင့် ရိုးရာသင်္ကြန်ပွဲကို ဆင်နွှဲမည့် အများပြည်သူများသည် သင်္ကြန်တွင်း ထိခိုက်ဒဏ်ရာရခြင်းတို့မှ ကင်းဝေးကာ နှစ်သစ်ကူး၏ ရွှင်မြူးစရာနေ့ရက်များကို စိတ်ချမ်းသာစွာ ကုန်လွန်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။



ရန်ကုန် တောင်ပိုင်းခရိုင် သံလျင်မြို့နယ် ထမလုံ ကျေးရွာ၌ တည်ရှိသော လုမ္ဗနီဘိုးဘွားရိပ်သာတွင် ၁၉၈၃/၈၄ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ရူပဗေဒကျောင်းသားကျောင်းသူဟောင်း များနှင့်အလှူရှင် ဦးမြင့်သိန်း-ဒေါ်ခင်အေးသူ(ကျောင်းသားဟောင်း) မိသားစုတို့သည် ဧပြီ ၃ ရက်တွင် ဘိုးဘွားများအတွက် တစ်နေ့တာ ကျွေးမွေးလှူဒါန်းစဉ်။

**အောင်သန်းထွန်း (နတ်မောက်)**

## သင်္ကြန်တွင်းကာလ ယာဉ်တိုက်မှုအန္တရာယ် လျော့နည်းစေရေး(အထူး)ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၀**

အမှတ်(၁)ယာဉ်ထိန်းရဲ၊ ဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)ကွပ်ကဲမှုလက်အောက်ရှိ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပုဗ္ဗသီရိမြို့နယ်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမိုးညွန့်ထွန်းဦးစီးသော ရဲအုပ်စည်သူဆွေနှင့် ပူးပေါင်းအဖွဲ့မှ မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းကို ဧပြီ ၈ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ နေပြည်တော်ဘူတာကြီးလမ်းမကြီး၏ မင်္ဂလာဈေးနှင့် အထက(၃) အနီးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်းလုံးရှည်စုံတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသောပစ္စည်းများ၏အမျိုးအစား၊ အရေအတွက်၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါဌာနတွင် ၁၈-၄-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း စုံစမ်းရယူနိုင်ပါသည်-

- အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကယားပြည်နယ်
- ဖုန်း-၀၈၃-၂၁၄၉၄
- **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၅-၄-၂၀၁၅ရက် ၁၆း၀၀နာရီ
- **တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက်/အချိန်** - ၂၈-၄-၂၀၁၅ရက် ၀၉း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



### လူပျောက်ကြော်ငြာ



မင်းလှမြို့နယ်၊ အောက်ကိုင်းကျေးရွာ၊ ဘုံပျံကျောင်းမှ ကိုရင်ဖြိုးဦး အသက်(၉)နှစ်သည် ၂၁-၃-၂၀၁၅ ရက်နေ့တွင် ကျောင်းမှထွက်သွားရာ ပြန်ရောက်လာခြင်းမရှိသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဖုန်း ၀၉-၄၉၇၃၆၄၁၀၊ ၀၉-၄၂၁၁၂၂၀၂၉၊ ၀၉-၄၉၅၀၅၀၇၈၊ ၀၉-၁၀၇၀၉၁၉၉



### လူပျောက်ကြော်ငြာ



မင်းလှမြို့နယ်၊ အောက်ကိုင်းကျေးရွာ၊ ဘုံပျံကျောင်းမှ ကိုရင်အောင်သန်း အသက်(၁၀)နှစ်သည် ၂၁-၃-၂၀၁၅ ရက်နေ့တွင် ကျောင်းမှ ထွက်သွားရာမှ ပြန်ရောက်လာခြင်းမရှိသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း -၀၉-၄၂၁၁၂၂၀၂၉၊ ၀၉-၄၉၅၀၅၀၇၈၊ ၀၉-၄၂၀၉၇၇၂၄



### မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
### ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်မည့် အောက်ပါအဆောက်အအုံများ ဆောက်လုပ်ရန် မြန်မာနိုင်ငံသားဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ၂၀၁၅ခုနှစ် မေ ၁၂ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်-

(က) *RC*(၁)ထပ် ထမင်းစားဆောင် (၁၂၀ပေ×၆၀ပေ) ၂လုံး
*RC*(၁)ထပ် ထမင်းစားဆောင် (၁၀၀ပေ×၇၂ပေ) ၁လုံး
(တစ်လုံးလျှင် ကျပ် ၁၉၈.၀၀သန်း၊ ၃၁-၇-၂၀၁၅ အပြီးဆောက်လုပ်ရန်)

(ခ) *RC*(၁)ထပ် ဗဟိုထမင်းချက်ဆောင် (၉၀ပေ×၃၆ပေ) ၁လုံး
(ကျပ် ၈၉.၁၀သန်း၊ ၃၁-၇-၂၀၁၅ အပြီးဆောက်လုပ်ရန်)

(ဂ) *RC*(၂)ထပ် လက်တွေ့စာသင်ဆောင် (၁၈၀ပေ×၄၉ပေ) ၁လုံး
(ကျပ် ၄၇၆.၂၈သန်း၊ ၃၁-၁၂-၂၀၁၅ အပြီးဆောက်လုပ်ရန်)

(ဃ) *RC*(၂)ထပ် *e-Library* (၁၈၀ပေ×၄၉ပေ) ၁လုံး
(ကျပ် ၄၇၆.၂၈သန်း၊ ၃၁-၁၂-၂၀၁၅ အပြီးဆောက်လုပ်ရန်)

၂။ တင်ဒါပုံစံ၊ စံချိန်စံညွှန်းများ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို အောက်ပါလိပ်စာများနှင့် ဖုန်း-၀၆၇-၄၁၆၅၂၅၊ ၀၆၇-၄၁၆၅၂၆၊ ၀၆၇-၄၁၆၅၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါကြောင်းနှင့် မွေးရေကျေးလက် ***facebook*** နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ***website*** ဖြစ်သော ***www.uvsyezin.edu.mm*** တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**



### ပညာရေးဝန်ကြီးဌာန
### အခြေခံပညာဦးစီးဌာန၊ နေပြည်တော်
### စစ်ကိုင်းတိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့

စစ်ကိုင်းတိုင်းဒေသကြီး၊ ပညာရေးညွှန်ကြားရေးမှူးရုံး လက်အောက်ရှိမြို့နယ်များတွင် ကျောင်းအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေး ကုမ္ပဏီ/အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၉-၄-၂၀၁၅ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၅-၂၀၁၅ရက် ညနေ ၄း၃၀နာရီ

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၂၉၄၈၊ ၀၉-၃၃၁၀၀၅၆၇၊ ၀၉-၉၇၆၂၀၄၇၈၀၊ ၀၉-၃၃၄၀၀၂၄၂၊ ၀၉-၄၀၀၄၁၂၆၅၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ အခြေခံပညာကျောင်းများဆောက်လုပ်မည့် အဆောက်အအုံ ၁၈၉ ကျောင်းအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(၂) အိတ်ဖွင့်တင်ဒါပုံစံများအား လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၁၀-၄-၂၀၁၅ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၀-၅-၂၀၁၅ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။

(၃) အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ဝန်ကြီးရုံး၊ လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့
ဖုန်း-၀၇၄-၂၉၅၂၀

(ခ) လူမှုဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၂၆၆၄

(ဂ) ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၂-၂၂၄၁၆၊ ၀၇၂-၂၂၃၇၇

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၆၄၄၉၊ Toyota Corolla CB/05 S/W(4x2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်ခင်ငြိမ်းဦး ၁၄/မမန(နိုင်)၀၁၄၂၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးသန်းရှိန် ၇/ကဝန(နိုင်)၀၃၅၈၇၁၏ Passport M-676249 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးကြပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၀၃၉၀၃၆**

နိုင်ငံတကာအားကစား

# မန်စီးတီးရဲ့ မှတ်တမ်းကောင်းကို ရိုက်ချိုးမယ့် ဗန်ဟား

မိုးမြင့်လင်းလက်





မန်စီးတီးရဲ့ မှတ်တမ်းဟောင်းကို ဒီပွဲမှာ ရိုက်ချိုးဖျက်ဆီးပစ်မယ်လို့ ကြုံးဝါးနေတာက မန်ယူနည်းပြဗန်ဟားပဲဖြစ်ပါတယ်။ ဧပြီ ၁၂ ရက်မှာ မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကွင်းမှာ မန်စီးတီးနဲ့ ရင်ဆိုင်ရမယ့်ပွဲအတွက် ပြင်ဆင်နေတဲ့ ဗန်ဟားကတော့ ဒီပွဲအတွက် စိတ်ပူပင်မှုမရှိဘူးလို့လည်း ဆိုနေပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၃၂)အဖြစ် မန်ယူနဲ့ မန်စီးတီးတို့ပွဲကို ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော ပရိသတ်တွေက စောင့်ကြည့်အားပေးမှာ ဖြစ်တဲ့အတွက် တကယ့်ကို ပွဲကြီးပွဲကောင်းပါပဲ။ မန်စီးတီးဟာ မန်ယူနဲ့ ဆုံတွေ့ခဲ့တဲ့ မန်ချက်စတာဒါဘီပွဲ လေးပွဲမှာ နိုင်ပွဲတွေချည်း ဆက်တိုက်ရရှိထားတာမို့ အဲဒီ မှတ်တမ်းဟောင်းကို အခုပွဲ ရိုက်ချိုးဖျက်ဆီးပစ်မယ်လို့ မန်ယူနည်းပြ ဗန်ဟားက ပြောကြားနေခြင်းဖြစ်ပါတယ်။

မန်ယူဟာ ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲကို ဆက်တိုက်နိုင်ပွဲရထားပြီး အောင်ပွဲ စိတ်ဓာတ်တွေ ဆူဝေနေတဲ့အတွက် ဒီပွဲကိုလည်း နိုင်ပွဲဆက်မယ်လို့ မန်ယူကစားသမားတွေရော နည်းပြ ဗန်ဟားကပါ အပြည့်အဝယုံကြည်နေပါတယ်။ မန်ယူမှာ ရွန်းနေ၊ ဖယ်ကာအို၊ ဒီမာရီယာတို့ တိုက်စစ်အတွဲက ဖယ်လိုင်နီ၊ ယန်း၊ ဘလင်းတို့အတွဲနဲ့ ဟာရဲရား၊ မာတာ၊ ဗလင်စီယာတို့ရဲ့ အတွဲတွေနဲ့အတူ ပွဲထွက်လာဖို့များနေပါတယ်။

ကွင်းလယ်မှာ ကာရစ်၊ မာတာတို့ကလည်း တိုက်စစ်၊ ခံစစ်ကို ထိန်းချုပ် ကစားနိုင်နေပြီး တဖြည်းဖြည်း ပုံစံကောင်းရလာတာမို့ နည်းပြ ဗန်ဟားရဲ့ ၄-၁၊ ၄-၁ ကစားကွက်ဟာ ရလဒ်ကောင်းတွေကို ပုံဖော်နိုင်ပါတယ်။ ဒဏ်ရာတွေနဲ့ ရုန်းကန်နေရတဲ့ ဗန်ပါစီ ပါဝင်ကစားဖို့မလွယ်တာမို့ မန်စီးတီးကို ရင်ဆိုင်ဖြိုခွဲဖို့အတွက် ဗန်ဟားက သေသေချာချာ စီမံနေပြီဖြစ်ပါတယ်။

မန်ယူဟာ အရင်က ကစားနေကျ ပုံစံဟောင်းဖြစ်တဲ့ အထန္ဒေးတဲ့ပုံစံကို ပြောင်းလဲခဲ့ပြီး ပွဲစတင်တာနဲ့ အရှိန်အဟုန်နဲ့ တိုက်စစ်ဆင် ကစားလာတာတွေ့ ရပါတယ်။ ရပ်ကစားတာထက် အတင်းတိုးဝင်ကစားဟန်တွေကြောင့် ပြိုင်ဘက်ကစားသမားတွေ ဘောလုံးတည်မရအောင် ကြိုးစားလာတာတွေ့ရပါတယ်။ ဒါဟာ မန်ယူရဲ့ ပြောင်းလဲရရှိလာတဲ့ အချက်များစွာထဲက တစ်ချက် ဖြစ်ပါတယ်လို့ နည်းပြဗန်ဟားက ပြောပါတယ်။

ဒါကြောင့် မန်ယူဟာ အခုပွဲမှာ မန်စီးတီးကို ချေမှုန်းပစ်ဖို့ ကြိုးစားမှာဖြစ်ပြီး မှတ်တမ်းကောင်းကိုရေးထိုးဖို့ အကောင်းဆုံးအခြေအနေကို ဖန်တီးပုံဖော်ပါလိမ့်မယ်။

မန်စီးတီးတို့က ပြီးခဲ့တဲ့ ပွဲစဉ် (၃၁)မှာ ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံထားတာမို့ အခုပွဲမှာ မန်ယူအပေါ် ပေါက်ကွဲဖို့ ဖြစ်လာမလားကြည့်ရမှာဖြစ်ပါတယ်။ ဂိုးပေါက်လွဲနေတဲ့ အဂူရို၊ စွမ်းရည်ကျဆင်းလာတဲ့ ယာယာတိုရေး၊ အပိုအလိုတွေများနေတဲ့ ဒေးဗစ်ဆေးလ်ဗားတို့ရဲ့ စွမ်းဆောင်မှုတွေက ပွဲရလဒ်တွေအပေါ် ပရိသတ်တွေ သံသယပွားစေနေတာတော့ အမှန်ပါပဲ။

မန်စီးတီးအသင်းဟာ လက်ရှိအနေအထားအရ ချန်ပီယံလိဂ် ဝင်ခွင့်ရဖို့အတွက် ကြိုးစားရမှာဖြစ်ပြီး လက်ရှိ ပရီမီယာလိဂ်ချန်ပီယံအဖြစ် ကာကွယ်ဖို့ အတွက်ကတော့ ခက်ခဲနေပြီဖြစ်ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာ အဝေးကွင်း သုံးပွဲရှုံးထားတာမို့ အဝေးရလဒ်ကောင်းအောင် ပြန်ကြိုးစားဖို့ အားထုတ်မှာဖြစ်သလို မန်ယူကွင်းမှာကစားတိုင်း အနိုင်ဆိုတဲ့မှတ်တမ်းကိုပဲ ဆက်လက်ထိန်းသိမ်းဖို့ ကြိုးစားပါလိမ့်မယ်။ တိုက်စစ်ပိုင်းမှာ မန်စီးတီးတို့ အားသာချက်ရှိနေပြီး အသင်းလိုက်ကစားအားလည်း ကောင်းမွန်နေတာမို့ မန်ယူကို ကောင်းကောင်းခြိမ်းခြောက်နိုင်ပါတယ်။

ဒီပွဲစဉ်ဟာ မန်ယူရော မန်စီးတီးအတွက်ပါ တန်းစီဇယား ရပ်တည်မှုအနေအထား အပြောင်းအလဲဖြစ်နိုင်သလို ဥရောပဝင်ခွင့်အတွက်ရော ဂုဏ်သိက္ခာအတွက်ပါ အရေးကြီးတာကြောင့် နှစ်သင်းစလုံးအတွက် တက်ကုန် ရွက်ကုန် ဖွင့်ကြမယ့်ပွဲ ဖြစ်ပါတယ်။ ဒါကြောင့် မန်ယူနည်းပြ ဗန်ဟား ကြုံးဝါးနေသလို မန်စီးတီးရဲ့ မှတ်တမ်းဟောင်းကို ရိုက်ချိုးပစ်နိုင်မှု ရှိ မရှိ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။



# ဂိုး ၃၀၀ မြောက် သွင်းတဲ့ စီရော်နယ်ဒို

စီရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်အသင်းရဲ့ ဂိုးသွင်းစက်လို့ဆိုရလောက်အောင် တစ်ချိန်လုံး ဂိုးတွေ သွင်းယူနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အခုအခါမှာတော့ သူဟာ ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးပေါင်း ၃၀၀ မြောက်ကို သွင်းယူပေးလိုက်နိုင်ပါပြီ။ ရီးရဲမက်ဒရစ်က ဗယ်လီကာနိုအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့ပွဲမှာ စီရော်နယ်ဒိုက အဖွင့်ဂိုးအဖြစ် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ ၂၀၀၉ ခုနှစ်က ပေါင်သန်း ၁၈၀ နဲ့ မန်ယူမှ ရောက်လာပြီးကတည်းက ပွဲပေါင်း ၂၈၈ ပွဲ ပါဝင်ကစားခဲ့ရာမှာ ဂိုးပေါင်း ၃၀၀ အထိ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ သူသွင်းယူခဲ့တဲ့ ဂိုးတွေထဲမှာ ခေါင်းတိုက်ဂိုးက ၄၁ ဂိုး၊ ပယ်နယ်တီနဲ့ ၅၅ ဂိုး၊ ဂိုးဧရိယာအပြင်ဘက်က ၄၆ ဂိုးနဲ့ ဂိုးဧရိယာအတွင်းမှ ၁၅၈ ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ သူဟာ ရာအူးလ်နဲ့ စတီဖန်နိုတို့အပြီး ဂိုးပေါင်း ၃၀၀ သွင်းယူနိုင်တဲ့ ကစားသမားတွေထဲက တတိယမြောက် ဂိုးအများဆုံး သွင်းယူပေးနိုင်တဲ့ ကစားသမား ဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိတဲ့ စီရော်နယ်ဒိုဟာ ဂရာနာဒါကို ကိုးဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့ ပွဲမှာလည်း ငါးဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

# ဂိုးအများဆုံးသွင်းဖို့ကြိုးစားနေတဲ့ မက်ဆီ




တိုက်စစ်မှူး မက်ဆီဟာ ဒီနှစ် လာလီဂါမှာ ဂိုးအများဆုံး သွင်းဖို့ ကြိုးစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်က စီရော်နယ်ဒိုနဲ့အပြိုင် ဒီနှစ်ရဲ့ လာလီဂါ ဂိုးသွင်းချန်ပီယံဖြစ်ဖို့ ကြိုးစားနေတာပါ။ လက်ရှိအခြေအနေမှာတော့မက်ဆီက အာမေးနီးယားနဲ့ကစားတဲ့ပွဲမှာ ဒီနှစ်ရာသီအတွက် ၃၃ ဂိုးမြောက် အဖြစ် သွင်းယူထားတာပါတယ်။ ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါမှာ ချန်ပီယံဖြစ်ဖို့ အလားအလာကောင်းနေတဲ့ အသင်းပါ။ လောလောဆယ်မှာတော့ ပြိုင်ဘက် ရီးရဲမက်ဒရစ်ကို လေးမှတ်အသာနဲ့ ဦးဆောင်နေတာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်မှာလည်း ပီအက်စ်ဂျီနဲ့ ကန်ဖို့ ရှိနေပါတယ်။ ကိုပါဒယ်ရေးဖလားမှာတော့ ဘီလ်ဘာအိုအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ ဒီနှစ်ထဲမှာ ဖလားတွေ တန်းစီယူမယ့် အနေအထားသို့ ရောက်ရှိနေပါတယ်။ ဒီလိုအနေအထားရောက်အောင်လည်း တိုက်စစ်မှူး မက်ဆီအနေနဲ့ အဓိက ကစားသမားအဖြစ် ဂိုးတွေ ဆက်တိုက် သွင်းယူပေးနေလို့သာ ဖြစ်ပါတယ်။ ရာသီကုန်ဆုံးချိန်မှာတော့ စီရော်နယ်ဒိုနဲ့ မက်ဆီတို့ဟာ ဘယ်သူ လာလီဂါရဲ့ ဂိုးသွင်းချန်ပီယံဖြစ်မလဲ ဆိုတာ စောင့်ကြည့်ရဦးမယ့်အနေအထားဖြစ်ပါတယ်။

# အက်ဖ်အေဆီမီးမှာလီဗာပူးနဲ့ ဗီလာတို့တွေ့ကြပြီ

လီဗာပူးအသင်းဟာ အက်ဖ်အေ စတုတ္ထအဆင့်မှာ ကောင်တင်ဟိုရဲ့ တစ်လုံးတည်းသောဂိုးနဲ့ ဘလက်ဘန်းကို အနိုင်ရလိုက်တဲ့အတွက် ဝင်ဘလေကွင်းကြီးမှာ ကစားမယ့် ဆီမီးမှာ အက်စ်တွန်ဗီလာနဲ့ ကစားရတော့မှာ ဖြစ်ပါတယ်။



လီဗာပူးအသင်းဟာ ပရီမီယာလိဂ် ထိပ်ဆုံး လေးနေရာ ဆုံးရှုံးခဲ့ရပေမယ့် အက်ဖ်အေ ဖလားပြိုင်ပွဲမှာ ဆီမီးတက် သွားတဲ့အတွက် နည်းပြ ဘရီဒန်း ရော်ဂျာအတွက် အားတက်စရာ ဖြစ်ခဲ့ရပါတယ်။ ဘလက်ဘန်းကို အနိုင်ရလိုက်တဲ့ အတွက် လီဗာပူးအသင်းဟာ အက်ဖ်အေ ဖလား မျှော်လင့်ချက်ရှိသွားပြီ ဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ ထိပ်ဆုံး နေရာအတွက် ရှိနေသေးတယ်လို့ နည်းပြ ရော်ဂျာကဆိုပါတယ်။ နည်းပြ ရော်ဂျာအနေနဲ့ လီဗာပူးအသင်းကို တာဝန်ယူတဲ့ သုံးနှစ်တာကာလအတွင်းမှာ ပထမဆုံး ဖလားဆွတ်ခူးဖို့ မျှော်လင့်ထားပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

# ၂၀၁၇ အာဖရိကဖလား ဂါဘွန်တွင် ကျင်းပမည်

၂၀၁၇ အာဖရိကဖလား အိမ်ရှင်အဖြစ်လက်ခံကျင်းပဖို့ ဂါဘွန်နိုင်ငံကို ရွေးချယ်လိုက်ပါပြီ။ ၂၀၁၂ ခုနှစ်က ပူးတွဲအိမ်ရှင်ဖြစ်ခဲ့ဖူးတဲ့ ဂါဘွန်ကို ကိုင်ရိုမြို့မှာကျင်းပတဲ့ အာဖရိကဘောလုံးအဖွဲ့ချုပ် အမှုဆောင်ကော်မတီက အယ်လ်ဂျီးရီးယားနဲ့ ဂါနာတို့မတိုင်မီ ဆန္ဒပြုရွေးချယ်ပေးလိုက်တာဖြစ်ပါတယ်။ အာဖရိက အနောက်ပိုင်း ကမ်းရိုးတန်းဒေသမှာရှိတဲ့ ဂါဘွန်နိုင်ငံဟာ ဒုတိယအကြိမ် အာဖရိကနိုင်ငံများဖလားကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိမှာဖြစ်ပါတယ်။ ယခင်က အီကွေတိုရီရယ်ဂီနီနဲ့ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ မူလက လစ်ဗျားနိုင်ငံက ဒီပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့တာပါ။ သို့ပေမယ့် စစ်ဖြစ်ပွားနေတဲ့အတွက် ဂါဘွန်ကို ပြန်လည်ရွေးချယ်ပေးခဲ့တာ ဖြစ်ပါတယ်။ ဂါဘွန်နိုင်ငံက ၁၆ သင်းအတွက် ကစားကွင်းလေးကွင်း အသုံးပြုသွားမှာဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလအတွင်းမှာ ကျင်းပသွားမယ်လို့ ဆိုပါတယ်။

ပြည်တွင်းသတင်း

# မန်းရွှေစက်တော်ဘုရားပွဲ၌ သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်

**ရွှေစက်တော် ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားပွဲ၌ အနယ်နယ်အရပ်ရပ်မှ လာရောက်သော ဘုရားဖူးပြည်သူများ ဝမ်း ရောဂါ အပါအဝင် ရောဂါများဖြစ်ပွားမှုမရှိစေရေး အတွက် သန့်ရှင်းရေးဝန်ထမ်းများက စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွဲတော်တွင် ရောင်းချသောစျေးသည်များနှင့် တည်းခိုဆောင်လုပ်ငန်းရှင်များ ဝမ်းနှင့်ပတ်သက်သော ရောဂါဝေဒနာ မဖြစ်ပွားစေရန် သန့်ရှင်းရေး ဝန်ထမ်းများက နေ့စဉ် ကာကွယ်ဆေးများ ဖျန်း၍ စနစ်တကျဆောင်ရွက်နေခြင်းဖြစ်သည်။ မန်းရွှေစက်တော်ဘုရား ခြေတော်ရာဖွင့်ပွဲပြီးဆုံးသည့် နောက်ရက်မှစ၍ ဘုရားဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ဦးဆောင်၍ တည်းခိုဆောင်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များ၊ ဘုရားပွဲတော်အတွင်း ရှိ ပျံကျစျေးသည်များကိုခေါ်ကာ ဘုရားပွဲတော် ကာလအတွင်း ဝမ်းနှင့်ပတ်သက်သောရောဂါများ မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ပညာပေးဆွေးနွေးပြီး ပွဲတော် ကာလအတွင်း ခန့်အပ်ထားသော သန့်ရှင်းရေး ဝန်ထမ်းများက ဘုရားပွဲတော်ကွင်းလမ်းများ၊ စျေးဆိုင်များ၊ တည်းခိုဆောင်များ အိမ်သာများကို တစ်နေ့နှစ်ကြိမ်ပုံမှန်စစ်ဆေးခြင်းနှင့် လိုအပ်သော ကာကွယ်ဆေးဖျန်းခြင်းများ စနစ်တကျပြုလုပ်လျက်ရှိသည်။ ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ထားသဖြင့် ဖွင့်လှစ်ပေးထားသော ဘုရားရှိ ကျန်းမာရေးဆေးပေးခန်းသို့ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံစျေးသည်များမှ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား၍ လာရောက်ပြသသူ မရှိသေးကြောင်း သိရသည်။



"ပွဲတော်စတင်ကျင်းပကတည်းက ဘုရားဖူးတွေနဲ့ ဘုရားမှာရောင်းချတဲ့ စျေးသည်တွေကို ဝမ်းရောဂါမဖြစ်အောင် အထူးကြပ်မတ်ဆောင်ရွက်ခဲ့ပါတယ်။ နေ့စဉ်စွန့်ပစ်ပစ္စည်းအညစ်အကြေးတွေ စနစ်တကျသိမ်းဆည်းပြီး ဝေးတဲ့နေရာတွေမှာ မြေမြှုပ်မီးရှို့တာတွေ စနစ်တကျလုပ်ဆောင်ပါတယ်။ သန့်ရှင်းရေးဝန်ထမ်းတွေက ပိုးသတ်ဆေးတွေဖျော်ပြီး ဘူးတွေနဲ့ မနက်တစ်ကြိမ် ညနေတစ်ကြိမ်လမ်းတွေ၊ စားသောက်ဆိုင်တွေ၊ အိမ်သာတွေကို အလှည့်ကျလိုက်ဖျန်းကြပါတယ်။ တရုတ်ယင်သတ်ဆေး အခဲ/အမှုန့်နဲ့ ဆေးကတ်၊ ထုံး၊ မိလ္လာကန်သန့်ဆေးတွေသုံးပြီး စနစ်တကျ လုပ်ဆောင်ပါတယ်။ ဒါကြောင့် ပွဲတော်တွင်းမှာ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် မန်းရွှေစက်တော်ဘုရား ကျန်းမာရေးဆေးခန်းကို လာရောက်ကုသသူ အခုချိန်ထိမရှိသေးပါဘူး"ဟု သန့်ရှင်းရေးအဖွဲ့တာဝန်ခံ ဦးသန်းဝင်းက ပြောသည်။

မန်းရွှေစက်တော်ဘုရား သန့်ရှင်းရေးအဖွဲ့နှင့် ဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့ ပူးပေါင်းကာ လာမည့်နှစ်တွင်လည်း ဘုရားဖူးလာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပိုင်ဇေ(မကွေး)**



# ယာဉ်လိုင်းများ အပြိုင်အဆိုင်မောင်းနှင်၍ ခရီးသည်များအဆင်မပြေဖြစ်နေ

**ရေတာရှည် ဧပြီ ၁၀**

ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ပြေးဆွဲနေသော ခရီးဝေးသွား ယာဉ်လိုင်းများသည် ခရီးသည်ရရှိရန် အပြိုင်အဆိုင် အလုအယက်မောင်းနှင်ခြင်းများ နေ့စဉ်ပြုလုပ်နေသဖြင့် ခရီးသည်များ အဆင်မပြေဖြစ်နေကြကြောင်း သိရသည်။

"ဟိုတစ်နေ့က ဆွာကားဂိတ်ကို ရှေ့ကကားက အရှိန်နဲ့ထိုးရပ်တယ်။ နောက်ကလိုက်လာတဲ့ကားကလည်း နောက်ကနေ အရှိန်နဲ့ထိုးရပ်လိုက်တာ ရှေ့ကကားနောက်ပိုင်းကိုသီသီလေးလွတ်သွားတယ်။ ကံကောင်းလို့ပေါ့ဗျာ။ ဆင်းမယ့်ခရီးသည်တွေကိုလည်း ကန်မချရုံတစ်မယ်ပါပဲ။ အတင်းဆင်းခိုင်းတယ်။ ပြီးတော့နှစ်စီးစလုံး အရှိန်နဲ့ မောင်းထွက်သွားတယ်"ဟု ကိုယ်တိုင်မြင်တွေ့ လိုက်ရသော ဆွာမြို့ခံတစ်ဦးကပြောသည်။

ကိုယ်ပိုင်ယာဉ်များ ပေါများလာခြင်း၊ ခရီးတိုနှင့် အခြားသောခရီးသွားခြင်းကို ဆိုင်ကယ်များပိုမိုအသုံးပြုလာခြင်းတို့ကြောင့် နေ့စဉ်ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများတွင် စီးနင်းလိုက်ပါသူ သိသိသာသာလျော့နည်းလာခြင်းဖြစ်ကြောင်း ယာဉ်မောင်းတစ်ဦးကပြောသည်။ ရန်ကုန်-မန္တလေးကားလမ်း တစ်လျှောက် ပြေးဆွဲမောင်းနှင်လျက်ရှိသော ခရီးဝေးသွားယာဉ်လိုင်းများအနေဖြင့် ခရီးသည်စီးနင်းမှုလျော့ကျလာခြင်းကြောင့် အပြိုင်အဆိုင်ခရီးသည်ရရှိရေး ကြိုးပမ်းဆောင်ရွက်နေကြရကာ အလုအယက်မောင်းနှင်ခြင်းများ နေ့စဉ်လိုလိုမြင်တွေ့နေရပြီး ခရီးသွားများအတွက် အန္တရာယ်မဖြစ်အောင်ဂရုပြုရန်လိုအပ်ကြောင်း ဆန်းစစ်ဝေဖန်မှုများလည်းရှိနေသည်။ **ကိုလွင်(ဆွာ)**









| Sunday, April 12, 2015 | | | |
|---|---|---|---|
| Yangon | 07:00 | Naypyitaw | 07:35 |
| Naypyitaw | 11:55 | Yangon | 12:30 |
| Yangon | 17:00 | Mandalay | 17:55 |
| Mandalay | 19:00 | Yangon | 19:55 |

| Monday, April 13, 2015 | | | |
|---|---|---|---|
| Yangon | 07:00 | Naypyitaw | 07:35 |
| Naypyitaw | 08:06 | Mandalay | 08:35 |
| Mandalay | 09:06 | Yangon | 10:00 |
| Yangon | 17:00 | Mandalay | 17:55 |
| Mandalay | 19:00 | Yangon | 19:55 |

| Tuesday, April 14, 2015 | | | |
|---|---|---|---|
| Yangon | 07:00 | Naypyitas | 07:35 |
| Naypyitaw | 08:06 | Mandalay | 08:35 |
| Mandalay | 09:06 | Yangon | 10:00 |
| Yangon | 17:00 | Mandalay | 17:55 |
| Mandalay | 19:00 | Yangon | 19:55 |

| Wednesday, April 15, 2015 | | | |
|---|---|---|---|
| Yangon | 07:00 | Naypyitaw | 07:35 |
| Naypyitaw | 11:55 | Yangon | 12:30 |
| Yangon | 17:00 | Mandalay | 17:55 |
| Mandalay | 19:00 | Yangon | 19:55 |
| Yangon | 06:00 | Mandalay | 07:25 |
| Mandalay | 10:10 | Yangon | 11:35 |

| Thursday, April 16, 2015 | | | |
|---|---|---|---|
| Yangon | 07:00 | Naypyitaw | 07:35 |
| Naypyitaw | 08:00 | Mandalay | 08:30 |
| Mandalay | 13:30 | Naypyitaw | 14:00 |
| Naypyitaw | 14:25 | Yangon | 15:00 |
| Yangon | 17:00 | Mandalay | 17:55 |
| Mandalay | 19:00 | Yangon | 19:55 |

နည်းပညာ

# တစ်ခေတ်ဆန်းလာမည့် စမတ်နာရီများ

သတင်းဆောင်းပါး
သူရဖြိုး

မိုဘိုင်းဖုန်းများ ပေါ်ပေါက်လာပြီးနောက် ဘက်စုံအသုံးဝင်မှုကြောင့် နေ့စဉ်နေထိုင်မှုတွင် အသုံးပြုနေသည့် ပစ္စည်းအချို့ကို အသုံးပြုမှု လျော့ကျသွားသည်။ ယခင်က အပျော်တမ်းကင်မရာများ၊ ကက်ဆက်နှင့် စီဒီဖွင့်စက်များ၊ ဂဏန်းပေါင်းစက်များ၊ နှိုးစက်နာရီနှင့် လက်ပတ်နာရီများကို အသုံးပြုသည့်နေရာများတွင် မိုဘိုင်းဖုန်းတစ်လုံးတည်းဖြင့် အစားထိုးလိုက်နိုင်သည်။

ထိုသို့ အစားထိုးခံလိုက်ရသော ပစ္စည်းများထဲမှ လက်ပတ်နာရီများသည် ယခုအခါတွင် ပုံစံသစ်တစ်မျိုးဖြင့် လူများ၏ နေ့စဉ်ဘဝထဲသို့ ပြန်လည်ဝင်ရောက်လာလျက်ရှိသည်။ အချိန်နှင့် နေ့စွဲကိုသိရန်သာ အသုံးဝင်သည့်အဆင့်အစား နည်းပညာကို နာရီများအတွင်းထည့်သွင်းကာ စမတ်ဖုန်းနှင့် တွဲသုံးနိုင်သည့် စမတ်နာရီများအဖြစ် ပြန်လည်ဝင်ရောက်လာရန် တာစူနေပြီသည်။

စမတ်ဖုန်း၏ ဖုန်းခေါ်ဆိုခြင်းနှင့် ဖုန်းအဝင်လက်ခံခြင်း၊ ဖုန်းပြောသည့်အသံကို ဖမ်းထားခြင်း၊ မက်ဆေ့များဖတ်ခြင်း၊ ဖုန်းအတွင်းမှ သီချင်းများဖွင့်ခြင်း၊ အသံဖမ်းခြင်း၊ ဓာတ်ပုံရိုက်ခြင်း စသည်တို့ကို ဖုန်းကိုကိုင်ရန်မလိုဘဲ ဘလူးတုနှင့် ဝိုင်ဖိုင်မှတစ်ဆင့် ချိတ်ဆက်၍ လုပ်ဆောင်နိုင်ခြင်းတို့သည် စမတ်နာရီ၏ အခြေခံလုပ်ဆောင်ချက်များဖြစ်သည်။ ထို့ပြင် သီးသန့်စက်လည်ပတ်မှုစနစ် (Firmware)ပါဝင်သဖြင့် သီးသန့် Application များကို အသုံးပြု၍ သွေးခုန်နှုန်းတိုင်းခြင်း၊ လမ်းလျှောက်နှုန်းတိုင်းခြင်း၊ ခန္ဓာကိုယ်အပူချိန်တိုင်းခြင်း စသည်တို့ကို လုပ်ဆောင်နိုင်ရန်တို့သည် စမတ်နာရီများ၏ ရည်မှန်းချက်များဖြစ်ကာ ပို၍ကောင်းမွန်လာစေရန် နည်းပညာကုမ္ပဏီများက အချိန်နှင့်အမျှ ကြိုးပမ်းလျက်ရှိသည်။

**စမတ်နာရီများ၏ အစ**

လူ့ကိုယ်ခန္ဓာတွင် ဝတ်ဆင်နိုင်သည့် နည်းပညာပစ္စည်းများကို တီထွင်နေကြသည်မှာ ကြာပြီဖြစ်သလို စမတ်နာရီများကိုလည်း နည်းပညာကုမ္ပဏီများက တီထွင်ရန် ကြံစည်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် စမတ်နာရီများကို လူများစု စိတ်ဝင်စားကြချိန်မှာ နာမည်ကြီး မိုဘိုင်းဖုန်းကုမ္ပဏီကြီးများ၏ ထုတ်ကုန်များ စတင်ထွက်ရှိလာပြီးမှဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် Apple က အိုင်ဖုန်းများနှင့်တွဲသုံးရန် Apple Watch နာရီနှင့် ဆမ်ဆောင်းက ၎င်း၏ ဖုန်းများနှင့် တွဲသုံးရန် ဆမ်ဆောင်းဂီယာနာရီကို စတင်ဈေးကွက်တင်ပြီးသည့်နောက် စမတ်နာရီများကို စိတ်ဝင်စားမှု အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ထို့နောက်ပိုင်းတွင် နာမည်ကြီး နည်းပညာကုမ္ပဏီအားလုံးနီးပါးက စမတ်နာရီများကို ထုတ်လုပ်လာကြသည်။

**ပြည်တွင်းဈေးကွက်မှ စမတ်နာရီများ**

ပြည်တွင်းဈေးကွက်တွင်မူ စမတ်နာရီများ စတင်ဝင်ရောက်လာသည်မှာ တစ်နှစ်ကျော်သာ ရှိသေးသည်။ စမတ်နာရီများ ပထမဆုံးရောင်းချသည်မှာ ပြည်တွင်းမိုဘိုင်းဖုန်းဈေးကွက်ကို အခိုင်အမာရရှိပြီးဖြစ်သော ဆမ်ဆောင်းနှင့် Apple တို့ဖြစ်သည်။ အချိန်တိုအတွင်း ဈေးကွက်၏စိတ်ဝင်စားမှုကို ရရှိသော်လည်း နာရီတစ်လုံးလျှင် အနည်းဆုံး ကျပ်သုံးသိန်းခွဲခန့်ရှိသဖြင့် ဈေးနှုန်းမြင့်မားမှုကြောင့် လူတိုင်းသုံးနိုင်သည့် ပစ္စည်းမျိုးဖြစ်မလာဘဲ လူနည်းစုကသာ သုံးနိုင်ခဲ့သည်။ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်အရ ပြည်တွင်းဈေးကွက်သို့ နာမည်ကြီးအမှတ်တံဆိပ်မဟုတ်သည့် ဈေးနှုန်းချိုသာသော စမတ်နာရီများ ဝင်ရောက်လာသည်။

**တစ်ဝက်တစ်ပျက် စမတ်နာရီ**

နာမည်ကြီး Apple watch နှင့် ဆမ်ဆောင်းဂီယာတို့၏ အပြင်ပန်းပုံစံနှင့် လုပ်ဆောင်ချက်များကို အတတ်နိုင်ဆုံးတူအောင်တုထားပြီး ဈေးနှုန်းချိုသာသည့် စမတ်နာရီများ ပြည်တွင်းဈေးကွက်သို့ ၂၀၁၄ နှစ်ဆန်းပိုင်းခန့်တွင် စတင်ဝင်ရောက်လာသည်။ ပုံတူအတုခိုးထားခြင်းမဟုတ်ဘဲ သီးခြားဒီဇိုင်း၊ သီးခြားလုပ်ဆောင်ချက်များဖြင့် ဝင်ရောက်လာသည့် အမှတ်တံဆိပ်အသစ်များလည်း ရှိသည်။ အားလုံးနီးပါးမှာ တရုတ်နိုင်ငံမှ ဝင်ရောက်ခြင်းဖြစ်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ကျပ်ငါးသောင်းဝန်းကျင်ခန့်မှ အများဆုံး တစ်သိန်းခန့်အထိသာ ရှိသည်။



ဈေးသက်သာသော စမတ်နာရီများသည် ဖုန်းနှင့်ချိတ်ဆက်၍သုံးရသည့် လုပ်ဆောင်ချက်များကို လုပ်နိုင်သော်လည်း နာမည်ကြီး စမတ်နာရီများကဲ့သို့ သီးခြားစက်လည်ပတ်မှုစနစ်ဖြင့် လုပ်ဆောင်ခြင်းမဟုတ်သဖြင့် သီးခြား Application များ ထည့်သွင်းနိုင်ခြင်းမရှိသဖြင့် စမတ်နာရီဟုခေါ်သော်လည်း တစ်ဝက်တစ်ပျက်သာ လုပ်ဆောင်နိုင်စွမ်းရှိသည့် စမတ်နာရီများဖြစ်သည်။ သို့သော် ဈေးနှုန်းသက်သာခြင်းကြောင့် ပြည်တွင်းဈေးကွက်၌ စိတ်ဝင်စားသူ၊ အသုံးပြု သူများနေပြီဖြစ်သည်။

**စမတ်နာရီများ၏ အားသာချက်**

စမတ်နာရီများကို လူကြိုက်များလာခြင်းတွင် အဓိကအချက်မှာ ဒီဇိုင်းလှခြင်းဖြစ်သည်။ နာရီတစ်လုံးဖြစ်သော်လည်း ပုံမှန်ဒိုင်ခွက်နှင့် နာရီလက်တံများအစား LED Screen ကို သုံးထားပြီး ရောင်စုံနောက်ခံများ၊ ပုံများထားနိုင်ခြင်းကြောင့် ရိုးရိုးနာရီများထက် အမြင်လှသည်။ Touch Screen စနစ်ကိုသုံးသဖြင့် စတိုင်လ်လည်းကျသည်။ ထို့ပြင် ဖုန်းနှင့်အလွယ်တကူ ချိတ်ဆက်၍ ဖုန်းအတွင်းမှလုပ်ဆောင်ချက်များကို သုံးနိုင်သည်။ နောက်ဆုံးထွက် စမတ်နာရီများတွင် ဆင်းကတ်ထည့်သွင်း၍ နာရီမှပင် ဖုန်းပြောနိုင်သလို ကင်မရာများလည်း ပါဝင်လာပြီး နာရီဖြင့်ပင် ဓာတ်ပုံရိုက်နိုင်သည်။ အတော်အသင့်ကောင်းသော သမားရိုးကျနာရီတစ်လုံးဈေးမှာလည်း အနည်းဆုံး ကျပ်ငါးသောင်းခန့်ပေးနေရသည်ဖြစ်ရာ စမတ်နာရီများနှင့် ဈေးနှုန်းတွင်လည်း အတူတူခန့်သာ ရှိနေသည်။

**စမတ်နာရီများ၏ အားနည်းချက်**

အားသာချက်များရှိသလို အားနည်းချက်များလည်း ရှိသည်။ အဓိကအားနည်းချက်မှာ ဘက်ထရီအကုန်မြန်ခြင်းဖြစ်သည်။ ဖုန်းပြောခြင်း ဓာတ်ပုံရိုက်ခြင်း စသည့် လုပ်ဆောင်ချက်အသစ်များပါလေလေ၊ ဘက်ထရီ အကုန်မြန်လေလေဖြစ်သည်။ သုံးထားသော LED Screen များသည် အရိပ်ထဲတွင် ရိုးရိုးနာရီထက်ပိုလှသော်လည်း နေရောင်အောက်တွင် မမြင်ရခြင်းကလည်း စမတ်နာရီများ၏ အဓိကအားနည်းချက်တစ်ခုဖြစ်သည်။ အခြားအားနည်းချက်မှာ ဈေးနှုန်းချိုသာအောင် ထုတ်လုပ်ထားသဖြင့် အကြံမခံခြင်းဖြစ်သည်။ မတော်တဆ ရေအနည်းငယ်စိုသည်နှင့် ပျက်စီးသွားရန် လွယ်သလို ပြင်ရန်လည်း အလွန်ခက်ခဲပြီး ပျက်သည်နှင့်စွန့်ပစ်ရမည့် အခြေအနေဖြစ်သည်။

**စမတ်နာရီဈေးကွက်အလားအလာ**

ဈေးကွက်အတွင်း ဝင်ရောက်နေသော တရုတ်နိုင်ငံထုတ် စမတ်နာရီများသည် နာမည်ကြီးအမှတ်တံဆိပ်များကို မမီသော်လည်း ဈေးနှုန်းချိုသာသဖြင့် သုံးပျော်သည်။ မော်ဒယ်အသစ်နှင့် လုပ်ဆောင်ချက်အသစ်များလည်း အချိန်နှင့် တစ်ပြေးညီဆက်တိုက်ပါဝင်လာလျက်ရှိရာ နောက်ပိုင်းတွင်လည်း ယခုထက်ပိုမိုကောင်းမွန်သော စမတ်နာရီများကို ယခုထက် ချိုသာသောဈေးနှုန်းဖြင့် ထပ်မံရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာစာစနစ် ပါဝင်ခြင်းကဲ့သို့ မြန်မာနိုင်ငံဈေးကွက်နှင့် ကိုက်ညီသော စမတ်နာရီမော်ဒယ်သစ်များလည်း ဝင်ရောက်လာနိုင်သည်။ ထို့ကြောင့် ပြည်တွင်း၌လည်း စမတ်နာရီများကို ယခုထက်ပို၍ လူသုံးများလာနိုင်ပြီး မကြာမီအချိန်အတွင်း စမတ်နာရီ တစ်ခေတ်ဆန်းလာနိုင်ဖွယ် ရှိနေသည်။ ။

## ဗိုက်ဗာ၏ သင်္ကြန်စတစ်ကာသစ်များ စတင်ထွက်ရှိ

ပြည်တွင်းမှ မိုဘိုင်းဖုန်းသုံးသူအများစု အသုံးပြုလျက်ရှိသည့် ဗိုက်ဗာက ၂၀၁၅ ခုနှစ် သင်္ကြန်မတိုင်မီအချိန်တွင် သင်္ကြန်စတစ်ကာအသစ်များကို ဧပြီ ၇ ရက်က ဖြန့်ဝေလိုက်ပြီး ဗိုက်ဗာတွင် ပထမဆုံးအကြိမ်ပါဝင်လာသော မြန်မာစတစ်ကာများဖြစ်ကာ မည်သူမဆို အခမဲ့ဒေါင်းလုတ်ရယူနိုင်သည်။

အဆိုပါစတစ်ကာများတွင် မြန်မာရုပ်ပုံများနှင့် မြန်မာစာများဖြင့် စတစ်ကာဒီဇိုင်း အခု ၂၀ ပါဝင်သည်။ စတစ်ကာ Package အမည်မှာ Happy Thingyan ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းမှ ဒေါင်းလုတ်ရယူပါက ဗိုက်ဗာအတွင်းရှိ Sticker market မှတစ်ဆင့် အခမဲ့ ရယူနိုင်သည်။ မြန်မာနိုင်ငံမှမဟုတ်ဘဲ ပြည်ပမှ ဆိုပါက Sticker market တွင် တိုက်ရိုက်မဒေါင်းနိုင်ဘဲ ဖုန်းတည်နေရာကို ပြောင်း၍ပြနိုင်သည့် Fake GPS Application များဖြင့် တည်နေရာပြောင်း၍ဖြစ်စေ၊ ပြည်တွင်းမှ စတစ်ကာဒေါင်းပြီးသူများက ပို့ပေးသည့် စတစ်ကာပုံကို နှိပ်၍ဖြစ်စေ ဒေါင်းလုတ်ရယူနိုင်ကြောင်း သိရသည်။ **သူရဖြိုး**




**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆C/၇၈၂၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

**တင်ဒါပိတ်ရက်ပြင်ဆင်ခြင်းကြေညာချက်**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူမည့် ဓာတ်ခွဲခန်းသုံးပစ္စည်း (၁၉)မျိုး Student registration and Management Software လယ်ယာသုံးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ တင်ဒါပိတ်ရက်အား ၂၄-၄-၂၀၁၅ရက် (သောကြာနေ့) ၁၆:၀၀နာရီနောက်ဆုံးထား တင်သွင်းရန်ပြင်ဆင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**




**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မူဆယ်ခရိုင်အတွင်းရှိ မြို့နယ်နှင့်မြို့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်း များအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်(ရွယ်စုံ)၊ ဖြုံးကျောက်၊ ကျောက်ရောမြေ၊ သံ၊ သစ်မာ(ရွယ်စုံ)၊ ဒေသသစ်(ရွယ်စုံ)၊ ဘိလပ်မြေ၊ သံချောင်းလုံး(ရွယ်စုံ)၊ မျော(ရွယ်စုံ)၊ ငါးထပ်သား စသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၁) (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်)

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၅-၂၀၁၅ရက် ၀၆း၃၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၅-၂၀၁၅ရက် ၀၉း၃၀နာရီ

၅။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၅၁၅

၆။ တင်ဒါလျှောက်လွှာပုံစံများကို မူဆယ်ခရိုင် အင်ဂျင်နီယာမှူးရုံးတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်းစုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**အမည်ပြောင်း**

ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ၊ တာလုံရပ်ကွက် (၃)နေ ဦးစိုင်းခမ်းလိုင်၏ သမီး နန်းအေးဟောင် ၁၃/မငန(နိုင်) ၀၀၀၁၇၂အား နန်းနန်းဟွမ်ဟု ပြောင်းလဲခေါ်ပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅/စီ)၊မြေကွက်အမှတ်(၇၉)၊မြေကွက်တည်နေရာအမှတ်(၇၉)၊ဗေယျာလမ်း၊ကြို့ကုန်း၊အင်းစိန်မြို့နယ်၊(ဦးဘိုးထွန်း)အမည်ပေါက်၊Bလ/နဒဗ(လ/န၄၅၂/ချကဉ၆နေ့စွဲ၁၆-၁-၆၂အရစိုက်ပျိုးရေးသုတေသနစခန်းမြေအဖြစ်အသုံးပြုရန်သတ်မှတ်)မြေအားဒေါ်ငြိမ်းလှဲ့ဝေ(ဘီလစ်)(၁/မညန(နိုင်)၀၉၅၆၆၄)ကရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်-၅၀/၂၀၁၂(၁၃-၆-၂၀၁၂)ရက်စွဲပါအရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု၏စီရင်ချက်နှင့်ဒီကရီ၊တရားမဓာရီမှုအမှတ်-၂၉/၂၀၁၂/၂၅-၇-၂၀၁၂ရက်စွဲပါဘီလစ်ခန့်စာတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဂ/၁၉၅၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

## ရွေးကောက်ပွဲဆိုင်ရာ မီဒီယာသင်တန်းဖွင့်

**ပုသိမ် ဧပြီ ၁၀**

မြန်မာသတင်းသိပ္ပံ Myanmar Journalism Institute ( MJI ) ကကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ သတင်းရယူပေးပို့ခြင်း သင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဧပြီ ၆ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာ ရှိကြတဲ့ သတင်းမီဒီယာသမားတွေ ရွေးကောက်ပွဲကာလတွေမှာ သတင်းဘယ်လိုရယူမလဲ၊ သတင်းရယူဖို့ ဘယ်လိုချဉ်းကပ်မလဲ၊ ဘက်လိုက်မှု မရှိတဲ့သတင်းမျိုး ဘယ်လိုရေးကြမလဲ ဆိုတာတွေသိဖို့ လာရောက်သင်တန်းပေးတာ ဖြစ်ပါတယ်"ဟု ( MJI ) မှ လက်ထောက် သင်တန်းနည်းပြ ဒေါ်အေးအေးဇင်က ပြောသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြ Mr. Francois Gerles နှင့် (MJI) မှ တာဝန်ရှိသူများက ရွေးကောက်ပွဲအကြိုနှင့် ရွေးကောက်ပွဲကာလဆိုင်ရာ သတင်းအချက်အလက်များ သတင်းရယူရေးသားတတ်စေရန်၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို မဲဆန္ဒရှင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေပြီး လူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ကို ပြည်သူများ တန်ဖိုးထားတတ်စေရန် စသည့်အချက်များကိုလည်းကောင်း၊ ဥပဒေပညာရှင် ဦးကိုနီ (တရားလွှတ်တော်)က မီဒီယာသမားများ စောင့်ထိန်းရမည့်ဥပဒေများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့သည်။

MJI သည် အဆိုပါသင်တန်းကို ရန်ကုန်၊ မန္တလေးနှင့် မြစ်ကြီးနားတို့တွင် ခြောက်ကြိမ် ပို့ချဆွေးနွေးပြီးဖြစ်ကာ ယခု (၇)ကြိမ်မြောက်အဖြစ် ဧရာဝတီတိုင်းဒေသကြီးတွင် နောက်ဆုံးပို့ချခြင်း ဖြစ်သည်။ သင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံ သတင်းမီဒီယာသမား ၁၅ ဦးနှင့် ခရိုင် ပြန်/ဆက် ဦးစီးဌာနမှ သုံးဦးတက်ရောက်ကြကြောင်းသိရသည်။ **အောင်မင်း( iprd)**

## စစ်ကိုင်းတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် မုံရွာမြို့၌ စည်ကားစွာကျင်းပမည်




**မုံရွာ ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲကျင်းပမည့် အစီအစဉ်နှင့် ပတ်သက်ပြီး "မဟာသင်္ကြန်ပွဲတော်ကို နှစ်စဉ်ကျင်းပတဲ့အတိုင်း ကျင်းပသွားမှာပါ။ သင်္ကြန်မဏ္ဍပ်များ အနေနဲ့ကတော့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန (ပြည်ထဲရေး)မဏ္ဍပ်၊ ဘဏ္ဍာရေးဝန်ကြီးဌာန မဏ္ဍပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမဏ္ဍပ်၊ သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန မဏ္ဍပ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမဏ္ဍပ်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနမဏ္ဍပ်၊ စည်ပင်သာယာရေးဝန်ကြီးဌာန မဏ္ဍပ်တို့နဲ့ ကျင်းပသွားမှာပါ။ အခုမဏ္ဍပ် တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါပြီ"ဟု တိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် မြို့နယ်ကိုယ်စားပြု အလှပြယာဉ်များလည်း ပါဝင်မည်ဖြစ်ရာ မုံရွာမြို့နယ်ကိုယ်စားပြု နွေကြိုငှက်၊ စစ်ကိုင်းမြို့နယ်ကိုယ်စားပြု မင်းဇေယျာ၊ ရွှေဘိုမြို့နယ်ကိုယ်စားပြု ရွှေနန်းအောင်မြင်၊ မြင်းမူမြို့နယ်ကိုယ်စားပြု မြဝတီ၊ ချောင်းဦးမြို့နယ်ကိုယ်စားပြု နွေဦးမောင်နှင့် ရေဦးမြို့နယ် ကိုယ်စားပြု အလှပြယာဉ်များ ပါဝင်မည်ဖြစ်ကြောင်း၊ မုံရွာမြို့ပေါ်ရပ်ကွက်များကိုယ်စားပြု အလှပြယာဉ်များအဖြစ် မြို့သစ်ရပ်ကွက် ကိုယ်စားပြု နွေဦးအလင်္ကာ၊ အိုးဘိုတောင်ရပ်ကွက်ကိုယ်စားပြု ပိတောက်လမ်းက သီချင်းသည်၊ အေးသာယာရပ်ကွက်ကိုယ်စားပြု ကာဒိုင်း၊ ဘုရားကြီးရပ်ကွက်ကိုယ်စားပြု အသံရာလုလင်၊ ရတနာပုံရပ်ကွက်မှ နွေကြိုငှက်၊ လွမ်းမောနွေ၊ မဖြိုမရင်ခွင်၊ စက်မှုဇုန်ရပ်ကွက်ကိုယ်စားပြု နွေဦးသင်္ကြန် အလှပြယာဉ်များပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် မုံရွာမြို့၌ အထက်ပါ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးဌာနကိုယ်စားပြုမဏ္ဍပ် ခုနစ်ခု၊ မြို့နယ် ကိုယ်စားပြုအလှပြယာဉ် ခုနစ်စီး၊ ရပ်ကွက်ကိုယ်စားပြု အလှပြယာဉ် ရှစ်စီးတို့ပါဝင်ဆင်နွှဲကြမည့်အပြင် ပုဂ္ဂလိကရေကစားမဏ္ဍပ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်၍ ၂၁ ဦးဒဏ်ရာရပြီး တစ်ဦးသေဆုံး

**ချောင်းဦး ဧပြီ ၁၀**

ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာအနီး မုံရွာ-မန္တလေး လမ်းမပေါ်၌ မန္တလေးမှ မုံရွာသို့ မောင်းနှင်လာ သောယာဉ်နှင့် ချောင်းဦးမှ မန္တလေးသို့ ထွက်လာသော ယာဉ်တစ်စီးတို့ ဧပြီ ၈ ရက် ညနေပိုင်းက မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါသူတစ်ဦးသေဆုံးပြီး ၂၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မန္တလေးမှမုံရွာသို့ ယာဉ်မောင်းကျော်ကျော်လွင် မောင်းလာသောယာဉ်နှင့် ချောင်းဦးဘက်မှ မန္တလေးသို့ ယာဉ်မောင်းအေးချမ်းအောင် မောင်းနှင်လာသော ယာဉ်နှစ်စီးသည် ဧပြီ ၈ ရက် ညနေ ၄ နာရီခွဲခန့်က ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာအနီး မုံရွာ-မန္တလေးလမ်းမပေါ် မိုင်တိုင် အမှတ် (၆၄/၃) နှင့် (၆၄/၄) ကြား၌ အရှိန်မထိမ်းနိုင်ဘဲ မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါသူ နတ္တလင်းမြို့နေ ဦးညွန့်မြိုင်(၅၄နှစ်)မှာ နေရာတွင်ပင် သေဆုံးခဲ့ပြီး ယာဉ်ပေါ်ပါ သူ ၂၁ ဦးမှာ ဒဏ်ရာများ ရရှိခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပြီးနောက် ဒဏ်ရာရရှိသွားသော လူနာ၂၁ ဦးကို အချိန်မီ ဆေးဝါးကုသမှုများ ဆောင်ရွက်နိုင်ရန် လူမှုကူညီရေးအသင်းများ၊ သွေး လှူရှင်အသင်းများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက မုံရွာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကာ သွေးနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ချောင်းဦးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးအရေးယူထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# မြန်မာ့သရက်သီးစိုက်ပျိုးရောင်းချနေသော တောင်သူများသို့

မရင့်မှည့်သော သရက်သီးအနုများကို ဆေးတို့ပြီး ရောင်းချခြင်းဖြင့် ရေရှည်သရက်သီးဈေးကွက်ကို ထိခိုက်နိုင်ပါသဖြင့် သရက်သီးများကို ရင့်မှည့်အောင်ထားပြီးမှ ပြည်ပဈေးကွက်သို့ ခူးဆွတ်တင်ပို့ကြပါရန် မူဆယ်မြို့ ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ အသိပေးနှိုးဆော်အပ်ပါသည်။

(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်
မူဆယ်မြို့

# COMPANY LIQUIDATION VOLUNTARY WINDING-UP OF SCMT

In accordance with the SCMT's extra-ordinary annual general meeting resolution is passed at 30th March 2015,Daw Khin Cho Kyi,B.A (Law)LL.B,LL.M,Managing Director, Myanmar Legal Services Limited is appointed as company's liquidator on that meeting.

The company's creditors standing as at 30-3-2015 balance sheet date is requested to submit their claims together with the supporting legal documents to the above mentioned liquidator not later than 2-5-2015.

**Daw khin Cho Kyi**
**Company's Liquidator**
**No.117,Inya Lake Hotel, Kabaye Pagoda Road**
**Mayangone Township,Yangon**
**Phone-657792,652740**

### တိုက်ခန်းအမြန်ရောင်းမည်

-ပေ(၂၅×၅၀)၊ ကွန်ဒိုတိုက်ခန်း၊ဓာတ်လှေကား၊ သိမ်ဖြူလမ်းမကြီးပေါ်၊ သိမ်ဖြူမှတ်တိုင်ရှေ့ (ညှိနှိုင်းဈေး)
-(၉၂)လမ်း၊ ပေ(၁၇×၅၀)၊ မြေညီနှင့်အပေါ်ထပ်တွဲ၊ (ညှိနှိုင်းဈေး)
ဖုန်း-၀၉-၅၁၅၂၇၃၈၊ ၀၉-၈၇၀၂၇၆၃

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၉၇၃၁၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/4860, Toyota Succeed NLP 5L,S/W(4x2)®ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ချို ၉/မရက(နိုင်)၀၆၆၀၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ မြေကွက်အမှတ် ၁၁၅၊ မြေကွက်တည်နေရာအမှတ် ၁၁၅၊ စိန်ပန်းမြိုင်လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးလှိုင်ဝင်း (CJ-044229) အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဖခင် ဦးလှိုင်ဝင်း၊ မိခင်ဒေါ်လှစောတို့ ကွယ်လွန်သွားကြသဖြင့် သားသမီးများဖြစ်သော (၁)ဦးဌေးလွင် ၁၂/ကမတ(နိုင်)၀၀၄၇ ၉၉၊ (၂)ဦးကျော်ကျော်လွင် ၁၂/ကမတ (နိုင်)၀၀၅၁၉၈၊ (၃)မအေးသန္တာလွင် ၁၂/ကမန(နိုင်)၀၆၈၃၄၈၊ (၄)ကိုမျိုးဇော်လွင် ၁၂/ဒဂမ(နိုင်)၀၁၄၁၁၉၊ (၅)ဦးတင်အောင်စိုး ၁၂/ဒပန(နိုင်)၀၀၀၉၄၄တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်မိခင်၊ ဖခင်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ချောင်းသာ သွားမလို့လား .....
'အောင်' တည်းခိုရိပ်သာမှ Booking လက်ခံနေပြီ။
ခရီးသွားလုပ်ငန်းများဆက်သွယ်နိုင်ပါသည်။
Ph :09-252077123, 09-2562295669

### ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၃-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(ဃ) ကန့်ကွက်ကြော်ငြာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ဖြူဖြူဝင်း၏ ပိုင်ဆိုင်မြေပုံကူးတွင် အမည်ပေါက် ဦးတင်အောင်အစား ဦးတင်အေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဥတုရာသီ တောကိုမှီ

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/ 2723၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

ကြော်ငြာ

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်သစ်တောဦးစီးဌာနမှ အောက်ဖော်ပြပါ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ခရိုင်ရုံး တစ်ထပ်အဆောက်အအုံ (၁)လုံးဆောက်လုပ်ခြင်း ပေ(၅၂×၄၂) အုပ်ညှပ်သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ရေ၊ မီးအပါအဝင်

(ခ) ခရိုင်ရုံး ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ တစ်ထပ်အဆောက်အအုံ (၁)လုံး ပေ(၄၀×၂၈)သွပ်မိုး၊ အာရ်စီ၊ ကွန်ကရစ်ခင်း၊ ရေ၊ မီးအပါအဝင်

(ဂ) မြို့နယ်ရုံး တောခေါင်းနေအိမ် (၁)လုံး ပေ(၂၄×၂၀) တစ်ထပ်၊ အုပ်ညှပ်၊ သွပ်မိုး၊ကွန်ကရစ်ခင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို ၁၁-၄-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၇-၅-၂၀၁၅ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများကို ချင်းပြည်နယ် သစ်တောဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၇၀-၂၁၁၀၇၊ ၀၇၀-၂၁၂၀၃ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

၁။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး မြို့နယ် | လုပ်ငန်းအမျိုးအစား |
|---|---|---|
| က | နေပြည်တော် ဥတ္တရသီရိမြို့နယ် | ဥတ္တရသီရိခရိုင်ရုံး၊ မြေဖြတ်၊ မြေညှိခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်း |
| ခ | နေပြည်တော် | နေပြည်တော်၊ အရေးပေါ်ကွပ်ကဲမှုဗဟိုဌာန(၁၅၀'×၆၀'×၂၄')RCC(၂)ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း |
| ဂ | ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး၊ သိုလှောင်ရုံ အမှတ်(၂)၊ အမိုး၊ ဒိုင်းမျှားတန်းများ လဲလှယ်တပ်ဆင်ခြင်း (သွပ်ဖိုးမပါ)(၈၂'×၇၂') |
| ဃ | ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး၊ သိုလှောင်ရုံ အမှတ်(၂)၊ ကြမ်းခင်းမြှင့်တင်ခြင်း (အလျား၈၁'·၅"×အနံ ၇၁'·၅"×အမြင့် ၂'·၈") |
| င | ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး၊ သိုလှောင်ရုံ အမှတ်(၁၅)၊ ကြမ်းခင်းမြှင့်တင်ခြင်း (အလျား ၁၇၀'×အနံ ၁၀၂'×အမြင့် ၂'·၈") |
| စ | ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး၊ သိုလှောင်ရုံ၊ အမှတ်(၁၅)၊ အမိုး၊ ဒိုင်း မျှားတန်းများလဲလှယ်တပ်ဆင်ခြင်း(သွပ်ဖိုးမပါ) (၈၂'×၇၂') |
| ဆ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်း၊ M+E Generator ထားရှိရန် (၃၀'×၂၅'×၁၄') ဂိုဒေါင် RC အဆောက်အအုံဆောက်လုပ်ခြင်း |
| ဇ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်း၊ (၁၂'×၁၂'×၄၀')၊ ဂါလန်(၄၅၀၀)ဆံ့ရေစင်(Pump, Piping လုပ်ငန်းအပါအဝင်)၊ Ground Tank ဂါလန်(၁၀၀၀၀) ဆံ့)၊ အပါအဝင် ဆောက်လုပ်ခြင်း |
| ဈ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်း၊ ကားဂိုဒေါင် (၁၂၅'×၂၅'×၁၄')RC အဆောက်အအုံ ဆောက်လုပ်ခြင်း |
| ည | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်းအတွင်း လမ်း(၁၃၁၆)ကျင်း၊ (၁၈')အကျယ် ကျောက်ချောလမ်း ခင်းခြင်း၊ကြိတ်ခြင်း၊မြေညှိခြင်းအပါဆောင်ရွက်ခြင်း |
| ဋ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်းထမင်းစားဆောင် ဆောင်(၁၂၀'×၆၀'×၁၄') RCC တစ်ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင် ဆောက်လုပ်ခြင်း |
| ဌ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်း၊ အိပ်ခန်းခြောက်ခန်းပါ ဧည့်ရိပ်သာ၊ (၁၀၈'×၆၀'×၁၄') RCC တစ်ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီးမိလ္လာအပါအဝင် ဆောက်လုပ်ခြင်း |
| ဍ | ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ | ဟင်္သာတသင်တန်းကျောင်းခန်းမကြီး (၁၄၀'×၇၀'×၂၄') RCC တစ်ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ စတိတ်စင်အပါအဝင် ဆောက်လုပ်ခြင်း |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁၁-၄-၂၀၁၅ မှ ၃၀-၄- ၂၀၁၅ ထိ၊ ၀၉း၃၀ နာရီမှ ၁၆း၃၀ ထိ(ရုံးချိန်အတွင်း)

